
www.burmeseclassic.com



မိုးဝေ

တင်မောင်ဆွေနှင့်

# ကောသိမြိုင်

www.burmeseclassic.com

www.burmeseclassic.com

**စိတ်ကူးချိုချိုအနုပညာ**

(၈၅)၊ ၁၆၄–လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း – ၇၂၆၆၂၄

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# ဒိုး60

တင်မောင်ဆွေ နှင့်

ကေသီမြိုင်

၂၀၀၄ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၆၇၀/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၈၁/၂၀၀၄ (၃) |

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ်<br>ပထမအကြိမ်(မြန်မာပြည်စာအုပ်တိုက်/၁၉၆၂) |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဇွန်လ၊ ၂၀၀၄ |
| တန်ဖိုး | ၆၅၀ ကျပ် |




www.burmeseclassic.com

ကေသီမြိုင်သည် အသက်အစိတ်နှင့်သုံးဆယ်ကြား တွင်ရှိသေးသော ရုပ်အလွန်လှသည့် အမျိုးသမီးတစ်ဦး ဖြစ်လေသည်။ သူမသည် စီးပွားရေးဘက်တွင်လည်း တော်တော်ကျွမ်းကျင်လှသူ ဖြစ်ခဲ့၏။ ထို့ကြောင့် လည်း သူမ၏ဖခင် ထောင်ကဲကြီးဦးဝါမြိုင် သေဆုံး သွားခဲ့သည့်နောက်တွင် ဖခင်ကြီး၏ လက်ငုတ်လုပ်ငန်း ဖြစ်သော ဟော်တယ်လုပ်ငန်းကို သူမကိုယ်တိုင် ဦးစီး၍ ကေသီမြိုင်ဟော်တယ်ဟူသောနာမည်နှင့် ဖွင့်လှစ် လုပ်ကိုင်ခဲ့ရာ・・・

ရီရီတင့်ကား ယခုမှ နာမည်ကျော်လာသော အဆိုတော် လက်သစ်တစ်ယောက် မဟုတ်ပေ။ ပြဇာတ်တွေ ခေတ်စားချိန်ကတည်းက ပြဇာတ်မင်းသမီး လုပ်ခဲ့ဖူးသူလည်း ဖြစ်ပေသည်။ တင်မောင်ဆွေက ဆိုလျှင် သူမအကြောင်းကို ကောင်းကောင်းသိထားနေသည်။ ရီရီတင့်သည် တေးဂီတဘက်တွင်သာမက အခြားသော ကိစ္စတစ်ခုတွင်လည်း နာမည်ကြီးလှသူ ဖြစ်လေသည်။ ထိုကိစ္စမှာလည်း အခြားမဟုတ်...

www.burmeseclassic.com

တင်မောင်ဆွေသည် ဝီစကီကိုစုပ်ရာက ကိုခြူးစိန်နှင့် ပတ်သက်၍ တစ်စုံတစ်ခုကို တွေးနေလိုက်လေသည်။ သူသည် ကိုခြူးစိန်နှင့်စကားပြောနေခဲ့စဉ်က ကိုခြူးစိန်သည် ဝတ်ထားသော ဟာဝေယံရှပ်အင်္ကျီ ပွပွကြီး အောက်တွင် ပွိုင့် ၂၂ အရွယ်စားဖြစ်မည့် သေနတ် ကလေးတစ်လက်ကို ပခုံးစလွယ်အိတ်နှင့် ထည့်ထား ခဲ့ကြောင်း သူ၏ဖျတ်လတ်သော စုံထောက်မျက်စိများ က သတိပြု အကဲခတ်မိခဲ့သည်။

www.burmeseclassic.com

“ကျုပ်က ဘယ်သူ့ကိုမှ ခြိမ်းခြောက်ဖို့ မလိုပါဘူး ကိုရှိန်းဖေ၊ အေး... လူများ ခြိမ်းခြောက်တာကိုလည်း ကျုပ်က ဘယ်လိုမှ မမှုတတ်ပါဘူး။ ဒီတော့ ခင်ဗျား မပြောခင် ကျုပ်က ပြောလိုက်ပါရစေ၊ ကျုပ်ဟာ မနက်ဖြန်ကျရင် ပဲခူးကိုသွားပြီး ခင်ဗျားတပည့် နှစ်ယောက်ရဲ့ လူသတ်မှုမှာ အစစ်ခံမှာပဲ၊ ခင်ဗျားတပည့် နှစ်ယောက်ဟာ ကံကောင်းရင်တော့ ကြိုးဒဏ်လွတ်မှာပဲ . . .

www.burmeseclassic.com



ပထမအကြိမ်ထုတ်ဝေစဉ်ကစာအုပ်အဖုံး

www.burmeseclassic.com

-၁-

ကျွန်တော် အမြဲမပြတ် ရေးနေသော အလွတ်စုံထောက် တင်မောင်ဆွေဝတ္ထုများကို မလွတ်တမ်း ဖတ်ရှုခဲ့သော ကျွန်တော်၏ ပရိသတ်တစ်ယောက်နှင့် တစ်ခါက ကျွန်တော်ထိုင်နေကျ 'ဝင်း' ဘားတွင် တွေ့ဆုံသိကျွမ်းရသည်၌ သူက ဤသို့ ကျွန်တော့်ကို ပြောဖူးသည်။

'ကိုမိုးဝေရဲ့ တင်မောင်ဆွေက တကယ့်ကို လူတော်ကြီး တစ်ယောက်ဖြစ်နေတာ မလွန်လွန်းဘူးလားဗျာ... လက်သီးထိုး ရာမှာလည်း ဝိတ်၊ ဂျူဒိုလည်းတတ်လိုက်သေး၊ သေနတ်ပစ်ရာမှာ ဆိုရင်လည်း မြန်လည်းမြန် မှန်လည်းမှန်လိုက်တာ လွန်ပါရော'

ယခု ထိုမိတ်ဆွေသည်သာ တစ်ခုသောညနေခင်းတွင် စုံထောက် တင်မောင်ဆွေနှင့်အတူ မြို့မစုံထောက် ဌာနချုပ်တွင် ရှိနေမည်ဆိုပါက သူသည် တင်မောင်ဆွေ သေနတ်ပစ် မြန်လည်း မြန်၍ မှန်လည်းမှန်ခြင်းကို အံ့သြနေတော့မည် မဟုတ်ပါချေ။

အကြောင်းမူ တင်မောင်ဆွေနှင့် ၎င်း၏မိတ်ဆွေ ရဲဘော် ကြီး စုံထောက်ရဲမှူးကြီး ကိုသောင်းဖေတို့သည် ဌာနချုပ်အတွင်းရှိ

ရဲအရာရှိများ၏ သေနတ်ပစ်လေ့ကျင့်ရေး အထူးခန်းထဲတွင် သေနတ်ပစ်လေ့ကျင့်နေသည်ကို တွေ့ရမည် ဖြစ်သောကြောင့်တည်း။

လူသည် ဘယ်အရာကိုမဆို လေ့ကျင့်ပေးလျှင် တတ်ကျွမ်းနိုင်သည်သာဖြစ်သည်ကို လူ့တန်ခိုးကို နားလည်ထားကြသော သိပ္ပံနှင့် အဘိဓမ္မာဆရာကြီးများက လက်ခံထားကြပြီး ဖြစ်သည်။

အလွတ်စုံထောက် တင်မောင်ဆွေသည် သူ ကျင်လည်နေရသောဘဝတွင် သေနတ်ပစ်မြန်၍ မှန်ခြင်းသည် မရှိမဖြစ်လိုအပ်သော အရည်အချင်းတစ်ခုဖြစ်နေသည်ကို သဘောပေါက်ထားရကာ ထို အရည်အချင်းနှင့် ပြည့်ဝနေရစေဖို့ကို အခွင့်ရတိုင်း လေ့ကျင့်ခဲ့တတ်သည်သာ ဖြစ်လေသည်။ လက်ဝှေ့နှင့် ဂျူဒိုပညာကိုလည်း သူ သည် ထိုနည်းတူစွာ လေ့လာဆည်းပူးခဲ့သည်သာ ဖြစ်လေသည်။ ထိုပညာတွေနှင့် ပြည့်ဝနေ၍ပင် သူသည် သာမန်လူတို့ ကျော်နိုင်ခဲသော အသက်ဘေးအန္တရာယ်အပေါင်းကို လွန်မြောက်ကျော်နင်းနိုင်ခဲ့ခြင်း မဟုတ်ပါလော။

ထိုနေ့တွင်လည်း သူသည် အလုပ် အားလပ်နေသော ညနေပိုင်းကို အချည်းနှီးမဖြစ်စေဘဲ မြို့မစုံထောက်ဌာနချုပ်သို့ သွားပြီး မိတ်ဆွေကြီး ကိုသောင်းဖေနှင့်အတူ သေနတ်ပစ် လေ့ကျင့်နေခဲ့ခြင်း ဖြစ်လေသည်။

နှစ်ယောက်သား ကိုသောင်းဖေ၏ ရုံးခန်းသို့ ပြန်တက်ခဲ့ကြကာ ကိုသောင်းဖေ မှာပေးသော ရေခဲရေကို သောက်နေကြစဉ် တင်မောင်ဆွေက မိမိအား သေနတ်ပစ်လေ့ကျင့်ရန် အခွင့်အရေးပေးခြင်းအတွက် ကျေးဇူးတင်ကြောင်းကို ကိုသောင်းဖေကြီးအား ပြောပြနေလိုက်လေသည်။

'ကျေးဇူးတင်နေဖို့ မလိုပါဘူးကွာ… မင်း သေနတ်ပစ်လက်တည့်တာကြောင့် တစ်ခါခါမှာ မင်းဟာ ငါ့ကို ရန်သူ့လက်ချက်က ကာကွယ်ပေးချင် ပေးနိုင်မှာကလားကွ' ဟု ကိုသောင်းဖေက ပြုံးပြုံးကြီးပြန်ဖြေလိုက်ရာက တစ်စုံတစ်ခုသော အကြောင်းအရာကို သတိရလာပြီး တင်မောင်ဆွေအား လှမ်းကြည့်လိုက်လေသည်။

'ဒါနဲ့ တင်မောင်ဆွေ… မင်းပါနေတဲ့ ဟိုအမှုကို မနက်ဖြန်စ,စစ်တော့မှာ မဟုတ်လားကွ'

'ဟုတ်တယ်၊ မနက်ဖြန်ကျရင် ကျွန်တော် ပဲခူးကို လိုက်သွားရတော့မယ်'

'အမှုက ဘယ်လောက်ကြာအောင် စစ်နေရမှာတဲ့လဲ ကွာ…'

'သုံးရက်ပဲကြာမယ်လို့ ပြောတာပဲဗျ… ကြာစရာလည်းအကြောင်းမရှိပါဘူး၊ ဒီကောင်နှစ်ကောင် အပြစ်ရှိတယ်ဆိုတာသေချာနေတော့ အမိန့်ချဖို့လောက်သာ ရှိတော့တာကလား'

တင်မောင်ဆွေက စိတ်ချလက်ချ အမူအရာနှင့် ပြောလိုက်သည်ကို ကိုသောင်းဖေက မကျေနပ်သည့်အလား ခေါင်းကြီးကိုယမ်းခါလိုက်လေသည်။

'အမှုကတော့ ထားပါတော့၊ ဒါပေမယ့် ဟိုအကောင့်ရန်ကရှိနေသေးသနော်…'

'ဘာလဲဗျ… ရန်လိုရှိန်းဖေကို ပြောတာလား…'

'ဘယ်သူရှိရဦးမှာလဲကွာ… မင်းဖမ်းပို့လို့ အခု ရုံးရောက်နေတဲ့ အကောင်နှစ်ကောင်က ရန်လိုရှိန်းဖေရဲ့ တပည့်ရင်းကြီး


www.burmeseclassic.com

တွေကွ… သူ့တပည့်နှစ်ယောက် မင်းကြောင့် အပြစ်ရသွားရတာကို ရန်လိုရှိန်းဖေက ကြည့်နေမှာတဲ့လားကွာ’

တင်မောင်ဆွေကမူ ရန်ကုန်မြို့၏ တန်ခိုးကြီး မြေအောက်ရာဇာ လူမိုက်ဆရာတစ်ဦး၏ ရန်ငြိုးထားခြင်းခံရသည်မှာ မဆန်းတော့ရကား… ပခုံးများကိုသာ တွန့်ပြလိုက်သည်။

‘မင်း ရဲအဖွဲ့ အကာအကွယ် လိုချင်ရင် ပြောကွနော်’

‘မလိုပါဘူးဗျာ… သူ့လိုကောင်တွေ ရန်ငြိုးထားနေတာကို ကြောက်နေရမယ်ဆိုရင် ကျွန်တော် ဒီအလုပ် ဘယ်လုပ်နေတော့မှာလဲဗျ’

ကိုသောင်းဖေလည်း နှုတ်ဆိတ်သွားတော့ပြီး သူ၏ ဆေးပြင်းလိပ်တိုကြီးကိုသာ ကောက်၍ မီးညှိနေလိုက်လေသည်။

သူတို့နှစ်ယောက် ပြောနေကြသည့်ကိစ္စကား… မကြာသေးခင်က တင်မောင်ဆွေ လိုက်ခဲ့ရသော အမှုကိစ္စတစ်ခုနှင့် ပတ်သက်၍ ဖြစ်လေသည်။

ပဲခူးနယ်မှ ရွာတစ်ရွာတွင် နိုင်ငံရေးလူသတ်မှုတစ်မှု ဖြစ်ခဲ့လေသည်။ ထိုရွာရှိ လက်ဝဲပါတီ ခေါင်းဆောင်တစ်ယောက်ကို လူတစ်စုက လူသတ်သမားငှား၍ အသတ်ခိုင်းခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အငှားလူသတ်သမားများက လူမှား၍ ရွာလူကြီးတစ်ယောက်ကို သတ်လိုက်ကြလေရာ ထိုလူကြီး၏ ဆွေမျိုးများက မခံမရပ်နိုင်ကြဘဲ လူသတ်တရားခံများကို ဖော်ထုတ်ဖို့ တင်မောင်ဆွေအား ငှားရမ်းခဲ့ကြခြင်း ဖြစ်သည်။

တင်မောင်ဆွေက လိုက်လံစုံစမ်းရာ မျက်မြင်သက်သေများမှတစ်ဆင့် လူသတ်သမားများသည် ရန်ကုန်မြို့မှ နာမည်ကြီး

ကြေးစား လူမိုက်များဖြစ်ကြသော သခေါစံကျော်နှင့် ဓားတစ်လက် စိန်ဒုံးတို့ ဖြစ်ကြသည်ဆိုသည်ကို ရိပ်မိကာ ၄င်းတို့ လာရောက် ကျက်စားနေကျဖြစ်သော ကေသီဟော်တယ်သို့ မျက်မြင်သက်သေ များကို ခေါ်သွားပြီး ၄င်းတို့ ရောက်လာသည့်အခါတွင် မျက်မြင် သက်သေများက ၄င်းတို့ပင် လူသတ်သမားများ ဖြစ်ပါသည်ဟု တညီတညွတ်တည်း ထွက်ဆိုချက်အရ အလွယ်တကူပင် ဖမ်းဆီး ရမိပြီး ရဲလက်သို့ အပ်လိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် တင်မောင်ဆွေအတွက် တစ်ခုမလွယ်သည်ကား ထိုလူမိုက်နှစ်ယောက်မှာ ယခုတစ်လော ရန်ကုန်မြို့၏ လူမိုက် လောကတွင် အင်မတန် တန်ခိုးလက်စောင်းထက်နေသည့် ရန်လို ရှိန်းဖေ ဆိုသော လူဆိုးကြီးကြီး မာစတာကြီးတစ်ဦး၏ တပည့်ရင်း ကြီးများ ဖြစ်နေရခြင်းပင်တည်း။

'ဒါနဲ့ မင်းကော အခုတစ်လော ကေသီဟော်တယ်ကို အတော်သွားနေတယ်လို့ ကြားရပါကလား၊ သတိထားကွနော်··· ကေသီဟော်တယ်ကို ရန်လိုရှိန်းဖေကလည်း မကြာမကြာ လာ တတ်တယ် မဟုတ်လား၊ မင်းတို့နှစ်ယောက် ရင်ဆိုင်မိရင် မီးပွင့် ကုန်လိမ့်မယ်ကွ'

'ရှိန်းဖေက ကေသီဟော်တယ်ပိုင်ရှင် ကေသီမြိုင်ဆိုတဲ့ အမျိုးသမီးကို လာလာ ဂေါ်နေတာပါဗျာ'

'နို့ မင်းကကော ကေသီဟော်တယ်ကို ဘာကြောင့် သွားသွားနေရတာလဲကွ'

'ကျွန်တော်ကလည်း ကေသီမြိုင်နဲ့ ဟဲ··· ဟဲ··· မိတ်ဆွေ ဖြစ်နေတယ် ဆိုပါတော့ဗျာ၊ ကျွန်တော့်ကို အဲသလို မကြည့်ပါနဲ့


www.burmeseclassic.com

ကိုသောင်းဖေ၊ ကျွန်တော်နဲ့ကေသီဟာ ရိုးရိုးတန်းတန်း ခင်နေကြတာပါဗျ ကျွန်တော် တကယ်ဂရုစိုက်တဲ့ မိန်းမဆိုလို့ မေစီကလေးတစ်ယောက်တည်းရှိတာ ခင်ဗျားလည်း အသိသားနဲ့ဗျာ…'

'တော်စမ်းပါကွာ… ငါသာ မေစီဆိုရင် မင်းလိုကောင်မျိုးစောင့်မနေဘဲ တခြားယောကျ်ားတစ်ယောက်ကို ယူလိုက်တာ ကြာလှပြီကွ'

'ဟဲ… ဟဲ… ခင်ဗျားသာ မေစီဆိုရင် ကျွန်တော်က လည်း တခြား မိန်းမတစ်ယောက်နဲ့ ဖြစ်သွားတာ ကြာလှပြီပေါ့ဗျာ၊ ကဲ… ကျွန်တော် သွားလိုက်ဦးမယ်ဗျာ…'

ကေသီဟော်တယ်သည် ယခုတစ်လော ရန်ကုန်မြို့ထဲတွင် တော်တော် ခေတ်စားနေသည်။ ရန်ကုန်မြို့တွင် စားစရာ၊ သောက်စရာ အကုန်ရကာ ခေတ်အမီဆုံးသော ဟော်တယ်တစ်ခု ဖြစ်နေသည့်အချက်အပြင် ဟော်တယ်ပိုင်ရှင် ကေသီမြိုင်မှာလည်း အဓိက ဆွဲဆောင်မှု အချက်ကြီးတစ်ရပ် ဖြစ်နေလေသည်။

ကေသီမြိုင်သည် အသက်အစိတ်နှင့် သုံးဆယ်ကြားတွင်ရှိသေးသော ရုပ်အလွန်လှသည့် အမျိုးသမီးတစ်ဦး ဖြစ်လေသည်။ သူမသည် စီးပွားရေးဘက်တွင်လည်း တော်တော်ကျွမ်းကျင်လှသူဖြစ်ခဲ့၏။ ထို့ကြောင့်လည်း သူမ၏ဖခင် ထောင်ကဲကြီး ဦးဝါမြိုင် သေဆုံးသွားခဲ့သည့် နောက်တွင် ဖခင်ကြီး၏ လက်ငုတ်လုပ်ငန်း ဖြစ်သော ဟော်တယ်လုပ်ငန်းကို သူမကိုယ်တိုင် ဦးစီး၍ ကေသီမြိုင် ဟော်တယ်ဟူသော နာမည်နှင့် ဖွင့်လှစ်လုပ်ကိုင်ခဲ့ရာ ယခုဆိုလျှင် တော့ သူမ၏ဟော်တယ်မှာ ရန်ကုန်မြို့တွင် အစွံဆုံး နာမည်အရဆုံး ဟော်တယ်ကြီးတစ်ခု ဖြစ်နေတော့သည်။

ထိုကေသီမြိုင် ဟော်တယ်သို့ တင်မောင်ဆွေသည် ညပိုင်း တွင် ရောက်သွားလေသည်။ ကေသီမြိုင်နှင့်သူသည် ကေသီ၏ဖခင် ထောင်ကဲကြီး ဦးဝါမြိုင် ရှိစဉ်ကပင် သိကျွမ်းခဲ့ကြကာ ယခုဆို လျှင်တော့ အရင်းနှီးဆုံးမိတ်ဆွေများ ဖြစ်နေကြလေသည်။ ကေသီ မြိုင်သည် သူ့အား အစ်ကိုကြီး တစ်ယောက်လိုပင် ခင်မင်အားထား နေကြောင်းကို သိထားပြီးဖြစ်၍လည်း တင်မောင်ဆွေသည် အားလပ် သည့်အခါများတွင် သူ့အသက်ဖူးလည်းဖြစ်၊ စက္ကရီတောရီလည်း ဖြစ်သည့် မေစီကိုခေါ်ကာ ကေသီမြိုင်ဟော်တယ်ကို မကြာခဏ သွားရောက် အားပေးတတ်ခြင်း ဖြစ်လေ၏။

ယခုညတွင်မူ ရန်လိုရှိန်းဖေ၏ရန်က တစ်ဖက်တွင်ရှိနေ သေးသည် ဖြစ်ရကား တင်မောင်ဆွေက မေစီ့ကို မခေါ်တော့ဘဲ တစ်ယောက်တည်းသာ ထွက်လာခဲ့လေသည်။

ဟော်တယ် ခန်းမကြီးထဲသို့ ရောက်သွားသည့်အခါတွင် အဖြူရောင် စကပ်ထမီလေးကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး ခေါင်း တွင် အဝတ်ဖြူနှင့် ချုပ်သည့် ကက်ဦးထုပ်ကလေးဆောင်းထားသော ကေသီမြိုင်ဟော်တယ်၏ စားပွဲထိုးမလေးတစ်ယောက်က တင်မောင် ဆွေအား စားပွဲတစ်လုံးတွင် နေရာချပေးလိုက်ကာ တင်မောင်ဆွေ မှာယူလိုက်သော 'ဗက်စစ်စတီနိုင်း' ဝီစကီနှင့် ဆိုဒါကို ကျင်လည် စွာ လာပို့ပေးသွားလေ၏။

ကေသီမြိုင်ဟော်တယ်၏ အခြားသော ခေတ်မီမှုနှင့် ဆွဲ ဆောင်မှုတစ်ရပ်ကား လာရောက်သော ဧည့်သည်များကို နာမည် ကျော် အဆိုတော်များကိုယ်တိုင် သီဆိုသော သီချင်းများနှင့် ဖြေဖျော် တတ်ခြင်းပင်တည်း။ သို့တစေလည်း ကေသီမြိုင်ဟော်တယ်၏


www.burmeseclassic.com

လက်စွဲတော် အဆိုတော် တစ်ယောက်ကား ရီရီတင့်ဆိုသည့် အမျိုးသမီးကလေးတစ်ယောက် ဖြစ်လေသည်။

ယခု တင်မောင်ဆွေသည် ခေတ်မီသော စားပွဲထိုးမလေးလာ ပို့သွားသော ဝီစကီဆိုဒါကို ဖိမ်ခံစုပ်ယူနေရာက တီးဝိုင်းစင်မြင့်ဆီသို့ လှမ်းကြည့်လိုက်ရာ အဆိုတော်ရီရီတင့်က သီချင်းတစ်ပုဒ် သီဆိုအသုံးတော်ခံရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရလေသည်။

ရီရီတင့်ကား ယခုမှ နာမည်ကျော်လာသော အဆိုတော်လက်သစ်တစ်ယောက် မဟုတ်ပေ။ ပြဇာတ်တွေ ခေတ်စားချိန်ကတည်းက ပြဇာတ်မင်းသမီး လုပ်ခဲ့ဖူးသူလည်း ဖြစ်ပေသည်။ တင်မောင်ဆွေကဆိုလျှင် သူမအကြောင်းကို ကောင်းကောင်းသိထားနေသည်။ ရီရီတင့်သည် တေးဂီတဘက်တွင်သာမက အခြားသော ကိစ္စတစ်ခုတွင်လည်း နာမည်ကြီးလှသူ ဖြစ်လေသည်။ ထိုကိစ္စမှာလည်း အခြားမဟုတ်၊ ယောကျ်ားများကို အရုပ်လို လှည့်စားတတ်သည်ဟူ၍ ဖြစ်လေသည်။ သူမသည် ယောကျ်ားတကာကို အရုပ်ကလေးလို ကစားနိုင်သည့် ရုပ်အဆင်းနှင့်လည်း ပြည့်စုံနေတော့ သည်။ အသားကလေးက ညိုနုကာ ရီရွန်းဝင်းလဲ့သော မျက်လုံးကြီး တွေက ညို့ဓာတ်နှင့် ပြည့်ဝလှသလောက် သူမ၏ ကိုယ်ခန္ဓာဆောက်တည်ထားပုံကလည်း အိစက်ဖွံ့ထွား၍ အချိုးအဆက် ကျလှပေရာ ယောကျ်ားတကာ ငမ်းစရာ ဖြစ်နေရလေ၏။

ယခုလတ်တစ်လော ဆိုလျှင်တော့ ရီရီတင့်သည် ရန်လိုရှိန်းဖေနှင့် မရှင်းမရှင်း ဖြစ်နေသည်ဟု တင်မောင်ဆွေ ကြားထားရလေ၏။

မကြာမီပင် ရီရီတင့်၏ တစ်မျိုးပင် ညို့ဓာတ်ပါသော

www.burmeseclassic.com


သီချင်းသံသည် စင်မြင့်မိုက်ခွက်မှ တစ်ဆင့် ပျံ့လွင့်ထွက်ပေါ်လာရာ ဆူညံနေသောအခန်းသည် သိသိသာသာကြီး ငြိမ်ကျသွားလေတော့ သည်။ တင်မောင်ဆွေသည် ဘာပဲဖြစ်ဖြစ် ရီရီတင့်သည် အဆိုတော် ကောင်းတစ်ယောက်တော့ ဖြစ်သည်ဟု စိတ်ထဲတွင် မှတ်ချက်ချ လိုက်စဉ် သူ့စားပွဲတွင် တစ်စုံတစ်ယောက်က လာထိုင်သဖြင့် မော့ ကြည့်လိုက်ရာ ဟော်တယ်ပိုင်ရှင် ကေသီမြိုင် ကိုယ်တိုင်ဖြစ်နေသည် ကို တွေ့လိုက်ရလေသည်။

'အီးဗနင်းကိုဆွေ ဒီတစ်ခါတော့ တစ်ယောက်တည်းပါက လား… မေစီကိုတော့ မခေါ်ခဲ့ဘဲကိုး…'

တင်မောင်ဆွေကတော့ ခေါင်းယမ်းပြလိုက်ကာ ကေသီ မြိုင်ကို ပြုံးပြုံးကြီးပင် မျက်စိအရသာခံ၍ ကြည့်နေလိုက်မိလေသည်။ အမှန်တော့လည်း ကေသီမြိုင်ကား မျက်စိအရသာခံချင်စရာ ကောင်း လှသော အမျိုးသမီး တစ်ဦးပင် ဖြစ်နေသည်။

ရီရီတင့် ချောပုံနှင့် ကေသီမြိုင်လှပုံသည် တခြားစီ ဖြစ် နေ၏။ ကေသီမြိုင်မှာ ထောင်ကဲသွေးတစ်ဝက် ပါသည်ဖြစ်ရကား ရီရီတင့် ညိုနုသလောက် သူမက ဖြူစင်နေသည်။ မျက်နှာကလေး ကလည်း ခပ်ဝိုင်းဝိုင်းနှင့် လှတာထက် ချစ်စရာကောင်းနေသည်။ ကိုယ်လုံးကိုယ်ထည်သည် ရီရီတင့်လောက် မတောင့်တင်း မဖွံ့ထွား လှသည့်တိုင် ကျစ်ကျစ်လျစ်လျစ်နှင့် အချိုးအဆက်ကတော့ ကျလှ ပေသည်။ ရီရီတင့်ထက် တစ်ခုသာသည်ကား အဝတ်အစားကို ခေတ်အမီဆုံးနှင့် ပသာဒအဖြစ်ဆုံး ဝတ်ဆင်တတ်ကာ ဟန်အမူအရာ အပြောအဆိုကလည်း ရီရီတင့်ထက် သိမ်မွေ့ကျနေ့ရကာ အဆင့် အတန်း မြင့်နေခြင်းပင် ဖြစ်လေ၏။


www.burmeseclassic.com

ကေသီမြိုင်သည် တင်မောင်ဆွေ ရောက်လာတိုင်းပင် ယခုလို ၄င်း၏စားပွဲတွင် လာထိုင်၍ ကိုယ်တိုင် ဧည့်ခံစကား ပြောတတ်လေသည်။

သူတို့နှစ်ယောက် စကားပြောနေစဉ်တွင် ရီရီတင့်သည် သူမ၏ သီချင်းပြီးဆုံးသွားသဖြင့် စင်မြင့်ပေါ်မှဆင်းလာကာ သူတို့ အနီးရှိ စားပွဲတွင် ဝင်ထိုင်ပြီး စားပွဲထိုးမကလေးတစ်ယောက် လာပို့သည့် ဂျင်အရက်ရောထားသော လိမ္မော်ရည်ကို သောက်နေ လိုက်လေသည်။

'ကိုဆွေ ဒီကနေ့ရောက်လာတာ ကေသီ ဝမ်းသာပါတယ်။ ဘာပြုလို့လဲဆိုတော့ ကိုဆွေ့ကို ကေသီ့မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ'

ကေသီမြိုင်သည် ရီရီတင့်က ပြုံးပြသည်ကို ခေါင်းကလေး ညိတ်ပြရာက တင်မောင်ဆွေအား ပြောလိုက်ခြင်း ဖြစ်လေသည်။

'မိတ်ဆွေ.. ဟုတ်လား'

'ဟုတ်တယ် ကိုဆွေ… မိတ်ဆွေဆို… တကယ့်မိတ်ဆွေ အဟောင်းကြီးပါပဲ။ သူ့ကို ကေသီက အတယ်ရှိစဉ်တုန်း ငယ်ငယ် ကတည်းက သိထားခဲ့ရတာ။ တကယ်တော့ ဆွေမျိုးတစ်ယောက် လိုပါပဲ…'

'သူနဲ့ ကွဲနေခဲ့ရတယ်ပေါ့… ဟုတ်လား'

'ဟုတ်တယ် သူက အလုပ်ကိစ္စနဲ့ စင်္ကာပူမှာ သွားနေနေ ရတာ အခုမှ ရန်ကုန်ကို ပြန်ရောက်လာခဲ့တာပဲ ကိုဆွေ။ ရန်ကုန် တရုပ်တန်းထဲက ပီကင်းဟော်တယ်မှာ တည်းခိုနေတယ်'

ကေသီမြိုင်သည် ပြောနေရင်းကပင် သူမ၏သေးသွယ်

www.burmeseclassic.com

ဖြူဝင်းသော လက်ကောက်ဝတ်ကလေးကို မြှောက်ကာ ပတ်ထားသည့် ကျောက်စီရွှေလက်ပတ်နာရီကလေးကို မြှောက်ကြည့်လိုက်လေသည်။

'တကယ်ဆိုရင် သူအခု ဒီရောက်လာဖို့ ကောင်းနေပြီ။ ကေသီနဲ့ သူနဲ့မတွေ့ရတာ နှစ်နှစ်တောင် ရှိသွားပြီ… ကိုဆွေရယ်။ ဟော… ပြောရင်းဆိုရင်း အသက်ရှည်ဦးတော့မယ်။ သူရောက်လာပြီ… လာ… လာ… ကိုကြီးချူး… ကေသီဖြင့် မျှော်လိုက်ရတာရှင်'

ကေသီမြိုင်သည် ပြောနေရင်းကပင် ၎င်းတို့နေထိုင်ရာ စားပွဲဆီသို့ လျှောက်လာသည့် လူတစ်ယောက်အား လှမ်းကြည့်လိုက်ပြီး ထိုင်ရာမှထကာ ဝမ်းသာအားရကြီး နှုတ်ဆက်လိုက်ခြင်း ဖြစ်လေသည်။ တင်မောင်ဆွေကလည်း ထိုင်နေရာကပင် ထိုလူအား မော့ကြည့်လိုက်လေသည်။

ရောက်လာသူမှာ အရပ်ပုပြတ်ပြတ်နှင့် ကိုယ်လုံးကိုယ်ထည် တော်တော် တောင့်တင်းပုံရသော အသက် ၄၀ ခန့်ရှိ လူတစ်ယောက် ဖြစ်နေသည်။ ပသျှူးပါတိတ်ဆင် ဟာဝေယံ ရှပ်အင်္ကျီပွပွနှင့် သက္ကလပ်အပျော့စား ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ ၎င်း၏ ဦးခေါင်းမှာ ဘေးတစ်ဖက်တစ်ချက်၌သာ ဆံပင်ခပ်ပါးပါး ပေါက်နေသဖြင့် ထိပ်ပြောင်ကြီး ဖြစ်နေတော့သည်။

ကေသီမြိုင်သည် ရွှင်လန်းအားရသော မျက်နှာကလေးနှင့် ထိုလူကြီးအား တင်မောင်ဆွေနှင့် မိတ်ဆက်ပေးလိုက်သည်။

'ကိုတင်မောင်ဆွေ ကျွန်မရဲ့ အခင်မင်ဆုံး မိတ်ဆွေကြီး တစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေရှင်… သူက ကိုချူးစိန်တဲ့…၊


www.burmeseclassic.com

ကိုကြီးခြူး… သူကတော့ ကိုတင်မောင်ဆွေတဲ့… ကေသီ့မိတ်ဆွေ တစ်ယောက်ပါပဲ'

'တွေ့ရတာ ဝမ်းသာပါတယ်… ကိုတင်မောင်ဆွေ'

ကိုခြူးစိန်ဆိုသူက လက်ကမ်းပေးလိုက်သဖြင့် တင်မောင်ဆွေကလည်း ဆွဲကိုင်လှုပ်ယမ်းလိုက်ရသည်။

'ကဲ… ကဲ… ကိုကြီးခြူး… ထိုင်ပါဦး… ကိုကြီးခြူး မျက်နှာကို အားရပါးရ ကြည့်ပါရစေဦး…'

ကေသီမြိုင်သည် ကိုခြူးစိန်၏ လက်နှစ်ဖက်ကို ဆွဲကိုင်ကာ သူမနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ခိုင်းလိုက် သည်။ သူမ ၏အမူအရာမှာ အင်မတန်မှ ဂရုတစိုက်ရှိလွန်းလှရကား ဤကိုခြူးစိန်သည် ကေသီမြိုင့်အတွက် အထူးခင်မင်ဖွယ်ရာ လူ တစ်ယောက် ဖြစ်ချေမည်ဟု တင်မောင်ဆွေက ကျိတ်၍ မှတ်ချက် ချလိုက်မိလေ၏။

ကိုခြူးစိန်ကလည်း ကုလားထိုင်တွင် ဝင်ထိုင်ရာကပင် ကေသီမြိုင်မျက်နှာကို အားရလှသော အပြုံးကြီးနှင့် လှမ်းကြည့် လိုက်သည်။

'ကိုယ်တို့ ကေသီကတော့ အရင်ကထက်တောင် ပိုပြီးလှ၊ ပိုပြီး ချစ်စရာကောင်းလာသေးတယ်ကွာ… ဒီကောင်မကလေးကို ကျွန်တော်က နပ်ချေးတွဲလောင်း ပေါက်စနကလေးအရွယ်တည်းက ကျွန်တော် သိလာရတာ… ကိုတင်မောင်ဆွေ။ အဲဒီတုန်းကတော့ ဒီကောင်မလေးဟာ ဒါလောက်တောင် လှလာလိမ့်မယ်လို့ ကျွန်တော် မထင်မိခဲ့ပါဘူးဗျာ…'

'ကေသီမြိုင်ဟာ… သိပ်လှတယ်ဆိုတဲ့ စကားကိုတော့…

ကျွန်တော်က လှိုက်လှိုက်လှဲလှဲကြီး ထောက်ခံပါတယ်… ကိုချြုး စိန်…’

ကိုချြုးစိန်သည် သဘောကျစွာ ရယ်လိုက်ပြီးမှ မျက်နှာ ရုတ်တရက် ပြန်တည်သွားကာ ကေသီမြိုင်အား လှမ်းကြည့်လိုက်ပြန်၏။

‘ကေသီ… ကိုယ် ဒီမှာ ကြာကြာ မနေနိုင်ပါဘူးကွယ်… ဟော်တယ်ကို ပြန်အိပ်ချင်တယ်။ ကိုယ်ဟာ ခရီးတော်တော် ပန်း လာတာ ကွယ့်။ ဒီတော့ ကိုယ်ခုနက ဖုန်းနဲ့ပြောခဲ့ရတဲ့ စကားကို အခုဆက်ပြီး ပြောပါရစေ’

‘ပြောစရာစကားရှိရင်လည်း… လွတ်လွတ်လပ်လပ် စကားပြောကြပါဗျာ… ကျွန်တော့်ကိုတော့ အားနာမနေပါနဲ့’

တင်မောင်ဆွေက အလိုက်သိတတ်စွာ ရှောင်ပေးမည်ဟု ထလိုက်သော်လည်း ကေသီမြိုင်က ကပျာကရာ သူ့လက်ကို လှမ်း ဆွဲထားလိုက်သည်။

‘အို… ကိုဆွေ… ထိုင်ပါ၊ ပြောစရာရှိတာကို ကိုဆွေ ရှေ့မှာ ပြောလို့ရပါတယ်’

ကေသီမြိုင်သည် တင်မောင်ဆွေအား လှမ်းကာထားရာက ကိုစိန်ချြုးဘက်သို့ ပြုံးပြုံးကလေး မေးငေါ့ပြလိုက်သည်။

‘ဟောဒီလူကြီးက… ကေသီ့ကို ကြွေးဆပ်စရာ ရှိနေ တယ်လို့ ထင်နေတာရှင့်… အမှန်တော့ မရှိတော့ပါဘူး’

‘မဟုတ်ဘူး… ကိုတင်မောင်ဆွေ… သူ့ကျေးဇူးက ကျွန်တော့်ဆီမှာ အများကြီး ရှိနေတာဗျ’

‘အို… ကိုကြီးချြုးကလည်း… မဟုတ်တာဘဲ’

ကိုချြုးစိန်သည် တင်မောင်ဆွေဘက်သို့ လှည့်လိုက်၏။

'ဒီလိုဗျ… ကိုတင်မောင်ဆွေ… ကျွန်တော်က စီးပွားရေး လုပ်ငန်းတစ်ခု လုပ်နေတာဗျ။ မြန်မာပြည်က ယွန်းထည်အစရှိတဲ့ လက်မှု ပညာပစ္စည်းတွေကို စင်္ကာပူက တစ်ဆင့် ကမ္ဘာကို ဖြန့်ပြီး ရောင်းတဲ့ လုပ်ငန်းပါပဲ… ကျွန်တော် စင်္ကာပူမှာ သွားနေပြီး အဲဒီလုပ်ငန်းကို ဦးစီးနေရတာပါ။ ဒီလုပ်ငန်းကို ကျွန်တော်တို့ လုပ်လာတာ နှစ်နှစ်ရှိပါပြီ။ အကျိုးလည်း တော်တော်ရှိပါတယ်… တကယ်လို့ မူလကသာ ဟောဒီက ကေသီ့ဆီက အကူအညီ မရခဲ့ ရင် ကျွန်တော်ဟာ ဒီလုပ်ငန်းကို စတင် ထူထောင်နိုင်ခဲ့မှာတောင် မဟုတ်ဘူးဗျ…'

'ကိုကြီးခြူးကလည်း မိတ်ဆွေအချင်းချင်းမို့ ကူညီတာပဲရှင့် ကေသီ့ကို အထူးကျေးဇူးတင်နေစရာတောင် မလိုပါဘူး…။ ဒီလို ကိုဆွေရယ်… သူက အဲဒီလုပ်ငန်းကို စလုပ်ဖို့ ငွေနည်းနည်းလိုတာနဲ့ ကေသီ့မှာလည်း ငွေလွယ်တာနဲ့ ထုတ်ချေးလိုက်တာပါ။ ဒီငွေတွေကို သူက အကျေအလည် ပြန်ဆပ်ပြီးပါပြီ…'

ကေသီက ပြုံးပြုံးကလေး ဝင်ပြောလိုက်သည့်တိုင် ကိုခြူး စိန်မှာ ကျေနပ်သေးပုံမရ…

'အကြွေးဆပ်တာက တခြားပဲ ကေသီရယ်… ကျေးဇူးက ကျေးဇူးပဲကွယ့်… ကျေးဇူးဆပ်တဲ့အနေနဲ့ သူကျွန်တော့်ကို ချေးခဲ့ တဲ့အတွက် အတိုးယူပါဆိုတာကိုလည်း သူက မယူဘူးလေ… တကယ်လို့ သူသာ အဲဒီတုန်းက ငွေထုတ်မချေးခဲ့ရင် ကျွန်တော်ဟာ အခုလုပ်ငန်းကို လုပ်နိုင်မှာ မဟုတ်ပါဘူး… အရင်တုန်းကဆိုရင် ကျွန်တော်ဟာ အသက်အာမခံ ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့တာဗျ… ဟာ… ဟုတ်ပြီ ဒါပဲ ကောင်းပါတယ်…'

 www.burmeseclassic.com 

ကိုခြူးစိန်သည် စကားပြောနေရာက အကြံတစ်စုံတစ်ခု သတိရလာသည့်အလား စားပွဲကို လက်ဝါးနှင့် အားရပါးရ ပုတ်လိုက်လေသည်။

'ဟုတ်ပြီ… ကေသီ့ကို ကျေးဇူးဆပ်နိုင်တဲ့နည်း တွေးမိပြီ။ ကေသီ့ကို ကျေးဇူးတင်တဲ့အနေနဲ့ ကိုယ်က ကိုယ့်အသက်ကို ကေသီ့အတွက် အာမခံလုပ်ပေးမယ် ကေသီ။ ဟုတ်ပြီ ကေသီ ဘာမှ ပြောမနေနဲ့တော့။ ကေသီ့ကို ကျေးဇူးဆပ်နိုင်တဲ့နည်းဟာ အဲဒီနည်းပဲရှိတယ်… မဟုတ်ဘူးလား ကိုတင်မောင်ဆွေရာ…'

ကိုခြူးစိန်သည် ကေသီမြိုင့်အား ကျေးဇူးဆပ်ရန် သူ၏ စိတ်ကူးကို တင်မောင်ဆွေဘက်သို့လှည့်၍ ထောက်ခံချက် တောင်းလိုက်လေသည်။ ကေသီမြိုင်က ၎င်းအား ဟန့်တားဖို့ ကြိုးစားသော်လည်း ၎င်းက အတားအဆီးမခံဘဲ စကားကို အခြား အကြောင်းအရာများဘက်သို့ အတင်းပြောင်းပစ်လိုက်လေ၏။

ကိုခြူးစိန်သည် ကေသီမြိုင် မှာလိုက်သော ဝီစကီတစ်ခွက်ကို သောက်ပြီးသည့်နောက်တွင် လက်ပတ်နာရီကို ကြည့်လိုက်လေသည်။

'ကဲ… ကိုယ်ပြန်ဦးမှပဲ ကေသီရယ်… ဒီညတော့ ကိုယ်ကောင်းကောင်း အိပ်ပစ်လိုက်မယ်ကွယ့်… မနက်ဖြန်ကျရင်တော့ အလုပ်တွေသိပ်များမှာ၊ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်ပြီး စိတ်ညစ်စရာလေးတွေ ရှိနေတယ်လေ…၊ ဒါပေမယ့် မနက်ဖြန်ကျရင်တော့ ကိုယ်ခုနကပြောတဲ့ အတိုင်းကေသီ့အတွက် ကိုယ့်အသက် အာမခံသွားလုပ်လိုက်ပါ့မယ်… မနက်ဖြန်ညကျတော့ အသက်အာမခံစာချုပ်ကိုပါ တစ်ပါတည်းယူပြီး ကေသီ့ကို တစ်ခေါက်လာခဲ့ပါ


www.burmeseclassic.com

ဦးမယ်…၊ ဒါပေမယ့် နောက်တော့ကျလိမ့်မယ်။ မနက်ဖြန်ည ၁၁ နာရီမှာ ကိုယ့်အလုပ်နဲ့ ပတ်သက်ပြီး ချိန်းထားတဲ့ ကိစ္စတစ်ခု ရှိနေသေးတယ်… အဲဒီက ပြီးပြီးချင်း ကိုယ် ကေသီ့ဆီကို လာခဲ့ပါ့မယ်ကွယ်…'

ကိုချြုးစိန်သည် စကားကို တောက်လျှောက် ပြောရာက တင်မောင်ဆွေဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ… နောက်တော့လည်း အခွင့်သင့်ရင် တွေ့ကြရသေးတာပေါ့… ဒါနဲ့ ခင်ဗျားကလည်း ကျွန်တော့်လို စီးပွားရေးသမား တစ်ယောက်ပဲလားဗျာ…'

'မဟုတ်ပါဘူးကွာ… သူက ပရိုက်ဗိတ် ဒီတက်တစ်ဖ်အလွတ်စုံထောက်လေ… ရန်ကုန်မှာတော့ နာမည်ကြီးပေါ့ရှင်…'

ကိုချြုးစိန်၏ မေးမြန်းချက်ကို ကေသီမြိုင်က ဝင်ဖြေလိုက်ခြင်း ဖြစ်လေသည်။ ထိုအခါတွင် ကိုချြုးစိန်သည် တော်တော်စိတ်ဝင်စားသွားသည့်အလား တင်မောင်ဆွေမျက်နှာကို စူးစိုက်၍ကြည့်လိုက်၏။

'လက်စသတ်တော့ ခင်ဗျားက အလွတ်စုံထောက် တစ်ယောက်ကိုးဗျ… အင်း… တော်တော်တိုက်ဆိုင်တယ်လို့ ခေါ်ရ မှာပဲ။ တကယ်လို့များ ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်ငှားဖို့လာမယ်ဆိုရင် ခင်ဗျားဆီကိုပဲ ပြေးလာရမှာပဲ'

ကိုချြုးစိန်သည် ရယ်စရာ ပြောသလိုလို အတည်ပြောသလိုလိုနှင့် ပြောပြီးနောက် လက်ပတ်နာရီကို ကြည့်ပြန်ကာ သွားဦးမှပဲဆိုလျက် ထွက်သွားရာ ကေသီမြိုင်ကလည်း ၄င်းအား အပြင်ထိလိုက်ပို့ပေးလေသည်။

စားပွဲတွင် ကျန်ရစ်ခဲ့သော တင်မောင်ဆွေသည် ဝီစကီကို စုပ်ရာက ကိုခြူးစိန်နှင့်ပတ်သက်၍ တစ်စုံတစ်ခုကို တွေးနေလိုက်လေသည်။ သူသည် ကိုခြူးစိန်နှင့် စကားပြောနေခဲ့စဉ်က ကိုခြူးစိန်သည် ဝတ်ထားသောဟာဝေယံရှပ်အင်္ကျီ ပွပွကြီးအောက်တွင် ပို့င့် ၂၂ အရွယ်စားဖြစ်မည့် သေနတ်ကလေးတစ်လက်ကို ပခုံးစလွယ်အိတ်နှင့် ထည့်ထားခဲ့ကြောင်း သူ၏ဖျတ်လတ်သော စုံထောက်မျက်စိများက သတိပြု အကဲခတ်မိခဲ့သည်။ ယခု သူတွေးမိနေသည်ကား ကိုခြူးစိန်လို ကုန်သည်စီးပွားရေးသမားတစ်ယောက်က သေနတ်တစ်လက်ကို အဘယ်ကြောင့် ဝှက်၍ ဆောင်ထားလေသနည်းဟူသည့် အချက်ပင် ဖြစ်လေသည်။ အချို့သော ကုန်သည်များသည် သေနတ်ကို လိုင်စင်နှင့်ကိုင်ကြသည်မှန်သော်လည်း ရှိုးသက်သက်အဖြစ် ခါးတွင် ငေါက်တောက်ထိုး၍ ကိုင်ဆောင်တတ်ကြသည်သာ ဖြစ်၏။ ယခု ကိုခြူးစိန်ကား သေနတ်ကို ဝှက်၍ကိုင်ဆောင်ခြင်းဖြစ်ရာ ရှိုးထုတ်ရန် မဟုတ်ဘဲ ရည်ရွယ်ချက်တစ်ခုတော့ ရှိမည် ဖြစ်လေ၏။

တင်မောင်ဆွေသည် ပခုံးများကို တွန့်လိုက်မိကာ လက် ကျန်ဝီစကီကို မော့ချလိုက်လေသည်။ ကုန်သည် ကိုခြူးစိန် တစ် ယောက် သေနတ်ဆောင်ထားခြင်းသည် တကယ်တော့ သူနှင့်ဘာမှ ဆိုင်သည် မဟုတ်ပါချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၂-

တင်မောင်ဆွေက ဝီစကီဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်စဉ် လက်ကြီးတစ်ဖက်က သူ့ပခုံးပေါ်သို့ လေးလံစွာကျရောက်လာသည်။

'စုံထောက်စုတ်က ဒီမှာလာ ဇိမ်ကျနေပါကလား။ ကျွန် တော်ဆော်ထည့်လိုက်ရမလား ကိုရှိန်းဖေ'

ထိုအသံသည် စွာကျယ်ကျယ်နှင့် သူ့နောက်မှပေါ်လာခြင်းဖြစ်ရာ အသံရှင်မှာ လူဆိုးတို့၏အဓိပတိ ရန်လိုရှိန်းဖေ၏ ညာလက်ရုံး ဘော်ဒီဂတ် စိန်ကုလားပင်ဖြစ်သည်ကို တင်မောင်ဆွေက မော့မကြည့်ဘဲ သိလိုက်မိလေသည်။

'စိန်ကုလား မင်း အေးအေးနေစမ်းကွာ'

ထိုအသံကတော့ ခပ်အေးအေးပင် ဖြစ်လေသည်။ လောကကြီးတွင် ဘာကိုမှ မှုစရာမရှိ၍ အေးအေးဆေးဆေး ဖြစ်နေသောအသံမျိုးပင်တည်း။

'ဒီမှာ... ကိုရှိန်းဖေ ခင်ဗျားရဲ့ လူမိုက်နလပိန်းတုံးကို ခေါ်သွားရင် ကောင်းလိမ့်မယ် ထင်တယ်။ ကျုပ် ဒီအထိ သည်းခံ


www.burmeseclassic.com

www.burmeseclassic.com

နေရတာ ကေသီမြိုင့်ဟော်တယ်ထဲမှာ ရုတ်ရုတ် ရုတ်ရုတ် မဖြစ်ချင်လို့ပဲ'

'ဟား... ဟား... ဟား... ဒီစုံထောက်က လေတော့ တော်တော်ကျယ်တာပဲ ကိုရှိန်းဖေ'

စိန်ကုလားသည် ရယ်သွမ်းသွေးလိုက်ရာက ကေသီမြိုင်ထိုင်သွားသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။ စိန်ကုလားသည် လူမိုက်အဓိပတိကြီးတစ်ယောက်၏ ကိုယ်ရံတော်ဘော်ဒီဂတ်ဖြစ်ထိုက်သူ တစ်ယောက်ပင်တည်း။ ၎င်းသည် ရွှေမန်းမှ ပသီနွယ်ဖြစ်ရကား အသားညိုမည်းလှသလောက် ရုပ်ကလည်း ကြောက်စရာကောင်းလှပေသည်။ ကိုယ်ခန္ဓာကလည်း ကြီးမားတုတ်ခိုင်လှလေရာ တော်ရုံတန်ရုံ လူတစ်ယောက်ကဆိုလျှင် သူ့အား အဝေးကကွင်းရှောင်သွားလိမ့်မည်သာ ဖြစ်လေ၏။

ယခု သူသည် တင်မောင်ဆွေအား မခိုးမခန့် သွားဖြဲကာ စကားပြောနေပြန်သည်။

'တကယ်တော့... ခင်ဗျားကို ကျုပ် တော်တော် သဘောကျပါတယ် ကိုတင်မောင်ဆွေ၊ သွားခေါတို့နှစ်ကောင်ကို ခင်ဗျား လုပ်ထားတဲ့ကိစ္စက ရှိပေမယ့် အခုထက်ထိတော့ ကျုပ်နဲ့ ဘာမှမဆိုင်သေးဘူးလေ၊ ဆိုင်လာတဲ့အခါကျရင်တော့ ဟဲ... ဟဲ... ခင်ဗျား မိုက်လှချေဆိုပြီး နာမည်ကြီးနေတာဟာ တကယ် ဟုတ် မဟုတ် ကျုပ်နဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ကြရတာပေါ့ ဟုတ်လား'

'ဒီမှာ... စိန်ကုလား... မင်းနဲ့ငါ တစ်ပွဲတစ်လမ်း မစမ်းရသေးခင်စပ်ကြားမှာ ဘာပြုလို့ ငါ့ကို လာလေကန် အချိန်ဖြုန်းနေရတာလဲ... မင်းငမ်းနေတဲ့ အဆိုတော်ရီရီတင့် ဟိုစားပွဲမှာ တစ်


www.burmeseclassic.com

ယောက်တည်းထိုင်နေတယ်။ သူနဲ့ သွားစကားပြောချေလကွာ၊ ဒါမှ မဟုတ်ရင် ဆရာရှေ့မှာမို့ သွားငမ်းချင်ရက်နဲ့ ဟန်ဆောင်နေရတာလားကွ'

စိန်ကုလားသည် သူ့ဆရာ ရန်လိုရှိန်းဖေ၏ အဆက်ဖြစ်နေသော ရီရီတင့်အား တိတ်တိတ်ကြိတ်၍ ငမ်းနေသောအဖြစ်ကို သိထားသည်။ တင်မောင်ဆွေက တမင်နှက်လိုက်ခြင်းဖြစ်ရာ စိန်ကုလားသည် မျက်စိမျက်နှာပျက်သွားလေတော့သည်။ ပြီးမှ ကပျာကရာ ရယ်ပစ်လိုက်ရာက-

'ခင်ဗျားက မဟုတ်တာတွေကိုတော့ ပြောတတ်ပါရဲ့ ကိုတင်မောင်ဆွေ'

ဟု ကပျာကရာ စကားဖာပစ်လိုက်သည်။

'ကဲ… မင်း ပြီးပြီလား စိန်ကုလား'

စိန်ကုလားဘေးတွင် ရပ်နေသော ရှိန်းဖေက ခပ်ဆတ်ဆတ် မေးလိုက်ခြင်းဖြစ်သည်။

'ဆရာ…'

'ငါနဲ့ တင်မောင်ဆွေ နှစ်ယောက်တည်း စကားပြောချင်တယ် စိန်ကုလား၊ ဒီတော့ မင်း တင်မောင်ဆွေနဲ့ စကားပြောပြီးသွားရင် ငါ တဆိတ် ပြောပါရစေလား၊ ခုနက တင်မောင်ဆွေ ပြောခဲ့သလိုပဲ မင်း ရီရီတင့်နဲ့ သွားစကားပြောနေရင် ကောင်းမယ်ထင်သကွ'

'ကောင်းပါပြီ… ကိုရှိန်းဖေ၊ ခင်ဗျားသဘောအတိုင်းပါပဲ၊ ရီရီတင့်နဲ့ စကားပြောရမယ်ဆိုရင် ကျွန်တော်က ကျေနပ်ပြီးသားပါဗျ'

www.burmeseclassic.com

စိန်ကုလားသည် ပြောပြောဆိုဆိုပင် ထိုင်ရာမှထကာ ရီရီတင့် ထိုင်နေသောစားပွဲဆီသို့ ၄င်း၏ကြီးမားသော ကိုယ်ခန္ဓာကြီးကို သယ်ယူသွားတော့သည်။ ထိုအခါမှ ရန်လိုရှိန်းဖေကလည်း တင်မောင်ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ရန်လိုရှိန်းဖေ၏ ရုပ်အသွင်ကား သူသည် ရန်ကုန်မြို့၏ လူမိုက်လောကကို ချုပ်ကိုင်ထားနိုင်သော လူမိုက်အဓိပတိကြီး တစ်ယောက် ဖြစ်သည်ဟု ဘယ်လိုမှထင်မှတ်စရာ မရှိချေ။ ကိုယ်ခန္ဓာသေးသွယ်ကာ ဥရောပဝတ်စုံကို နက်ကတိုင်ကအစ သပ်ယပ်စွာ ဝတ်ဆင်ထားပြီး ရွှေကိုင်းမျက်မှန်ကလေးကိုပါ တပ်ထားရကား ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဟု ထင်မှတ်စရာ ဖြစ်နေ၏။

သို့တစေလည်း ၄င်းသည် ရန်ကုန်မြို့၏ ဒုစရိုက်လုပ်ငန်းတစ်ဝက်ကျော်ကို ကြိုးကိုင်ထားကာ ၄င်း၏ ပါးစပ်အမိန့်ဖြင့်ပင် လူပေါင်းလေးငါးယောက်သည် ဤလောကကြီးကို စွန့်ခွာသွားခဲ့ပြီဆိုသည်ကိုတော့ တင်မောင်ဆွေက ကောင်းစွာ သိထားနေမိ၏။

'ကိုရှိန်းဖေ… ခင်ဗျားရဲ့ အသည်းနှလုံးနဲ့ ခင်ဗျားရဲ့ ကြွက်သားကတော့ တော်တော်ပဲ ရှေ့သွားနောက်လိုက်ညီလှပါပေတယ်'

တင်မောင်ဆွေက တစ်ဖက်စားပွဲတွင် ရယ်ရယ်မောမော စကားပြောနေကြသည့် ရီရီတင့်နှင့် စိန်ကုလားတို့ဘက်သို့ မေးငေါ့ပြကာ တမင်သက်သက်ပင် ထေ့လိုက်လေ၏။

ရှိန်းဖေကတော့ သူ၏ ရွှေကိုင်းမျက်မှန်ထဲမှ သေးငယ်သော မျက်လုံးအစုံနှင့် တင်မောင်ဆွေအား အေးအေးစက်စက်ကြီး စိုက်ကြည့်လိုက်ကာ နှုတ်ခမ်းများကို


www.burmeseclassic.com

မသိမသာကလေး တွန့်လိုက်လေ၏။

'ရီရီတင့်နှင့် စိန်ကုလားတို့နှစ်ယောက်ကိစ္စကို ကျုပ် သိထားပါတယ် ကိုတင်မောင်ဆွေ၊ ခင်ဗျားပြောဖို့ လိုမယ်မထင်ပါဘူး၊ သူတို့ကို ကျုပ် တမင်သက်သက် ကြည့်ထားနေတာပါ၊ ကျုပ်စီစဉ်ချိန်တန်တော့ ကျုပ်ဘာသာကျုပ် ကြည့်စီစဉ်ပါ့မယ်၊ လောကကြီးမှာ ရှိန်းဖေကို ဘယ်သူမှ အရူးလုပ်လို့မရပါဘူး၊ ဘယ်သူကမှလည်း ဒုက္ခပေးလို့ရမယ် မဟုတ်ဘူး ဆိုတာကိုလည်း ခင်ဗျားနားလည်ထားစမ်းပါ ကိုတင်မောင်ဆွေ'

'ကျုပ်က ခင်ဗျားကို ဒုက္ခပေးနေတယ်ဆိုပါတော့ ဟုတ်လား ကိုရှိန်းဖေ...'

တင်မောင်ဆွေက လိုရင်းကိုပင် တိုက်ရိုက်မေးချလိုက်ရာ ရှိန်းဖေ၏ နှုတ်ခမ်းပါးကလေးတွေက မသိမသာပင် တွန့်သွားကြပြန်၏။

'အခုထက်ထိတော့ ခင်ဗျားဟာ ဒုက္ခမပေးသေးပါဘူး ကိုတင်မောင်ဆွေ၊ ခင်ဗျားနဲ့ကျုပ်ဟာ တစ်ခါမှ အတိအလင်း ရင်မဆိုင်ကြရသေးပါဘူး'

'ဒီမှာ ကိုရှိန်းဖေ ခင်ဗျားကိုလည်း ကျုပ် တစ်ခုပြောပါရစေ၊ ခင်ဗျားက ကျုပ်နဲ့ရင်ဆိုင်ချင်တယ်ဆိုရင်လည်း အချိန်မရွေးပါပဲ။ ခင်ဗျားဟာ ရန်ကုန်က လူမိုက်တွေအပေါ် တော်တော်ဩဇာရှိနေတဲ့ လူမိုက်အဓိပတိကြီးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ခင်ဗျားထက် အရင်ကျတဲ့ လူမိုက်အဓိပတိကြီးတွေကို ကျုပ် ရင်ဆိုင်ခဲ့ရတာ များလှပါပြီ၊ အခုဆိုရင် သူတို့ မရှိကြတော့ဘူး၊ ကျုပ်ကတော့ ရှိနေတုန်းပဲ'

www.burmeseclassic.com

ရှိန်းဖေသည် နှုတ်ခမ်းပါးများကို တင်းကြပ်စွာ စေ့ထားလိုက်ပြီး မျက်မှန်ထဲမှ မျက်လုံးသေးကလေးတွေနှင့် အေးစက်စွာ စိုက်ကြည့်သည်။ ပြီးမှ–

'ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်နေတာလား ကိုတင်မောင်ဆွေ'

'ကျုပ်က ဘယ်သူ့ကိုမှ ခြိမ်းခြောက်ဖို့ မလိုပါဘူး ကိုရှိန်းဖေ၊ အေး… လူများ ခြိမ်းခြောက်တာကိုလည်း ကျုပ်က ဘယ်လိုမှ မမှုတတ်ပါဘူး၊ ဒီတော့ ခင်ဗျား မပြောခင် ကျုပ်က ပြောလိုက်ပါရစေ၊ ကျုပ်ဟာ မနက်ဖြန်ကျရင် ပဲခူးကိုသွားပြီး ခင်ဗျားတပည့်နှစ်ယောက်ရဲ့ လူသတ်မှုမှာ အစစ်ခံမှာပဲ၊ ခင်ဗျားတပည့်နှစ်ယောက်ဟာ ကံကောင်းရင်တော့ ကြိုးဒဏ်လွတ်မှာပဲ၊ အဲဒါ ခင်ဗျားက ကျုပ်ကို ခင်ဗျားတပည့် လူမိုက်တွေနဲ့ လွှတ်ပေးမယ်ဆိုရင်လည်း ကျုပ်က ရင်ဆိုင်ဖို့ အသင့်ပါပဲ၊ ရှင်းပလား ကိုရှိန်းဖေ'

ရှိန်းဖေက ခေါင်းကို ဖြေးညှင်းစွာ ညိတ်လိုက်သည်။ ပြီးမှ ပကတိအေးစက်သော အသံနှင့်ပင် ပြန်ဖြေလိုက်၏။

'ရှင်းပါပြီ ကိုတင်မောင်ဆွေ၊ ဒီတော့ ခင်ဗျား ရှင်းသွားအောင်လည်း ကျုပ်က တစ်ခုတော့ ပြောပါရစေ၊ ခင်ဗျားဟာ နာမည်ကြီး အလွတ်စုံထောက်တစ်ယောက်ပါပဲ၊ ခင်ဗျားဟာ အရင်က နာမည်ကြီး လူမိုက်အဓိပတိတွေကို ရင်ဆိုင်ဖူးခဲ့ပြီး သူတို့ကို ချေမှုန်းနိုင်ခဲ့တာကိုလည်း ကျုပ် သိထားပါတယ်၊ ဒါပေမယ့် သူတို့ဟာ ကျုပ် မဟုတ်ဘူးဆိုတာကိုတော့ ခင်ဗျား နားလည်ထားပါ ကိုတင်မောင်ဆွေ… ကျုပ်နဲ့ကျရင်တော့ ခင်ဗျားဟာ ကျုပ် ခြေဖနောင့်အောက်မှာ မှုန့်မှုန့်ညက်ညက်ကျေသွားရလိမ့်မယ်၊ ကျုပ်ပြောချင်


www.burmeseclassic.com

တာကတော့ ဒါပါပဲ’

ရန်လိုရှိန်းဖေသည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ထိုင်ရာ မှ ထလိုက်ကာ တမင်သက်သက်ပင် တင်မောင်ဆွေ၏ အရက်ဖန် ခွက်ထဲသို့ ပစ်ခနဲ တံတွေးတစ်ချက် ထွေးချလိုက်သည်။ ပြီးမှ တင်မောင်ဆွေကို ဂရုမစိုက်တော့သည့် အမူအရာနှင့် ဖြည်းညှင်းစွာ လှည့်ထွက်သွားလေတော့၏။

တင်မောင်ဆွေသည် ကေသီမြိုင့်ကို အားနာသဖြင့် စားပွဲ ထိုးမကလေးအား နောက်ထပ်၍ ဝီစကီဝမ်းပက် ဖန်ခွက်အသစ်နှင့် ထည့်ခဲ့ရန်မှာကာ ကေသီမြိုင် ပြန်အလာကို စောင့်နေလိုက်သည်။ သို့ရာတွင် ကေသီမြိုင်ကတော့ ပေါ်မလာ။ တံခါးစောင့်ကြီး ရန်ဂါ ဆွာမိကသာ တင်မောင်ဆွေစားပွဲသို့ ရိုသေစွာ ချဉ်းကပ်လာ၏။

‘ဆပ်…’

‘ဘာလဲ ဆွာမိ’

‘ဆပ်ကို မမ်ဆပ်က မှာလိုက်တယ်၊ တူ ခုနက ဧည့်သည် ကို သူ့ကားနဲ့ ပြန်ပို့ပါတယ်တဲ့၊ ဆပ် ခဏစောင့်နေပါဦးတဲ့၊ သူ ပြန်လာပါမယ်တဲ့’

‘အေး… အေး… ကျေးဇူးပါပဲ ဆွာမိရာ’

တင်မောင်ဆွေသည် မှာယူထားသော ဝီစကီဝမ်းပက် ကုန် အောင်သောက်ရင်း ကေသီမြိုင့်ကို စောင့်နေလိုက်သည်။ ကေသီမြိုင် ပေါ်မလာသည့်အခါမှာတော့ သူသည် ထပ်၍စောင့်မနေတော့ဘဲ ဘီလ်ရှင်းကာ ပြန်လာခဲ့လေ၏။

ထိုညကား တနင်္လာနေ့ည ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

-၃-

အင်္ဂါနေ့ နံနက်အစောကြီးတွင် တင်မောင်ဆွေသည် ပဲခူး အမှုတွင် သက်သေခံရန် ထွက်သွားခဲ့ရသည်။ အမှုကို သုံးရက်ဆက် ၍ စစ်ဆေးခဲ့ရာ တင်မောင်ဆွေ ဖမ်းပေးသည့် တရားခံနှစ်ယောက်မှာ ရွာလူကြီးကို သေနတ်နှင့် ဖြောင်ပစ်သတ်သွားသူများပင် ဖြစ်ကြပါ သည်ဟု မျက်မြင်သက်သေများက ထွက်ဆိုကြ၏။

တရားခံရှေ့နေက အမှုကို ရှုပ်ထွေးသွားစေရန် အမျိုးမျိုး ကြိုးစားသေးသော်လည်း မျက်မြင်သက်သေများနှင့် တင်မောင် ဆွေ၏ ထွက်ချက်ကို ဘယ်လိုမှ မချေဖျက်နိုင်ရကား ရန်လိုရှိန်းဖေ၏ တပည့်နှစ်ယောက်ကို ကြိုးဒဏ်ကျခံစေဟု ရုံးမင်းက တတိယ မြောက်သောနေ့တွင် စီရင်ချက်ချမှတ်လိုက်လေတော့သည်။

ထို့ကြောင့် သောကြာနေ့ နံနက်ပိုင်းတွင် တင်မောင်ဆွေ သည် ရန်ကုန်သို့ ပြန်ရောက်လာခဲ့၏။

အလုပ်တိုက်ခန်းထဲသို့ ဝင်လာရာတွင် စားပွဲတွင်ထိုင်၍ စကားပြောနေသော သူ၏အသက်ဖူး စက္ကရီတေရီ မေစီနှင့် လက် ထောက် ဂျင်မီစမတ်တို့က သူ့အား ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်


www.burmeseclassic.com

လိုက်ကြသည်။

မေစီက ပဲခူးက အမှုအကြောင်းကို မေးကာ တင်မောင်ဆွေ မရှိစဉ်အတွင်း အမှုသစ်တစ်ခု လာအပ်သဖြင့် မိမိက လက်ခံဆောင် ရွက်နေကြောင်းကို ဂျင်မီစမတ်က ပြောပြသည်။

'အကူအညီလိုရင်လည်း ပြောပေါ့ ဂျင်မီ၊ အခု ကိုယ်လည်း အားနေပါပြီ'

'ကိုဆွေ အနားယူပါလေ၊ ဒီအမှုက သိပ်မခက်ပါဘူး၊ အမှုသည်က သူ့မောင်တစ်ယောက်ပျောက်နေတာကို လိုက်ရှာခိုင်း ခဲ့တာပါ'

'ဂျင်မီက အမှုကိုသိပ်သဘောကျနေတယ်ကိုဆွေ၊ သဘော ကျမှာပေါ့၊ အမှုသည်က ရုပ်လှလှ ဗိုလ်ကပြားမတစ်ယောက်ကိုး၊ သူ့ရဲ့ ပျောက်နေတဲ့မောင်ကို ဂျင်မီ ရှာတွေ့မလား မတွေ့ဘူးလား တော့ မသိဘူး၊ အမှုသည်အမျိုးသမီးနဲ့ သူနဲ့ကတော့ တတွဲတွဲ ဖြစ်နေတာပဲ'

မေစီက မျက်စောင်းကလေးချိတ်၍ ပြောလိုက်ရာ ဂျင်မီ သည် သွားကြီးတွေဖြဲ၍ တဟဲဟဲရယ်နေလိုက်လေသည်။

ထိုနေ့ နေ့လည်ပိုင်းလောက်တွင်ကား တင်မောင်ဆွေသည် သူ၏ သီးသန့်ရုံးခန်းထဲတွင်ထိုင်လျက် အမှုဟောင်းများ၏ ဖိုင်တွဲ များကို ယူလျက် လှေ့လာနေစဉ် တံခါးခေါက်သံနှင့်အတူ မေစီ ဝင်လာလေသည်။

'ဟာလို အစီ… အမှုသည်သစ်တစ်ယောက် ရောက်လာလို့ လား'

'အမှုသည်သစ် မဟုတ်ပါဘူး၊ ကေသီမြိုင်ပါ၊ ကိုဆွေနဲ့

တိုင်ပင်ချင်စရာ ရှိလို့တဲ့'

'ဒီလိုဆိုလည်း လွှတ်လိုက်ပါကွယ်'

မေစီ ပြန်ထွက်သွားပြီး ချက်ချင်းဆိုသလိုပင် ကေသီမြိုင်က အခန်းထဲသို့ ဝင်လာသည်။ တင်မောင်ဆွေက သူမအား ကုလားထိုင်တစ်လုံး ထိုးပေးလိုက်ပြီးနောက် သူကိုယ်တိုင်ကတော့ သူမ၏ဘေးစားပွဲစွန်းတွင် ဝင်ထိုင်လိုက်ကာ သူမအား ပြုံးပြုံးကြီး ငုံ့ကြည့်လိုက်သည်။

'ကဲ... ဆိုစမ်း ကေသီ... မေစီကပြောတော့ ကိုဆွေနဲ့တိုင်ပင်ချင်လို့ဆို၊ ဘာများ တိုင်ပင်ချင်တာလဲ ကေသီ၊ ဟော်တယ်ကို ဘယ်သူတွေက အနှောင့်အယှက် ပေးနေသလဲ ဆိုစမ်း'

'ကေသီ့ကိစ္စ မဟုတ်ပါဘူး ကိုဆွေ၊ ကိုကြီးခြူးကိစ္စပါ၊ ကိုခြူးစိန်လေ၊ ကိုဆွေ ဟိုညကတွေ့ခဲ့ရတဲ့...'

'ကိုဆွေ သိပါတယ်၊ ဆိုစမ်းပါဦး၊ သူက ဘာဖြစ်လို့လဲ'

တင်မောင်ဆွေသည် ပြောရာကပင် သူ၏ ရွှေစီးကရက်ဘူးပြားကလေးကိုထုတ်ကာ ကေသီမြိုင်အား ထိုးပေးလိုက်သည်။ ကေသီမြိုင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ ပါးစပ်တွင်တပ်လိုက်ပြီးလျှင် တင်မောင်ဆွေ မီးညှိပေးသည်ကို ခံယူပြီးနောက်မှ အားရပါးရ ဖွာရှိုက်ပြီး တင်မောင်ဆွေအား မော့ကြည့်လိုက်လေသည်။

'ကေသီပဲ အစိုးရိမ်ကြီးတာလားတော့ မပြောတတ်ဘူး၊ သူဟာ အဲဒီညနောက် ကေသီ့ဆီကို တစ်ခါမှ ပေါ်မလာတော့ဘူး'

'ဟိုညက ကေသီပဲ သူ့ကိုလိုက်ပို့လိုက်သေးတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ကိုဆွေ့ကို စောင့်နေခိုင်းတာ… ကိုဆွေက ပြန်သွားတယ်မဟုတ်လား၊ ကေသီကလည်း နည်းနည်းကြာသွားမိတယ်လေ၊ သူ့ဟော်တယ်ကိုရောက်တော့ ဟော်တယ်ဧည့်ခန်းထဲမှာ ထိုင်ပြီး စကားပြောနေမိကြတာကလား၊ သူနဲ့ကွဲနေရတာက နှစ်နှစ်ဆိုတော့ ပြောစရာရှိတဲ့စကားတွေက အများသားကလား'

'နေစမ်းပါဦး၊ ကိုခြူးစိန်နဲ့ ပတ်သက်လို့ စိတ်ပူစရာ အကြောင်းထူးများ ရှိနေလို့လား ကေသီရဲ့'

ကေသီက စီးကရက်ကို ဖွာရှိုက်လိုက်ပြန်ရာက ခေါင်းကလေးကို ယမ်းခါပြလိုက်သည်။

'အကြောင်းထူးရယ်လို့တော့ မရှိပါဘူး၊ ဒါပေမယ့် သူ ဟိုညက အင်္ဂါနေ့ညကျရင် လာဦးမယ်လို့ သေသေချာချာ မှာသွားခဲ့တာ မဟုတ်လား ကိုဆွေရဲ့'

'ဒီကြားထဲမှာကော ကေသီက သူ့ကို မတွေ့ရတော့ဘူးလား'

'မတွေ့ရတဲ့အပြင် ဘာအကြောင်းမှလည်း မကြားရတော့ဘူး၊ တယ်လီဖုန်းတောင် မဆက်ခဲ့ပါဘူးရှင်'

'ကေသီကကော သူ့ကို သွားမတွေ့ဘူးလား'

'အလုပ်များနေတာနဲ့ ကိုယ်တိုင်သွားမတွေ့မိပေမယ့် မနေ့ကတော့ ကေသီ သူ့ဟော်တယ်ကို သုံးခါတိုင်တိုင် ဖုန်းဆက်ခဲ့ပါတယ်။ ဟော်တယ်ကပြောတော့ သူထွက်သွားတာ ပြန်မလာသေးဘူးတဲ့။ ဒီနေ့ မနက်ကလည်း နှစ်ခါတောင်ဖုန်းဆက်ခဲ့တာ ဒီအတိုင်းပဲ ဟော်တယ်က ပြန်ဖြေတယ်'

တင်မောင်ဆွေသည် စားပွဲစွန်းမှထကာ သူ့ကုလားထိုင် တွင်

ပြန်၍ ထိုင်လိုက်လေသည်။

'စိတ်ပူစရာအကြောင်းရှိချင်မှ ရှိမှာပါ… ကေသီရယ်၊ ကိုခြူးစိန်ဟာ အလုပ်ကိစ္စတွေများနေလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့'

'ဒါတွေကို ကျွန်မလည်း စဉ်းစားမိပါတယ် ကိုဆွေ။ ဒါပေမယ့် ကိုကြီးခြူးစိတ်ဓာတ်ကို ကျွန်မ သိပါတယ်။ ကျွန်မဆိုရင် သူက သိပ်ဂရုစိုက်တတ်တာ သူကိုယ်တိုင် ကျွန်မဆီကို မလာနိုင်ရင်တောင် ဖုန်းတော့ ဆက်ဦးမှာပဲ။ ပြီးတော့ သူပဟိုနေ့က ပြောသွားတဲ့ အသက်အာမခံကိစ္စကလည်း ရှိသေးတယ် မဟုတ်လား။ သူဟာ ပေးပြီးသားကတိကို ဘယ်တော့မှ ဖျက်တတ်တဲ့လူစားမျိုး မဟုတ်ပါဘူး။ အင်္ဂါနေ့ညမှာ သူ့ အသက်အာမခံ စာချုပ်ကို လာပေးပါ့မယ်လို့ ကတိပေးသွားတာပဲ…'

တင်မောင်ဆွေသည် ကေသီမြိုင့်အား ခေတ္တမျှကြည့်နေပြီး နောက်မှ မေးခွန်းထုတ်လိုက်လေသည်။

'ကဲ… ကေသီ… ဒီ ကိုခြူးစိန်ဆိုတဲ့လူရဲ့ အကြောင်းကို ကိုဆွေ တကယ်တော့ ဘာမှမသိရသေးဘူး… ကေသီပြောပြပါလား… သူ့ရဲ့ ဘက်ဂရောင်းပေါ့ကွယ်'

ကေသီမြိုင် ပြောပြချက်အရဆိုလျှင် ကိုခြူးစိန်သည် သာမန် လူတစ်ယောက်မျှသာ ဖြစ်လေသည်။ ၄င်းသည်လည်း ကေသီမြိုင့်လိုပင် ဖခင်တရုတ် မိခင်မြန်မာမှ ပေါက်ဖွားသော တရုတ်ကပြားတစ်ယောက်ပင် ဖြစ်လေသည်။ သို့ရာတွင် ယခုတော့ မိဘနှစ်ပါးလုံး မရှိကြတော့ချေ။ ၁၀နှစ်သား အရွယ်လောက်က သူသည် ဖခင်နှင့်အတူ ဆွေမျိုးတွေရှိရာ စင်္ကာပူသို့ သွားရောက် ဖူးကာ စစ်ကြီးဖြစ်ကာနီးအထိပင် စင်္ကာပူ၌ ပညာသင်ကြားခဲ့ဖူး၏။

စစ်ကြီး ဖြစ်လာတော့မှ သူသည် ရန်ကုန်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်၏။ ကေသီမြိုင်သိရသလောက်တော့ သူသည် အိမ်ထောင် မရှိသည့် လူပျိုကြီးတစ်ယောက် ဖြစ်လေ၏။

ကေသီမြိုင်နှင့် ၎င်းတို့စတင်သိခဲ့ရသည့် အချိန်မှာ ထို အခါကပင် ဖြစ်သည်။

'သူပြန်လာတော့ သူဟာ အသက်အာမခံ ကုမ္ပဏီကြီး တစ်ခုရဲ့ ကိုယ်စားလှယ်လုပ်ခဲ့သေးတယ်။ အဲဒီတုန်းက သူ့တွဲဖက်က ကိုထွန်းရီဆိုတဲ့လူပဲ'

'အခု ယွန်းထည် လုပ်ငန်းကို သူက ဘယ်လိုစလုပ်ခဲ့တယ် ဆိုတာကိုလည်း ကေသီ သိသလားကွယ့်'

'သိပါတယ်… လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ထင်ပါရဲ့ သူဟာ ကိုဝီလီဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်။ ဟုတ်တယ် ကိုဝီလီက ကပြားတစ်ယောက်ပဲ၊ သူကပဲ မြန်မာပြည်က ယွန်းထည် တွေကို စင်္ကာပူကတစ်ဆင့် ကမ္ဘာကို ဖြန့်နိုင်ရင် ကောင်းမှာပဲလို့ အကြံပေးရာကအစ သူတို့နှစ်ယောက် ဒီလုပ်ငန်းကို စလုပ်ခဲ့ကြတာ ပါ…'

'ဒီ ကိုဝီလီဆိုတာနဲ့ကော ကေသီ သိလား…'

'တစ်ခါမှတောင် မတွေ့ဖူးသေးပါဘူး…'

'သူတို့ရဲ့ ယွန်းထည်လုပ်ငန်းဆိုတာက ဘယ်လိုလဲ…'

ကေသီမြိုင်သည် တင်မောင်ဆွေထံမှ စီးကရက်တစ်လိပ် ကို တောင်းယူမီးညှိလိုက်ပြန်ပြီးမှ ပြန်ဖြေလိုက်သည်။

'ကိုဝီလီက စစ်ကြီးအပြီးမှာ နိုင်ငံခြားကို ရောက်ခဲ့ဖူး တယ်။ နိုင်ငံခြားမှာ မြန်မာယွန်းထည်ပစ္စည်းတွေကို ကြိုက်ကြတာ

သူ တွေခဲ့ရတော့ ဒီယွန်းထည်တွေကို နိုင်ငံခြားပို့နိုင်ရင် ကောင်းမှာပဲလို့ အကြံရလာတယ်။ နောက် သူက ကိုခြူးစိန်နဲ့သိကြတော့ ကိုခြူးစိန်ဟာ စက်ာပူမှာ အဆက်အသွယ်ရှိနေတယ်ဆိုတာကိုလည်း သိသွားတယ်။ ဒါနဲ့ မြန်မာ ယွန်းထည်တွေပါ မကဘူး။ မြန်မာ့လက်မှုပညာ ပစ္စည်းအမျိုးမျိုးတွေကို အခွန်အကောက် သက်သာတဲ့ စက်ာပူကတစ်ဆင့် ‘နို့ဗယ်လ်တီ’ (ပစ္စည်းဆန်း)တွေ အနေနဲ့ ဖြန့်တဲ့လုပ်ငန်းကို လုပ်ကြရင် ကောင်းမှာပဲလို့ ကိုဝီလီက အကြံပေးလိုက်တာကို ကိုခြူးစိန်ကလည်း သဘောကျ လက်ခံခဲ့တာပါပဲ။ ကိုဝီလီ့အကြံကလည်း ဟိုည ကိုကြီးခြူး ပြောသွားတဲ့အတိုင်းဆိုရင် မဆိုးလှဘူးပေါ့…’

‘ဒီကိုဝီလီ ဆိုတာကတော့ မြန်မာပြည်မှာ နေတယ်ပေါ့’

‘ဟုတ်တယ် ကိုဆွေ… ကိုဝီလီက ဒီမှာနေပြီး ယွန်းထည်နဲ့ တခြားမြန်မာ့လက်မှုပညာ ပစ္စည်းအမျိုးမျိုးကို ရှာဖွေဝယ်ယူပြီး စက်ာပူကို ပို့ပေးတယ်။ ဟိုကနေပြီးတော့ ကိုကြီးခြူးက သူ့ အဆက်အသွယ်တွေနဲ့ ကမ္ဘာကို ဖြန့်ပေးတာပါပဲ…’

တင်မောင်ဆွေသည် ခေါင်းညိတ်လိုက်ကာ မေးခွန်းတစ်ခု ထုတ်ပြန်သည်။

‘ကေသီက ကိုခြူးစိန်ကို ငွေချေးလိုက်တယ် ဆိုတာက ဘယ်လိုလဲ…’

‘ဒီလုပ်ငန်းကို သူတို့နှစ်ယောက်စဖို့ ငွေအရင်း ၉ သောင်း လိုတယ်လို့ တွက်ကြတယ်။ ကိုဝီလီက သူ့ရှယ်ယာ အဖြစ်နဲ့ ငွေ ၄၀၀၀၀ ထည့်တယ်။ ပြီးတော့ မော်လီဝိုင်းဆိုတဲ့ စက်ာပူပေါက် တရုတ်မလေး တစ်ယောက်က ငွေတစ်သောင်းထည့်တယ်။ ကျန်တဲ့

လေးသောင်းကို တော့ ကိုကြီးခြူးက ထည့်ရမှာပေါ့ . . .’

‘နေပါဦး . . . ဒီမော်လီဝိုင်း ဆိုတာကိုတော့ ကေသီ သိသလား . . .’

‘မသိပါဘူး . . .၊ မြင်တောင် မမြင်ဖူးပါဘူး။ ကိုကြီးခြူးက ‘ကေသီ့ဆီ ငွေလာချေးတုန်းက ပြောပြလို့ သိရတာပါ။ သူက တရုတ်စကားရော၊ အင်္ဂလိပ်စကားရော ကောင်းကောင်းတတ်တယ်။ စင်္ကာပူမှာ ကိုကြီးခြူးလိုပဲ ကြီးပြင်းရပြီး စစ်ကြီးပြီးကာမှ မြန်မာပြည်ကို ပြန်ရောက်လာသူ တစ်ယောက်ပါပဲ။ အဲ . . . သူက ကိုကြီးခြူးနဲ့အတူ လက်ထောက်အဖြစ်နဲ့ စင်္ကာပူကို လိုက်သွားရတယ် . . . ကိုဆွေရယ် . . .’

တင်မောင်ဆွေလည်း သူ သိချင်နေသော အချက်တစ်ခု ကို ထပ်၍ မေးလိုက်ပြန်သည်။

‘အဲဒီတုန်းက ကေသီက ကိုခြူးစိန်ကို ငွေဘယ်လောက် ချေးလိုက်ရသလဲ . . . လေးသောင်းစလုံးလား . . .’

‘အို . . . မဟုတ်ပါဘူး ကိုဆွေရယ် . . . ကိုကြီးခြူးက ငွေသုံးသောင်းရှာရလာတယ်။ တစ်သောင်းလိုနေတာနဲ့ ကျွန်မဆီ လာပြီး သူ့လုပ်ငန်းအကြောင်းကို ပြောပြရာက ကေသီလည်း ရှယ်ယာတစ်သောင်းဝင်ပါလို့ ပြောလာတယ်။ ကျွန်မကလည်း ရှယ်ယာ တော့ မဝင်ပါရစေနဲ့ တစ်သောင်းပဲချေးလိုက်ပါရစေဆိုပြီး ချေးလိုက်တာပါပဲ။ ကိုကြီးခြူးဟာ အင်မတန်မှ ဖြောင့်မှန်ပြီး ကတိတည်တတ်တာကို ကျွန်မက သိထားတာကလား . . . မကြာခင်မှာပဲ သူဟာ ကျွန်မအကြွေးတစ်သောင်းကို ပြန်ဆပ်ခဲ့ပါတယ်။ အတိုးယူပါဆိုပြီး စင်္ကာပူကနေ ကျွန်မကို ချက်လက်မှတ်တွေ ပို့ပေးတာကို ကျွန်မက

www.burmeseclassic.com

အားလုံးပြန်ပို့ပေးလိုက်တယ်။ ခင်မင်တဲ့ မိတ်ဆွေအချင်းချင်း အတိုးယူဖို့ဆိုတာကို ကျွန်မက ဝါသနာပါတာမှ မဟုတ်တာရှင်…'

တင်မောင်ဆွေသည် ခေတ္တမျှမေးစေ့ကို လက်နှင့်ပွတ်ကာ စဉ်းစားခန်း ဝင်နေလိုက်သည်။ ပြီးမှ လက်ပတ်နာရီကို ကြည့်ကာ…

'ကိုဝီလီဆိုတဲ့ လူက ရန်ကုန်မှာပဲ နေတယ်ပေါ့' ဟု မေးလိုက်ရာ ကေသီမြိုင်က ခေါင်းညိတ်ပြပြီး စစ်ကဲမောင်ထော်လေး လမ်းရှိ တိုက်နံပါတ်တစ်ခုကို ပြောလိုက်၏။

'ကောင်းပြီလေ… ဒီလူ့ဆီမှာ ကေသီရဲ့ ကိုကြီးခြူး အကြောင်းကို အတူသွားပြီး စုံစမ်းကြည့်ကြတာပေါ့…'

ကေသီမြိုင်က သွက်လက်စွာပင် ထိုင်ရာမှ ထလိုက်သည်။

'ကျွန်မ အဲဒီကိုလည်း ဖုန်းဆက်ကြည့်ပါသေးတယ်။ ဘယ်သူကမှ ဖုန်းကို ပြန်မထူးဘူး ကိုဆွေရယ်'

တင်မောင်ဆွေသည် နံရံတွင် ချိတ်ထားသော သူ၏ဂျာကင် အင်္ကျီပါးကလေးကို ယူဝတ်လိုက်သည်။

'အင်းလေ… ကိုကြီးခြူးကို တစ်နေရာမဟုတ်၊ တစ်နေရာ မှာတော့ တွေ့ရမှာပေါ့…'

❖ ❖ ❖

www.burmeseclassic.com

-၄-

ပထမဦးစွာ သူတို့နှစ်ယောက်သည် ကိုချိုးစိန် တည်းခိုနေသည် ဆိုသော ပီကင်းဟော်တယ်သို့ လာခဲ့ကြသည်။

ပီကင်းဟော်တယ်မှာ တရုတ်တန်းဘက်တွင် ဖွင့်ထားသော တည်းခိုရန် ဟော်တယ်များအနက် အဆင့်အတန်းအမြင့်ဆုံးနှင့် ခေတ်အမီဆုံးဟော်တယ်ကြီးတစ်ခု ဖြစ်နေသည်။

ဟော်တယ်မှာ နှစ်ထပ်ဖြစ်ရာ အောက်ထပ်တွင် ဟော်တယ်စာရေး တရုတ်ကပြားတစ်ယောက်က စားပွဲကြီးတစ်လုံးနှင့် အခန့်သား ထိုင်နေသည်။

ထိုတရုတ်အား တင်မောင်ဆွေက ကိုချိုးစိန်အကြောင်း မေးကြည့်ရာ ပထမတွင် မသိသယောင်ယောင် နားမလည်သယောင်ယောင် လုပ်နေလိုက်သေးသည်။ သို့ရာတွင် တင်မောင်ဆွေက ရဲမင်းကြီး ထုတ်ပေးထားသော သူ၏ အလွတ်စုံထောက်လိုင်စင်ကို ထုတ်ပြလိုက်တော့မှ ကိုချိုးစိန် ယခု အခိုက်အတန့်ဝယ် ဟော်တယ်ထဲတွင် မရှိကြောင်း ပြန်ဖြေဖော်ရသည်။

တင်မောင်ဆွေက မိမိတို့ မန်နေဂျာနှင့် တွေ့လိုသေးသည်

ဟု ဆိုပြန်လျှင် ငှင်းတရုတ်စာရေးသည် စားပွဲမှထသွားကာ ခေတ္တကြာလျှင် မျက်မှန်တပ် ရွှေသွားအပြည့်နှင့် အသက် ၅၀ခန့်ရှိ ပေါက်ဖော်ကြီး တစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။

ရွှေသွားအပြည့်နှင့် ပေါက်ဖော်ကြီးက မိမိသည် မန်နေဂျာဖြစ်ပါသည်။ ဘယ်လို ကူညီနိုင်ပါသလဲဟု မေးသည်။

တင်မောင်ဆွေကလည်း မိမိတို့သည် ဤဟော်တယ်တွင် တည်းခိုနေသော စက်ာပူမှ မစ္စတာ ခြူးစိန်၏မိတ်ဆွေများဖြစ်ရာ ငှင်းအကြောင်းကို လာစုံစမ်းရကြောင်းဟု ပြန်ဖြေလိုက်သည်။

မန်နေဂျာ ပေါက်ဖော်ကြီးသည် တင်မောင်ဆွေတို့ နှစ်ယောက်ကို သူ၏ရုံးခန်းထဲသို့ ခေါ်ဆောင်သွားကာ တရုတ်တစ်ယောက်အား ခေါ်ယူလျက် တရုတ်ဘာသာစကားနှင့် တကွိကွိ တကွကွ ပြောဆိုပြီးနောက် တင်မောင်ဆွေအား ရွှေသွားများ အဝင်းသားပြုံးကာ လှမ်းကြည့်လိုက်သည်။

'မစ္စတာ ခြူးစိန်ဟာ အင်္ဂါနေ့က သူ့အခန်းသော့ကို စာရေးဆီမှာအပ်ပြီး အပြင်ထွက်သွားခဲ့တာဟာ အခုထက်ထိ ပြန်မလာသေးပါဘူးတဲ့ ဆရာကြီး'

'သူ ဘယ်အချိန်က ထွက်သွားတာလဲ'

'အဲဒါကိုတော့ ဒီကလူတွေကလည်း မမှတ်မိကြဘူးတဲ့ ခင်ဗျ…'

'ဘာကိုများ မှာခဲ့သေးသလဲ'

'မန်နေဂျာသည် ခေါ်ယူထားသော တရုတ်နှင့်ကွိကွ ကွိကွလုပ်ပြန်ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'ဘာမှလည်း မှာမသွားပါဘူးတဲ့ ခင်ဗျ'


www.burmeseclassic.com

တင်မောင်ဆွေသည် ကေသီမြိုင့်အား လှည့်ကြည့်လိုက်သည်။ သူမသည် တော်တော် စိတ်ပူနေပုံရ၏။ ထို့ကြောင့် တင်မောင်ဆွေလည်း မန်နေဂျာထံ မစ္စတာခြူးစိန်၏အခန်းကို တက်ကြည့်ပါရစေဟု ပြောလိုက်ရသည်။

မန်နေဂျာသည် ခပ်အင်အင် ဖြစ်နေသော်လည်း တင်မောင်ဆွေ ထပ်မံ၍ တိုက်တွန်းလိုက်ပြန်တော့မှ အံဆွဲတစ်ခုထဲမှ သော့တွဲတစ်ကွင်းကို ဆွဲထုတ်ကာ အပေါ်ထပ်သို့ လိုက်ပို့ပေးသည်။

နံပါတ်-၇ ဟု တံခါးဝတွင် ရေးထားသော အခန်းတံခါးကို မန်နေဂျာက ပါလာသောသော့နှင့် ဖွင့်လိုက်သည်။

အိပ်ခန်းတစ်ခန်းနှင့် အပြင်ခန်းတစ်ခန်း ဖွဲ့ထားသည့် အခန်းတွဲကြီးဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့ရသည်။ အိမ်ထောင်ပရိဘောဂများမှာ အားလုံးနေသားတကျ သပ်သပ်ယပ်ယပ်ပင် ရှိနေသည်။

အပြင်ခန်း၏ ထောင့်တစ်ထောင့်ရှိ စာရေးစားပွဲပေါ်တွင်တော့ ပြက္ခဒိန်ဒိုင်ယာရီ စာအုပ်ကလေးတစ်ခုကို ခဲတံတစ်ချောင်းနှင့် အတူ တင်လျက်သားတွေ့ရသည်။ အပေါ်ဆုံးက စာရွက်မှာ ပြီးခဲ့သော အင်္ဂါနေ့ရက်စွဲနှင့် ဖြစ်ကာ ရေးမှတ်ထားချက်များ ရှိနေသည်။

၁၀-နာရီ (မနက်) ထွန်းရီ

၁၁-နာရီ (ည) အလုပ်ကိစ္စ

ပြီးလျှင်... ကေသီမြိုင်

အိပ်ခန်းထဲမှ ကုတင်ကြီးကား အိပ်ရာခင်း ပြန့်ပြန့်ရန့်ရန့်နှင့် ရှိနေသည်။ အဝတ်ဗီရိုကြီးကို ဖွင့်ကြည့်ပြန်ရာ ခရီးဆောင် သားရေသေတ္တာကြီးတစ်လုံးနှင့် အဝတ်အစားအချို့ ခြေရာလက်ရာမပျက်

ရှိနေသေးသည်ကို တွေ့ရသဖြင့် ကိုချိုးစိန်သည် ပြန်လာရန် ရည်ရွယ်ကြောင်း သိသာနိုင်၏။

'ကဲ… ကေသီ ဘယ့်နှယ်သဘောရသလဲ'

'ကေသီလည်း မပြောတတ်တော့ဘူး ကိုဆွေ'

တင်မောင်ဆွေက လှည့်မေးလိုက်သည်ကို ကေသီမြိုင်က ခေါင်းကလေးယမ်းလျက် ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

'ရဲဘက်ကို အကြောင်းကြားချင်သလား'

ရဲဘက်ဟူသော စကားကို ကြားရလျှင်… မန်နေဂျာ ထောင်ကဲကြီးမှာ မျက်လုံးမျက်ဆံ ပြူးသွားသည်။ ရဲဘက်တိုင်ရန် လိုမည်မထင်ကြောင်း မစ္စတာချိုးစိန်လာစဉ်က အတူပါလာခဲ့သော မစ္စမော်လီဝိုင်းဆိုသည့် အမျိုးသမီးတစ်ယောက်သည် ဤဟော်တယ်၏ အခန်းတစ်ခန်းမှာပင် တည်းခိုလျက်ရှိနေရာ သူမအား ပထမ သွားရောက် မေးမြန်းကြည့်ပါဦးဟု ပျာပျာသလဲ အကြံပေးတော့သည်။

တင်မောင်ဆွေကလည်း မော်လီဝိုင်းဆိုသူနှင့် တွေ့ဆုံနေချင်သည်ဖြစ်ရာ မန်နေဂျာအား သူမ၏အခန်းသို့ ခေါ်သွားပေးရန် ပြောလိုက်၏။

အခန်းတံခါးကို မန်နေဂျာကြီးက တခေါက်ခေါက် ခေါက်လိုက်ရာ ချက်ချင်းပင်…

'ဘယ်သူလဲဟင်' ဟု အတွင်းမှ ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည့် မိန်းမသံကလေးတစ်ခုက ထွက်ပေါ်လာသည်။

'ဟော်တယ် မန်နေဂျာပါ။ မစ္စတာချိုးစိန်အကြောင်း လာစုံစမ်းတဲ့လူတွေကို ခေါ်လာတာပါ… အရေးတော်တော်ကြီးတယ်

တဲ့၊ ခဏတွေ့ပါရစေ'

မန်နေဂျာက ပြန်ဖြေလိုက်လျှင် အခန်းတွင်းမှ ခေတ္တမျှ တိတ်ဆိတ်နေသည်။ မန်နေဂျာက ချောင်းတစ်ချက်ဟန့်၍ အသံပြု လိုက်ပြန်မှ 'ခဏလေးနော်' ဟုဆိုကာ ခဏကြာလျှင် ပိတ်ထားသော တံခါးက ပွင့်သွားသည်။

မော်လီဝိုင်းမှာ ဂါဝန်ကို ခေတ်ဆန်ဆန် ပုံကျကျ ဝတ်ဆင် ထားပြီး အသက် ၃၀ နီးပါးခန့်ရှိ ဖြူဖြူတောင့်တောင့် အမျိုး သမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ကြရသည်။ သူမသည် မျက်တွင်းများ တော်တော်ကျနေသည်ကို တင်မောင်ဆွေက သတိပြု လိုက်မိသည်။ လက်တစ်ဖက်ကိုလည်း ဆုပ်ချီဖြန့်ချီလုပ်ကာ မျက်လုံး များက ပြူးကြောင်ကြောင်နှင့် လူတိုင်းစေ့၏ မျက်နှာကို လျှင်မြန်စွာ လိုက်ကြည့်လိုက်ကြသည်။

'ရှင်တို့ ဘာလိုချင်ကြသလဲ…'

ဟု သူမသည် သွက်လက်သော အင်္ဂလိပ်စကားနှင့် မေး လိုက်သည်။

မန်နေဂျာကြီးကပင် တင်မောင်ဆွေနှင့် ကေသီမြိုင်တို့အား သူမနှင့် မိတ်ဆက်ပေးလိုက်သည်။ ကေသီမြိုင်၏နာမည်ကို ကြား လျှင် သူမသည် ပိုမို၍ စိတ်ဝင်စားလာပုံရသည်။

'ကေသီမြိုင်ဆိုတာ ရှင်ပဲကိုး… ရှင့်အကြောင်းကိုတော့ ကိုခြူးစိန်က ခဏ ခဏ ပြောပါတယ်'

မော်လီဝိုင်းက ခပ်ဝဲဝဲ မြန်မာစကားနှင့်ပြောကာ ကေသီ မြိုင်၏ လက်ကလေးတစ်ဖက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်သည်။

'ရှင်ဟာ ကိုခြူးစိန်ရဲ့… အင်မတန်ခင်တဲ့ မိတ်ဆွေတစ်

www.burmeseclassic.com

ယောက် မဟုတ်လား… ကဲ… ထိုင်ကြပါဦး။ ဘရန္ဒီ သောက်ကြပါလား… ကျွန်မ ဘရန္ဒီသောက်နေတုန်း ရှင်တို့ရောက်လာကြတာပဲ'

မော်လီသည် အခန်းထောင့်ရှိ ဗီရိုပုလေးပေါ်တွင် တင်ထားသည့် နိုင်ငံခြားဖြစ် ဘရန္ဒီပုလင်းပုကလေးထံသို့ လက်တစ်ဖက်ယမ်း၍ ပြောလိုက်သည်။

ကေသီမြိုင်နှင့် တင်မောင်ဆွေတို့က ခေါင်းယမ်း၍ ငြင်းပယ်လိုက်ကြသည်။ မန်နေဂျာ ထောင်ကဲကြီးကလည်း ရှေ့သွားများအဝင်းသားဖြစ်အောင် ပြုံးကာ ၎င်းအား မလိုတော့လျှင် သွားပါရစေဟု ခွင့်တောင်းလျက် ထွက်သွားတော့သည်။

'ကဲ… မစ္စမော်လီ… ကျွန်တော်လိုရင်း အချက်ကို ပြောပါရစေ… ကျွန်တော်ဟာ စုံထောက်တစ်ယောက်ပါ'

'စုံထောက် ဟုတ်လား…'

မော်လီဝိုင်းက ခပ်ဆတ်ဆတ်မေးလိုက်ပြီးမှ ပြူးကျယ်သွားသော မျက်လုံးအစုံနှင့် တင်မောင်ဆွေမျက်နှာကို စူးစိုက်ကြည့်နေသည်။

'ဟုတ်ပါတယ်… ဒါပေမယ့် အလွတ်စုံထောက်ပါ။ ကေသီမြိုင်ကတော့ ကိုချိုးစိန်ရဲ့မိတ်ဆွေရင်းတစ်ယောက် ဆိုတာကို ခင်ဗျားသိပြီးသားပဲ… အင်္ဂါနေ့ညတည်းက ကိုချိုးစိန်က ကေသီမြိုင့်ဆီကို လာတွေ့ဖို့ သေသေချာချာ ချိန်းထားခဲ့တယ်။ ဒါပေမယ့် သူဟာ ပေါ်မလာခဲ့လို့ အခုဒီမှာ လာစုံစမ်းတာမှာ ဒီမှာလည်း အင်္ဂါနေ့ကစပြီး ပြန်မရောက်လာဘူး ဆိုတာကို သိရပါတယ်။ အဲဒါ ကိုချိုးစိန်တစ်ယောက် ဘယ်ရောက်နေတယ်ဆိုတာ ခင်ဗျားများ သိမလားလို့


www.burmeseclassic.com

လာမေးကြည့်တာပါပဲ'

တင်မောင်ဆွေစကားအဆုံးတွင် မော်လီဝိုင်းက ခေါင်းက လေးကို သွက်သွက် ခါယမ်းပြလိုက်သည်။

'ကျွန်မလည်း မသိပါဘူး… အင်္ဂါနေ့တည်းက ဒီကနေ သူ ထွက်သွားတာကိုပဲ ကျွန်မ သိပါတယ်။ ဒါပေမယ့် စိတ်ပူစရာ ရှိချင်မှ ရှိမှာပါ။ သူရန်ကုန်ကိုလာတာ အရေးကြီးတဲ့ အလုပ်ကိစ္စနဲ့ ဆိုတာကို ကျွန်မ သိထားရပါတယ်။ အခု သူဟာ အဲဒီအလုပ်ကိစ္စကို လျှောက်လုပ်နေတာ ဖြစ်နိုင်ပါတယ်'

'အဲဒီ အရေးကြီးတဲ့ အလုပ်ကိစ္စဆိုတာဟာ ဘာများလဲ ဆိုတာကိုကော ခင်ဗျား သိသလားဗျာ'

'ဟင့်အင်း… ကျွန်မ ဘာမှ မသိပါဘူး'

မော်လီဝိုင်းက သွက်လက်စွာပင် ပြန်ဖြေလိုက်ပြန်ရာ… တင်မောင်ဆွေနှင့် ကေသီမြိုင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ ဤတွင်မော်လီဝိုင်းက ကပျာကရာ စကားဆက် လိုက်ပြန်သည်။

'ကျွန်မ ဒီကို သူနဲ့ပဲ လိုက်လာခဲ့ရတယ်။ လိုက်မလာခဲ့ချင် ပါဘူး။ သူက အတင်းခေါ်တာနဲ့ ကျွန်မ ပါလာရတာပါ။ သူ့ အလုပ်ကိစ္စကို ကျွန်မ ဘာမှ မသိပါဘူး'

'ကိုခြူးစိန်က ရှင့်ကို အတင်းခေါ်လာတယ် ဟုတ်လား။ ဘယ်လိုကြောင့်လဲရှင်…'

'ကျွန်မလည်း မပြောတတ်ပါဘူး။ ကျွန်မဟာ စင်္ကာပူမှာ ဆရာဝန်နဲ့ ဆေးကုနေရတာပါ။ စိတ်ရောဂါ တစ်ခုပါပဲ။ ကျွန်မဟာ အခုတစ်လော အကြောင်းမဲ့ ထိတ်လန့်အားငယ်တတ်တဲ့ စိတ်ရောဂါ

www.burmeseclassic.com

ဖြစ်နေလို့ စိတ္တဇဗေဒ ပါရဂူတစ်ယောက်နဲ့ ကုသနေရပါတယ်။ အဲဒါကို ကိုခြူးစိန်က ရန်ကုန်ကို သွားမှဖြစ်မယ်။ ကျွန်မပါ လိုက်မှ ဖြစ်မယ်။ သိပ် အရေးကြီးတယ်ဆိုပြီး ကျွန်မကို အတင်းခေါ်လာ ခဲ့တာပါ'

ကေသီမြိုင့်မှာ မော်လီဝိုင်း၏ စကားများကြောင့် စိတ်ရှုပ်ထွေးလာပုံရသည်။

'ဘယ်လို အရေးကြီးတဲ့ ကိစ္စဆိုတာကို ရှင်က နည်းနည်းကလေးမှ မသိဘူးလားဟင်…'

မော်လီဝိုင်းသည် ရုတ်တရက် ပြန်မဖြေသေးဘဲ အရက်ပုလင်း ထည့်ထားရာ ဗီရိုပုကလေးဆီသို့ လျှောက်သွားကာ အရက်တစ်ခွက်ကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။ ဖန်ခွက်ကို ပါးစပ်တွင်တေ့၍ မော့ချလိုက်ပြီးမှ ကေသီမြိုင့်အား လှမ်းကြည့်လိုက်သည်။

'ကျွန်မဟာ စက်ာပူမှာ ကိုခြူးစိန်ရဲ့ စက္ကရီတေရီလက်ထောက်အဖြစ်နဲ့ ဆောင်ရွက်နေရတယ်ဆိုတာကို ရှင်သိမှာပေါ့။ ကျွန်မတို့ရုံးက ရန်ကုန်ကနေ မစ္စတာဝီလီဆိုတဲ့ ကျွန်မတို့ရဲ့ ပါတနာ တင်ပို့လိုက်တဲ့ ပစ္စည်းတွေကို သိုလှောင်ထားတဲ့ ကုန်ရုံကြီးတစ်ခုမှာပဲ ဖွင့်ထားခဲ့တယ်။ အဲဒီ့ကို လူတစ်ယောက် တစ်နေ့မှာ ရောက်လာတယ်။ သူဟာ ကိုခြူးစိန်နဲ့စကားပြောပြီး ပြန်သွားတော့… ကိုခြူးစိန်ဟာ တော်တော်ပဲ စိတ်လှုပ်ရှားနေပုံရတာပဲ'

'အဲဒီ လူ ဘယ်သူဆိုတာကိုတော့ ခင်ဗျားသိသလား'

တင်မောင်ဆွေက ဝင်မေးလိုက်ခြင်းဖြစ်သည်။ မော်လီဝိုင်းက ခေါင်းခါပြပြန်သည်။

'မသိပါဘူး'


www.burmeseclassic.com

'သူတို့ ဘာပြောကြတယ်ဆိုတာကိုကော…'

'အဲဒါကိုလည်း ကျွန်မ မသိပါဘူး။ ကျွန်မသိတာက အဲဒီလူလည်း ပြန်သွားရော ကိုချြူးစိန်ဟာ အရေးတကြီး ဖြစ်လာပြီး ကျွန်မနဲ့သူ ရန်ကုန်ကို အရေးတကြီးလိုက်ရမယ်လို့ ပြောတော့တာပဲ။ ကျွန်မက ဆေးကုနေတာမို့ မလိုက်ပါရစေနဲ့လို့ ပြောတာမရဘဲ အရေးကြီးတာမို့ ကျွန်မပါ လိုက်ခဲ့ရမယ်ဆိုပြီး အတင်းခေါ်လာခဲ့တာပါပဲ။ ကျွန်မတို့ဟာ ဒီကို တနင်္လာနေ့မှာ ရောက်လာကြတယ်။ ကျွန်မတို့ရဲ့ ပါတနာဝီလီနဲ့ ဆက်သွယ်မိဖို့ ကြိုးစားပေးတဲ့ ဝီလီက ဒီမှာ မရှိနေဘူး။ ရန်ကုန်က ကျွန်မတို့ရဲ့ ကုန်တိုက်ကို သွားကြည့်တော့လည်း တံခါးကြီးတွေ ပိတ်ထားတာကိုသာ တွေ့ရတယ်။ ဝီလီဟာ နေရာအနှံ့အပြားမှာ ကျွန်မတို့ရဲ့ကုန်ပစ္စည်းတွေကို လျှောက် ဝယ်ရတော့ ဒီလိုပဲ ခရီးထွက်နေတတ်ပါတယ်။ ဒါပေမယ့် နောက် ကျတော့ ဝီလီက ကျွန်မတို့ဆီကို ဖုန်းဆက်ပါတယ်'

'ဘယ်တုန်းကလဲ'

ဟုတင်မောင်ဆွေက ဖြတ်၍ မေးလိုက်သည်။

'တနင်္လာနေ့ကပဲ သူနဲ့ ကိုချြူးစိန်တို့က စကားပြောကြ တယ်။ ဝီလီပြန်လာရင်တွေ့ကြဖို့ကို ချိန်းလိုက်ပါတယ်'

'ဘယ်တော့တွေ့ဖို့ ချိန်းထားကြသလဲ။ တွေ့ကော တွေ့ ဖြစ်ကြသလား'

'ဒါကို ကျွန်မ မသိပါဘူး'

'ခင်ဗျားကကော ဝီလီနဲ့ တွေ့ပြီးပြီလား'

'မတွေ့ရသေးပါဘူး။ သူ ဒီကိုတော့ တစ်ခါလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မက အပြင်ထွက်နေတာနဲ့ မတွေ့လိုက်ရပါဘူး'

မော်လီသည် စကားအဆုံးတွင် လက်ထဲ၌ ကိုင်ထားသော ဖန်ခွက်ထဲမှ ဘရန်ဒီလက်ကျန်ကို အကုန်မော့ပစ်လိုက်သည်။ ပြီးမှ ဆက်လက်၍…

'တနင်္လာနေ့ ညကပါ။ ကျွန်မလည်း တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ မြို့ထဲလျှောက်လည်ပြီး ဖရဲဆီးဒင့်ရုံမှာ ကျွန်မ မကြည့်ရသေးတဲ့ ရုပ်ရှင်ကားတစ်ကား ပြနေတာကို တွေ့တာနဲ့ ဝင်ကြည့်ခဲ့ပါတယ်။ ကျွန်မ ပြန်ရောက်လာတော့ ဒီစာကလေးကို တံခါးအောက်က ထိုးသွင်းထားခဲ့တာ တွေ့ရပါတယ်'

သူမသည် ပြောပြောဆိုဆို ထိုင်ရာမှထကာ စားပွဲတစ်လုံးတွင် တင်ထားသော လက်ပွေ့အိတ်ကို ဖွင့်လျက် စာရွက်ခေါက်ကလေးတစ်ခု ထုတ်ယူပြီး တင်မောင်ဆွေအား… လှမ်းပေးလိုက်သည်။

ဤဟော်တယ်၏ နာမည် ခေါင်းစီးတပ်ထားသည့် စာရေးစက္ကူတွင် အင်္ဂလိပ်ဘာသာစကားနှင့် ရေးထားသော စာသုံးလေးကြောင်းကို တင်မောင်ဆွေက ဖတ်ကြည့်လိုက်သည်။

> မော်လီ….
>
> *မြို့ထဲကို နောက်ကျမှ ပြန်ရောက်လာတယ်၊ ချူးစိန်ကို ရှာတာ မတွေ့ရဘူး။ အရေးကြီးတဲ့ အလုပ်ကိစ္စရှိနေတာမို့ ကိုယ် ချက်ချင်း ပြန်သွားရမယ်။ သောကြာနေ့မှာ… ပြန်ရောက်ပါလိမ့်မယ် ထင်တယ်။ ဒီတော့မှ မင်းတို့နှစ်ယောက်စလုံးကို တွေ့ကြတာပေါ့။ ချူးစိန်ကိုလည်း ဒီအတောအတွင်းမှာ*

*ပျော်ပျော်နေဖို့ ပြောပါ။ သူ ဘာတွေ အရေးကြီး လာတယ် မသိဘူး။ သူ့ကို ဖုန်းဆက်တုန်းကတော့ သူပြောပုံဟာ… တော်တော့်ကို စိတ်လှုပ်ရှားနေပုံ ရတယ်။ ဒါကြောင့် ဒီညတွေ့ရမလားဆိုပြီး ကိုယ် ပဲခူးကနေ ကားငှားပြန်လာတာ မနက်အစောကြီးမှာ တွေ့ရမယ့်လူရှိသေးတော့ ညတွင်းချင်းပဲ ပြန်သွား ရတယ်။ သောကြာနေ့ကျတော့ တွေ့ကြတာပေါ့။*

'ဝိလီ'

တင်မောင်ဆွေက ထိုစာကို ကေသီ့အား ဖတ်ပြလိုက်ရာ…

သူမက…

'တနင်္လာနေ့ညဆိုတော့ ကျွန်မတို့ဆီ သူလာတုန်း ဖြစ်မှာပေါ့'

ဟု မှတ်ချက်ချလိုက်သည်။

ထိုစဉ် တံခါးခေါက်သံ တဒေါက်ဒေါက် ထွက်ပေါ်လာပြန်ရာ မော်လီဝိုင်းသည် ဆတ်ခနဲ တံခါးဆီသို့ လှည့်ကြည့်လိုက်သည်။

'မော်လီ ကိုယ်ပါကွယ့်…'

အပြင်မှ အင်္ဂလိပ်စကားနှင့် ပြောသံကြားလိုက်ရလျှင်ကား မော်လီသည် တံခါးကို အပြေးကလေး သွားဖွင့်ပေးလိုက်သည်။

တံခါးဝတွင် လူနှစ်ယောက် ရပ်နေကြသည်။ တစ်ယောက်မှာ လူခပ်ဝဝဖြစ်ကာ ကျန်တစ်ယောက်ကတော့ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဆံပင်ကောက်သော ကပြားကြီး

www.burmeseclassic.com

တစ်ယောက် ဖြစ်နေသည်။

မော်လီသည် ထိုကပြားကြီး၏ လက်မောင်းတစ်ဖက်ကို အားရပါးရဆုပ်ကိုင်ကာ ဝမ်းသာသော အသံကလေးနှင့် နှုတ်ဆက်လိုက်သည်။

'ဟာ… ဝီလီ… ဝီလီ… တွေ့ရတာ ဝမ်းသာလိုက်တာ ကွယ်'

❖ ❖ ❖

www.burmeseclassic.com

-၅-

ကိုချိုးစိန်နှင့် မော်လီဝိုင်းတို့၏ အလုပ်ပါတနာ မစ္စတာဝီလီ သည် ယောက်ျားပီသလျက် ခန့်ချောချောသော လူတစ်ယောက် ဖြစ်နေသည်ကို တင်မောင်ဆွေက အကဲခတ်ကြည့်ရှုနေလိုက်သည်။ ကိုယ်ခန္ဓာ ထွားကျိုင်းသော်လည်း အဆီအရွဲဆို၍ အပိုရှိပုံမရဘဲ ကြွက်သားများနှင့်သာ တောင့်တင်း ကျစ်လျစ်နေပုံရသည်။

တက်ထရွန် ရှပ်လက်ရှည် အဖြူ၊ နက်ကတိုင် လည်စည်း နှင့် ဂါဘဒင်းသက္ကလပ်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပုံမှာသေသပ် ၍ အထက်တန်းကျလှတော့သည်။

မော်လီဝိုင်းသည် ၎င်းကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင် နက် အမူအရာ ပြောင်းလဲလာပုံကလည်း ထူးခြားလှတော့သည်။ သူမ၏ မျက်နှာကလေးသည် ဝင်းပ ရွှင်လန်းနေကာ မျက်လုံးက လည်း အရောင်တလက်လက် တောက်ပနေတော့သည်။

သူတို့နှစ်ယောက်သည် 'ဘို' ဆန်ဆန်ပင် နှုတ်ခမ်းချင်းတေ့ ကာ ပွတ်ခနဲ စုတ်လိုက်ကြ၏။

www.burmeseclassic.com

ပြီးမှ ဝီလီသည် တင်မောင်ဆွေတို့ ဘက်သို့စူးစမ်းသော အမူအရာနှင့် ကြည့်လိုက်သည်။ ထိုအခါမှ မော်လီသည်လည်း ဧည့်သည်နှစ်ယောက်ကို ပြန်၍ သတိရလာဟန်တူသည်။

'အို… အိပ်စ်ကျူစ်မီး ကျွန်မ မိတ်ဆက်ပေးပါရစေ။ ဝီလီ သူက ကိုတင်မောင်ဆွေတဲ့။ သူကတော့ ကေသီမြိုင်တဲ့ သူတို့ က ကိုခြူးစိန်ရဲ့ မိတ်ဆွေတွေလေ'

ဝီလီသည် တင်မောင်ဆွေတို့ နှစ်ယောက်ရှေ့သို့ ရောက်လာ ကာ တစ်ယောက်စီကို အားရပါးရ လက်ဆွဲနှုတ်ဆက်လိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်နဲ့ပါလာတဲ့ လူ ကတော့ ပဲခူးကပွဲစား ကိုသိန်းဖေတဲ့။ ကဲ ကိုသိန်းဖေ ထိုင်ပါဗျာ'

ဝီလီသည် သွက်လက်ပီသသော မြန်မာစကားနှင့် ပြောရာ က သူ့အဖော်ကိုပါ မိတ်ဆက်ပေးကာ ခေါ်လိုက်သည်။ ထိုလူသည် ခပ်ကြောင်ကြောင်နှင့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ကာ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေတော့သည်။

တင်မောင်ဆွေကလည်း သူတို့ လာရောက်ရသည့်အကြောင်း ကိစ္စကို ဝီလီကတော့ ဘယ်လိုမှ စိုးရိမ်ပူပန်ပုံ မရ။

'ခင်ဗျားတို့ အခြောက်တိုက် စိတ်ပူနေကြတာပါ၊ ကိုခြူးစိန် ဟာ ဒီကို ပြန်လာတာဟာ အရေးကြီးတဲ့ အကြောင်းတစ်ခုရှိလို့ဗျ၊ ကျုပ်နဲ့ ဖြုန်းခနဲ မတွေ့ရတော့ သူ့ဘာသာသူ ဒီကိစ္စကို လျှောက်လုပ် နေတာ ဖြစ်ပါလိမ့်မယ်၊ သူက စိတ်မြန်လက်မြန် လူတစ်ယောက်ဗျ'

'ခင်ဗျား သူနဲ့ တနင်္လာနေ့က ဖုန်းနဲ့ စကားပြောလိုက်ရ သေးတယ်ဆို'

'ဟုတ်ပါတယ်၊ ကိုခြူးစိန်နဲ့ တွေ့ချင်လို့ကို ပဲခူးကနေ ညကြီးပဲ


www.burmeseclassic.com

သက်သက်ပြန်လာခဲ့တာ။ မတွေ့ရတော့ ပဲခူးမှာ ကျုပ်ကိစ္စကလည်း အရေးကြီးနေတာမို့ ပြန်သွားရတယ်၊ သူလည်း မကြာခင် ပြန်ပေါ်လာလိမ့်မယ် ထင်ပါရဲ့ဗျာ'

တင်မောင်ဆွေကလည်း ပခုံးများကို တွန့်လိုက်ကာ ကိုဝီလီတို့အား နှုတ်ဆက်လျက် ကေသီမြိုင်နှင့်အတူ ပြန်ဆင်းလာခဲ့ကြသည်။ သုံးဘီးကားနှင့် ပြန်လာရာတွင် ကိုချြိုးစိန်ကိစ္စနှင့် ပတ်သက်၍ ကေသီမြိုင့်မှာ စိတ်မအေးနိုင်သေးဘဲ ဖြစ်နေသေးရကား တင်မောင်ဆွေကပင် တစ်ခါက ကိုချြိုးစိန်၏ တွဲဖက်ဖြစ်ခဲ့သော အသက်အာမခံ ကိုယ်စားလှယ် ကိုထွန်းရီထံတွင် သွားမေးရန် အကြံပေးလိုက်ပြန်သည်။

'ဟိုညတုန်းက ကိုချြိုးစိန်က အင်္ဂါနေ့ညမှာ ကေသီ့အတွက် အသက်အာမခံစာချုပ်ကို ယူလာမယ်လို့ ပြောထားခဲ့တယ် မဟုတ်လား၊ ပြီးတော့ သူ့ရဲ့ ပြက္ခဒိန် ဒိုင်ယာရီမှာလည်း အင်္ဂါနေ့ မနက် ဆယ်နာရီမှာ ကိုထွန်းရီနဲ့တွေ့ဖို့ မှတ်ထားခဲ့သေးတယ်။ အဲဒီကိုထွန်းရီ က ဘယ်မှာနေတယ် ဆိုတာကိုကော ကေသီ သိသလား…'

ကေသီကလည်း ကိုထွန်းရီသည် ၄၇လမ်းထဲ၌ အလုပ်ခန်း ဖွင့်ထားသည်ဟု ပြန်ဖြေလိုက်ရာ တင်မောင်ဆွေက သုံးဘီးကား ဒရိုင်ဘာကို ထိုနေရာသို့ အမောင်းခိုင်းလိုက်သည်။

ကိုထွန်းရီမှာ အသက် ၄၀ကျော်ခန့်ရှိ မျက်နှာထားချိုလှသူ တစ်ယောက်ဖြစ်ကြောင်းကို တင်မောင်ဆွေက တွေ့ရသည်။ တင်မောင်ဆွေက ကေသီမြိုင်စိတ်ပူနေသည့် အကြောင်းကို ပြောပြလျှင် ၎င်းက ကိုချြိုးစိန်သည် အင်္ဂါနေ့နံနက်ပိုင်းက မိမိအား လာတွေ့ခဲ့ကြောင်းကို အလွယ်တကူပင် ဝန်ခံလိုက်၏။ လာတွေ့သည်မှာ

လည်း ကောသိမ်မြို့အတွက် ၄င်း၏အသက်အာမခံစာချုပ် လုပ်လို၍ ဖြစ်ရာ မိမိကပင် တစ်ခါတည်း ကိစ္စပြီးစီးသွားအောင် ဆောင်ရွက်ပေးလိုက်ပါသည်ဟု ဆိုသည်။

တင်မောင်ဆွေက မေးသဖြင့် ကိုထွန်းရီက ကိုခြူးစိန် ရန်ကုန်သို့ အရေးတကြီးပြန်လာသည့် အကြောင်းကိုတော့ မသိရပါဟု ကိုထွန်းရီက ဖြေသည်။ သို့ရာတွင် တစ်စုံတစ်ခုသော အကြောင်းအရာအတွက် စိတ်ပူပန်နေပုံရသည်ကိုကား အကဲခတ်မိခဲ့ပါသည်ဟုလည်း ဆို၏။

'ဒါနဲ့ဗျာ… ခင်ဗျားသူ့ပါတနာ ကိုဝီလီနဲ့ မော်လီဝိုင်းဆိုတဲ့ လူတွေနဲ့ကော… သိသလားဗျာ'

ဟု တင်မောင်ဆွေက မေးလိုက်ပြန်သည်။

'သိပါတယ်။ ကိုဝီလီကို ကျွန်တော်က အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး သိခဲ့ရတယ်။ သူ့ကို ကျွန်တော်ကပဲ ကိုခြူးစိန်နဲ့ မိတ်ဆက် ပေးခဲ့တာပဲ…'

'ဒီ ကိုဝီလီက ဘယ်လိုလူစားမျိုးလဲဗျ…'

'သူနဲ့ သိပ်ရင်းနှီးတာ မဟုတ်တော့ ကျွန်တော်လည်း မပြောတတ်ပါဘူးဗျာ… ကြည့်ရတာကတော့ လူကောင်းတစ်ယောက်ပါပဲ…'

'မစ္စမော်လီဝိုင်းကတော့ကော…'

'မော်လီဝိုင်းဟာ ဝီလီနဲ့ တော်တော်ရင်းနှီးနေတာကိုတော့ ကျွန်တော် သိထားတယ်… ဝီလီရဲ့ အဆက်တောင် ဖြစ်ချင်ဖြစ်နေမယ် ထင်တာပဲ၊ ကျုပ်အတပ်တော့ မပြောတတ်ဘူးပေါ့ဗျာ…'

'ဝီလီ ဘယ်မှာ နေတယ်ဆိုတာကိုကော ခင်ဗျားသိသလား


www.burmeseclassic.com

BURMESE CLASSIC .com



ဗျ…’

ကိုထွန်းရီသည် စားပွဲအံဆွဲထဲမှ မှတ်စုစာအုပ်ကလေးတစ်ခုကို ထုတ်ယူလိုက်ပြီးနောက် ဗိုလ်တထောင် ရပ်ကွက်ရှိ လိပ်စာတစ်ခုကို ပြောပြလိုက်လေ၏။

ကိုထွန်းရီထံမှ ထွက်ခွာလာခဲ့သည့်နောက်တွင် တင်မောင်ဆွေသည် ကိုခြူးစိန်တို့ ပါတနာတစ်စု၏ ရန်ကုန်အလုပ်တိုက်သို့ ကေသီမြိုင့်အား ခေါ်သွားပြန်သည်။ ထိုအလုပ်တိုက်မှာ လန်ကပ်စတာလမ်းထဲတွင် ရှိကာ တစ်ထပ်တိုက်ပုကလေး ဖြစ်နေသည်ကို တွေ့ကြရ၏။ တိုက်ရှေ့တံခါးပေါက်တွင် ‘ဝီလီနှင့် ခြူးစိန် မြန်မာ့လက်မှုပညာ ထုတ်ကုန် ကုမ္ပဏီလီမိတက်’ ဟူသော ဆိုင်းဘုတ်ကြီးကို အခန့်သား ထောင်ထားသည်။

ခြံတံခါးသည် ပွင့်နေသော်လည်း တိုက်တံခါးမကြီး ပိတ်နေသည်ကို တွေ့ရသည်။ တံခါးခေါက်သော်လည်း ဘာသံမှ မကြားရချေ။ တင်မောင်ဆွေနှင့် ကေသီမြိုင်တို့လည်း တိုက်ကို လှည့်၍ကြည့်ကြပြန်ရာ တိုက်တစ်ဘက်တစ်ချက်တွင် ပြတင်းပေါက် နှစ်ပေါက်စီရှိသော်လည်း ထိုပြတင်းပေါက်များမှာလည်း အလုံပိတ်ထားသည်ကို တွေ့ရပြန်သည်။

တင်မောင်ဆွေသည် စိုးရိမ်ပူပန်နေသော ကေသီမြိုင့်အား သူမ၏ဟော်တယ်သို့ ချော့လွှတ်လိုက်ကာ သူကတော့ မြို့မစုံထောက်ဌာနချုပ်သို့ ထွက်လာခဲ့လေသည်။

ပျောက်နေသော ကိုခြူးစိန်ကိစ္စတွင် သူ့မိတ်ဆွေ ရဲမှူးကြီးကိုသောင်းဖေဆီမှ အကူအညီတောင်းရန် အချိန်ကျပြီဟု သူက ဆုံးဖြတ်လိုက်ပြီ ဖြစ်လေ၏။

❖ ❖ ❖

www.burmeseclassic.com

-၆-

ကိုသောင်းဖေအား တင်မောင်ဆွေက အဆင်သင့်ပင် ၄င်း၏ ရုံးခန်းထဲ၌ တွေ့ရသည်။ ထုံးစံအတိုင်း တစ်ယောက်ကို တစ်ယောက် နောက်ပြောင်နှုတ်ဆက်မိကြသည့်နောက်တွင် တင်မောင်ဆွေ့စကားများက ကိုသောင်းဖေအား မျက်လုံးများကို ပြူးကျယ်သွားစေသည်။

'ကိုသောင်းဖေ… ကျွန်တော် အလုံပိတ်ထားတဲ့ တိုက်တစ်တိုက်ထဲကို ဝင်ကြည့်ချင်တယ်ဗျာ၊ အဲ့ဒါ ခင်ဗျားဆီမှာ ကျွန်တော်လာပြီး အကူအညီတောင်းတာပဲ'

'မင်း… ရူးနေသလား… တင်မောင်ဆွေ'

'ကျွန်တော်… အတည်ပေါက် ပြောနေတာပါဗျ'

ဟု တင်မောင်ဆွေကဆိုကာ ကေသီမြိုင်က ကိုခြူးစိန်အတွက် စိတ်ပူနေသည့်အကြောင်းကို ပြောပြလိုက်သည်။ တင်မောင်ဆွေက စကားဆုံးသွားလျှင် ကိုသောင်းဖေသည် ပါးစပ်ထဲတွင်


www.burmeseclassic.com

ခဲထားသော ဆေးပြင်းလိပ်ကြီးကို ချွတ်လိုက်ရာက မျက်မှောင်ကြီး တစ်ချက်ကြုတ်လိုက်၏။

'ဒီလိုဆို မင်းက… ကိုခြူးစိန် အဲဒီတိုက်ကြီးထဲမှာ ရှိနေမယ်လို့ ဆိုချင်တာလားကွ'

'ရှိကောင်း ရှိနေလိမ့်မယ် ထင်တာပဲဗျ… ကျွန်တော် ခုနက ကြည့်ခဲ့ရတော့ တိုက်တံခါးပေါက်တွေ အားလုံးဟာ အတွင်းကနေ ကန့်လန့်ချ ပိတ်ထားနေတာကို တွေ့ရတယ်၊ ဒီတော့ အထဲမှာ တစ်ယောက်ယောက်တော့ ရှိနေရမှာပါပဲ…'

ထိုအခါမှ ကိုသောင်းဖေသည် စိတ်ဝင်စားမှု ပြလာသည်။

'မင်းတို့ တံခါးခေါက်တာ… ဘယ်လိုမှ ပြန်မထူးဘူး ဟုတ်လား'

'ဟုတ်တယ်… ကဲ… ဘယ့်နှယ့်လဲ ကိုသောင်းဖေ… ကျွန်တော်တို့ အထဲကို ဝင်ကြည့်ကြမလား'

ကိုသောင်းဖေသည် ဆေးပြင်းလိပ်ကြီးကိုခဲကာ ခေတ္တမျှ စဉ်းစားနေပြီးနောက်မှ စားပွဲပေါ်က သူ၏ခေါင်းလောင်းကလေးကို တီးလိုက်သည်။ ဝင်လာသော ရဲကြပ်တစ်ဦးအား…

'အောင်မောင်းကို… ငါ့ဆီလွှတ်လိုက်စမ်း'

ဟု ပြောလိုက်သည်။

တင်မောင်ဆွေက ကျေနပ်စွာ ပြုံးလိုက်မိသည်။ ရဲကြပ်ကြီး အောင်မောင်း၏ ထူးခြားသော အရည်အချင်းကား ဘယ်လိုတံခါးကို မဆို ဖောက်နိုင်ခြင်း ဖြစ်၏။ ကိုအောင်မောင်းတစ်ယောက် ရဲအဖွဲ့ထဲ ရောက်နေရခြင်းသည် ရာဇဝတ်သားလောကအတွက် ရဲဘော်ဟောင်း တစ်ယောက် ဆုံးရှုံးနေရခြင်း ဖြစ်သည်ဟု ရဲမင်းကြီးကိုယ်တိုင်က

www.burmeseclassic.com

တစ်ခါက ပြောဖူးလေသည်။

ပထမသော် ကိုသောင်းဖေသည် ရဲကြပ်ကြီး ကိုအောင်မောင်း တစ်ယောက်ကိုသာ ခေါ်ကာ တင်မောင်ဆွေနှင့်အတူ လန်ကပ်စတာ လမ်းရှိ ကိုခြူးစိန်တို့ ကုန်တိုက်သို့ လိုက်ကြည့်သည်။ ကိုအောင်မောင်းက တံခါးများကို လိုက်လံစစ်ဆေးကြည့်ရှုကာ တံခါးတွေ အားလုံးကို အတွင်းမှ ကန့်လန့်ချထားပါသည်ဟု ထောက်ခံလိုက်မှ အိမ်နီးချင်းတစ်အိမ်မှနေ၍ ဌာနချုပ်သို့ ဖုန်းဆက်ခိုင်းကာ သက်သေများနှင့် ရဲသားအကူအညီကို တောင်းလိုက်သည်။

ကိုသောင်းဖေသည် သက်သေနှစ်ယောက်ရှေ့တွင် ကိုအောင်မောင်းအား တိုက်ပြတင်းပေါက်တစ်ခုကို အဖွင့်ခိုင်းလိုက်သည်။ ပြတင်းပေါက်ပွင့်သွားလျှင် ကိုအောင်မောင်းကပင် အထဲသို့ကျော်ဝင်ကာ စောင့်နေကြသော လူများအတွက် တိုက်တံခါးမကြီးကို အတွင်းမှ ကန့်လန့်ဖြုတ်၍ ဖွင့်ပေးလိုက်သည်။

'တံခါးတွေအားလုံးကို ကျွန်တော် လိုက်ကြည့်တယ် ဆရာ၊ ကျွန်တော်တို့တွက်တဲ့အတိုင်း အတွင်းကနေ ကန့်လန့်တွေချလို့ ပိတ်ထားတာချည်းပဲ၊ အထဲမှာ တံခါးကို အတွင်းက ပိတ်ထားတဲ့ အခန်းတစ်ခန်းလည်း ရှိတယ်၊ အဲဒီအခန်းထဲက သိပ်ကို ပုပ်စော်နံတာပဲ'

ကိုအောင်မောင်းက ကိုသောင်းဖေကို အစီရင်ခံလိုက်ခြင်း ဖြစ်သည်။

တိုက်အတွင်းဝယ် ကုန်လှောင်ရုံကြီး လုပ်ထားသည်ကို ကိုသောင်းဖေတို့က တွေ့ကြရသည်။ တိုက်ဘောနံရံ တစ်ဘက်တွင်သာ အခန်းတစ်ခန်းဖွဲ့ထားကာ ကိုအောင်မောင်း ပြောသည့်အတိုင်းပင် တံခါးကို


www.burmeseclassic.com

BURMESE CLASSIC .com



အတွင်းမှ ကန့်လန့်ချပြီး ပိတ်ထား၏။ အတွင်းဘက်မှလည်း ပုပ်စော်နံသော အနံ့တစ်ခုက တော်တော်လေး ထွက်လာနေသည်။

ကိုသောင်းဖေသည် ဘယ်လိုမှတုံ့ဆိုင်း၍မနေပေ။ ကိုအောင်မောင်းအား အခန်းတံခါးကို လွှန်ပူနှင့် ဖောက်၍ အတွင်းကန့်လန့် ဖြုတ်ရန် အမိန့်ပေးလိုက်သည်။

ငါးမိနစ်ခန့်ကြာလျှင် ကိုအောင်မောင်းက အတွင်းကန့်လန့် ပြုတ်သွားသော တံခါးကို အသာတွန်းဖွင့်လိုက်ရာ အပုပ်နံ့ကပို၍ ထောင်းခနဲ ထွက်လာ၏။

အပုပ်နံ့ ဘယ်ကထွက်လာနေသည်ကို ကိုသောင်းဖေတို့က မကြာခင် တွေ့ရတော့သည်။ အခန်းထဲရှိ စားပွဲကြီးတစ်လုံးပေါ်တွင် လူတစ်ယောက်သည် မှောက်လျက်သားကြီး လဲကျနေသည်။ ထိုလူ ထံမှပင် အပုပ်နံ့က ထွက်လာနေခြင်း ဖြစ်သည်။

'ဘယ့်နှယ်… တင်မောင်ဆွေ မင်း ဒီလူ့ကို သိသလား ကွ…'

'သိပါတယ်… သူဟာ ပျောက်နေတဲ့ ကိုချုးစိန်ပါပဲ'

ကိုသောင်းဖေ၏ အမေးကို တင်မောင်ဆွေက ခေါင်းညိတ်၍ ဖြေလိုက်ခြင်း ဖြစ်သည်။

ကိုချုးစိန်တစ်ယောက်ခမျာကား မပြန်လမ်းကို မြန်းခဲ့ပြီ ဖြစ်သည်။ ၄င်း၏ဘယ်လက်သည် စားပွဲပေါ်ရှိ တယ်လီဖုန်းပေါ်သို့ အုပ်ကိုင်ထားလျက်ရှိသည်။ ညာလက်ကတော့ ဘေးတွင် တွဲလောင်းကျနေသော ပွိုင့် ၂၂ သေနတ်ကလေးတစ်လက်ကို ကိုင်ထားနေ၏။

ကိုသောင်းဖေသည် အလောင်း၏ အနေအထားကိုလည်း ကောင်း၊ အခန်း၏ တစ်ခုတည်းသောတံခါးကိုလည်းကောင်း ကြည့်

BURMESE CLASSIC .com



ရှုကာ ခေါင်းကို လေးလေးကြီး တစ်ချက်ညိတ်လိုက်သည်။

'ကိုယ့်ကိုယ်ကို သေနတ်နဲ့ ပစ်သတ်သွားတာပဲကွ။ စက်ာပူကမျှားလာပြီး ဒီမှာ သတ်သေရတယ်လို့ကွာ… အလကား တို့အလုပ် ရှုပ်ရတာပေါ့'

'နေစမ်းပါဦး ကိုသောင်းဖေ… သူဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်လို့ ခင်ဗျားက ဘယ်လိုလုပ် အတပ်ပြောနိုင်တာလဲ'

တင်မောင်ဆွေက စောဒက တက်လိုက်မိရာ ကိုသောင်းဖေက မျက်မှောင်ကြီးကြုတ်၍ ကြည့်လိုက်သည်။

'မင်းက ဘာရှည်ချင်တာတုန်း တင်မောင်ဆွေ… ကိုယ့်ကိုယ်ကို သတ်သေသွားတယ်ဆိုတာ အရှင်းကြီးကွ… တိုက်တံခါးတွေ အားလုံးကို အထဲက ကန့်လန့်ချ ပိတ်ထားတယ်ဆိုတာ မင်းမျက်မြင်ပဲ။ ပြီးတော့ ဒီအခန်းတံခါးကိုလည်း အတွင်းက ကန့်လန့်ချ ပိတ်ထားလို့ တို့ ဖျက်ဝင်ခဲ့ရတယ် မဟုတ်လား… အခန်းထဲမှာလည်း သူ့တစ်ယောက်တည်း သေနတ်ကို ကိုင်လျက်သား ရှိနေတယ်… ဒါမှ သူဟာ ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ရင် ဘယ်ကလာသတ်သွားနိုင်လို့လဲ… တိုက်ထရံကြီးတွေထဲက ဖောက်ထွက်နိုင်တဲ့ အစွမ်းတန်ခိုးရှိတဲ့ တစ္ဆေက လာသတ်သွားတာလား…'

ကိုသောင်းဖေသည် နှာခေါင်းတွင် လက်ကိုင်ပဝါစည်းကာ အလောင်းဘေးကို ချဉ်းကပ်သွားပြီး လက်ထဲက သေနတ်ကို ကြည့်လိုက်သည်။

'သေနတ်ကလည်း ပွိုင့်-၂၂-ပဲ မဟုတ်လား… မင်းငါ့ကို ပြောတော့ ဟိုညက ဒီလူဟာ ပွိုင့်-၂၂-သေနတ်ကို ပခုံးစလွယ်အိတ်

BURMESE CLASSIC .com

နဲ့ လွယ်ထားခဲ့တယ်ဆို… သူ့သေနတ်နဲ့ သူသတ်သေတာပဲ ဖြစ်ရမှာပေါ့ကွ'

တင်မောင်ဆွေသည် ခေါင်းညိတ်လိုက်ရာက စားပွဲပေါ်တွင် တွေ့ရသော သော့နှစ်ချောင်းအနက် တစ်ချောင်းကို အသာကောက်ယူကာ ဘောင်းဘီအိတ်ထဲသို့ မသိမသာ ထည့်ထားလိုက်သည်။ ကိုသောင်းဖေက ထိုအခြင်းအရာကို မမြင်ဘဲ ရဲသားတစ်ယောက်ကို လှမ်းပြောလိုက်သည်။

'ကဲ… လူသေမှု ဖြစ်နေတယ် ဆိုတာကို ရန်ကုန်ရဲဌာနကို ဖုန်းဆက် တိုင်လိုက်စမ်းကွာ…'

တင်မောင်ဆွေသည် အလောင်းကို စစ်ဆေးကြည့်ရှုနေသော ရဲကြပ်ကြီး ကိုအောင်မောင်းအား မေးခွန်းတစ်ခု လှမ်းမေးလိုက်သည်။

'သေနတ်ဒဏ်ရာက ဘယ်မှာလဲ ကိုအောင်မောင်း'

'ဗိုက်မှာပါ ကိုတင်မောင်ဆွေ၊ တစ်ချက်တည်းပဲ၊ အဝတ်တွေမှာ မီးလောင်ထားတော့ သေနတ်ပြောင်းဝတေ့ပြီး ပစ်တာ ထင်ရှားပါတယ်…'

ကိုသောင်းဖေသည် အလောင်း၏ အဝတ်အစားများမှအိတ်များတွင် နှိုက်၍ ရှာဖွေပြန်သည်။ ထူးထွေသော ပစ္စည်းဆို၍ နှစ်ခုကိုသာ တွေ့ရလေသည်။ ၄င်းတို့ကား အသက်အာမခံစာချုပ် နှစ်ခု ဖြစ်သည်။ အင်္ဂါနေ့ကမှ စတင်ပြုလုပ်ထားခြင်းဖြစ်ကာ အကယ်၍ ကိုခြူးစိန်သေလျှင် အကျိုးခံစားရမည့်သူများမှာ ကေသီမြိုင်နှင့် စိန်စိန်ဆိုသော အခြား အမျိုးသမီးနှစ်ယောက် ဖြစ်နေသည်။ ထို စိန်စိန်ဆိုသော အမျိုးသမီး၏လိပ်စာမှာ ကြည့်မြင်တိုင်မှ ဘောဂလမ်း

လိပ်စာဖြစ်သည်ကို တင်မောင်ဆွေက မှတ်ထားလိုက်သည်။

'အင်း... စာချုပ်အရဆိုရင် အကယ်၍ ကိုခြူးစိန်ဟာ ရိုးရိုးတန်းတန်း သေခဲ့ရင် အမျိုးသမီးနှစ်ယောက်က တစ်ယောက်ကို ငွေတစ်သောင်းစီ ရကြမှာ၊ မတော်တဆ ထိခိုက်မှုနဲ့ သေရတာဆို ရင်တော့ နှစ်ဆတိုးပြီး ငွေနှစ်သောင်းစီတောင် ရကြမှာ...၊ ကိုယ့်ကိုယ်ကို သတ်သေတာလဲ အကယ်၍ အသက် အာမခံလုပ်ပြီး နှစ်နှစ်ကြာမှဆိုရင် မတော်တဆ ထိခိုက်တယ်လို့ မှတ်ယူကြတယ် မဟုတ်လား...၊ အခုတော့ နှစ်နှစ်မစောင့်နိုင်တော့ ဒီစာချုပ်တွေဟာ ဘာမှ တန်ဖိုးမရှိတော့ဘူးပေါ့...'

ကိုသောင်းဖေက စာချုပ်များကို ဖတ်ကြည့်နေရာက မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေကမူ စီးကရက် တစ်လိပ် ပါးစပ်တွင် တပ်လိုက်ရာက ကိုခြူးစိန်၏ အိတ်ထဲမှ ထုတ်ယူပြီး ကိုသောင်းဖေက စားပွဲပေါ်တွင် တင်ထားခဲ့သော မီးခြစ်ဘူးကို ကောက်ယူကာ ဖွင့်လိုက်သည်။ မီးခြစ်ဘူးအံဆွဲကလေးထဲက စာရွက်ခေါက်ကလေးတစ်ခုကို တွေ့ရပြန်ရာ တင်မောင်ဆွေက အသာ လက်ကြားထဲတွင်ညှပ်ယူပြီးနောက် ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ပြန်သည်။

ကိုသောင်းဖေကတော့ ရန်ကုန်မှ ရောက်လာသော ရဲအဖွဲ့ဝင်များနှင့်အတူ အလုပ်ရှုပ်နေသည်။ ပီကင်းဟော်တယ်တွင် တည်းခိုနေသော မစ္စမော်လီနှင့် မော်တင်တွင် နေထိုင်သော ကိုဝီလီဆိုသူတို့ထံ အကြောင်းကြားရန် ကိုသောင်းဖေက ညွှန်ကြားလိုက်သည်။

ထို့နောက် ရန်ကုန်ဌာနမှ အမှုလိုက်ရဲအုပ်နှင့် တိုင်ပင်နေ


www.burmeseclassic.com

ကြသည်ကို တင်မောင်ဆွေက မေး၍ ရပ်ကြည့်နေသည်။

'တံခါးတွေအားလုံးကို အတွင်းက ကန့်လန့်ချ အလုံပိတ်ထားတဲ့ ဒီအထဲမှာ သူတစ်ယောက်တည်း သေနတ်ဒဏ်ရာ တစ်ချက်တည်းနဲ့ သေနတ်ကိုင်လျက်သား သေနေတယ်ဆိုတော့ ကိုယ့်ကိုယ်ကို သတ်သေတာပဲ ဖြစ်ရမှာပဲ အစ်ကိုကြီး'

'အေး… ကျုပ်လည်း ဒီလိုပဲ သဘောရတယ်… ကဲ… တင်မောင်ဆွေ မင်းကကော ဘယ်လိုသဘောရသလဲကွ'

ရဲအုပ်၏စကားကို ထောက်ခံလိုက်ရက ကိုသောင်းဖေသည် တင်မောင်ဆွေအား လှည့်မေးလိုက်သည်။ တင်မောင်ဆွေက ပခုံး များကိုသာ တွန့်ပြလိုက်၏။

'ခင်ဗျားတို့ သဘောပါပဲ ကိုသောင်းဖေ… ကဲ… ဒီလို ဆိုလည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးဗျာ… ကျွန်တော့်ကို ခင်ဗျား တို့ လိုတော့မှာ မဟုတ်ပါဘူး…'

ကိုသောင်းဖေကလည်း ရှောရှောရှူရှူပင် ခေါင်းညိတ်ပြလိုက်ရာ တင်မောင်ဆွေကလည်း အသာလှည့်ထွက်ခဲ့လေ၏။

တင်မောင်ဆွေသည် လမ်းပေါ်သို့ ရောက်လာသည့်အခါ တွင်မှ အသာလစ်လာခဲ့သော မီးခြစ်ဗူးကို ဘောင်းဘီအိတ်ထဲမှ ထုတ်ယူလိုက်ကာ အတွင်းမှ စာရွက်ခေါက်ကလေးကို ဖြေဖတ် ကြည့်လိုက်သည်။

'ဦးထွားမောင်နှင့် ချိန်းထားသည်။ ဗုဒ္ဓဟူးနေ့ နေ့လည်မွန်းတည့်ချိန် အမှတ် (…..) ကုန်သည်လမ်း'

တင်မောင်ဆွေသည် စာရွက်ခေါက်ကလေးကို အင်္ကျီ အိတ်ထဲ ပြန်ထည့်ထားလိုက်ကာ သုံးဘီးကားတစ်စင်းကို လှမ်းခေါ်လျက် မော်တင်ဘက်သို့ မောင်းခိုင်းလိုက်သည်။ ကိုချိုးစိန်၏အလောင်း တွင်

တွေ့ရသော အသက်အာမခံစာချုပ်မှ အကျိုးခံစားခွင့်ရှိသူ မစိန်စိန်ဆိုသူအား သူက သွားရှာခြင်းဖြစ်သည်။

လိပ်စာအရဆိုလျှင် မစိန်စိန်၏အိမ်မှာ ထိုနှစ်ထပ်တိုက်ကြီးတစ်တိုက်၏ အထက်ခန်းဖြစ်နေသည်။ တိုက်ခန်း၏တံခါးသည် ပိတ်နေသည်။ တံခါးတွင် ရှိနေသော လူခေါ်ခေါင်းလောင်းဘုကလေးကို နှိပ်ကြည့်လိုက်သော်လည်း အထဲမှ ဘယ်လိုမှ ပြန်ထူးသံမကြားရသဖြင့် အသာပြန်လှည့်ဆင်းခဲ့ရသည်။

ကိုဝီလီနှင့်တွေ့ရလို တွေ့ရငြား မော်တင်တွင် ဝင်ကြည့်သေးရာ ကိုဝီလီမှာလည်း သုံးထပ်တိုက်ကြီး တစ်တိုက်၏ အပေါ်ဆုံးအထပ်မှာ ကျယ်ဝန်းကြီးမားသော တိုက်ခန်းကြီးနှင့်နေထိုင်သည်ကို တွေ့ရပြန်သည်။ သို့ရာတွင် ကိုဝီလီကို မတွေ့ခဲ့ရဘဲ ပြန်ဆင်းလာခဲ့ရသည်။

နောက်ဆုံးတွင် သူသည် ဆူးလေဘုရားလမ်းရှိ အလုပ်တိုက်သို့ ပြန်လာခဲ့၏။ ဧည့်ခန်းထဲတွင် ဧည့်သည်တစ်ယောက်က သူ့အား စောင့်နေသည်။ ထိုဧည့်သည်ကား အသက်အာမခံ ကိုယ်စားလှယ် ကိုထွန်းရီပင် ဖြစ်နေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## -ဂ-

ကိုထွန်းရီ စောင့်နေသည်မှာ တော်တော်ကြာပြီ ဖြစ်ကြောင်း မေစီက သူ့အား ဆီးပြောလိုက်သည်။

တင်မောင်ဆွေလည်း ကိုထွန်းရီအား သူ၏အတွင်းရုံးခန်းထဲသို့ ခေါ်လာခဲ့လေသည်။

'ကဲ… ကိုထွန်းရီ ဆိုစမ်းပါဦး။ ကျွန်တော့်ကို လာစောင့်တွေ့နေတာက ဘာကိစ္စ…'

တင်မောင်ဆွေ မောမောနှင့် ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ စီးကရက်ဗူးကို ထုတ်ရာက မေးလိုက်သည်။ ကိုထွန်းရီကတော့ ကုလားထိုင်တွင် ဝင်မထိုင်သေးဘဲ တင်မောင်ဆွေ့အား အကဲခတ်သလို ကြည့်နေလိုက်ပြီးမှ…

'ခင်ဗျား မနက်ကလာမေးတဲ့ ကိစ္စမှာ ပြောစရာတစ်ခု ကျန်နေတာနဲ့ လာတွေ့တာပဲဗျ'

ဟု ဖြေလိုက်သည်။

တင်မောင်ဆွေသည် မျက်ခုံးများကို ပင့်ကြည့်လိုက်သည်။ ကိုထွန်းရီက ထိုအခါမှ ကုလားထိုင်တွင် ဝင်ထိုင်ကာ စကားဆက်ပြန်သည်။


www.burmeseclassic.com

'ကျွန်တော်က အမှန်တော့ တမင်မပြောဘဲ ချန်ထားခဲ့တာဗျ... ဟိုအမျိုးသမီးက ခင်ဗျားနဲ့ပါလာတော့ သူ့ရှေ့မှာ ထုတ်ပြောသင့်၊ မပြောသင့် ဆိုတာကို ကျွန်တော်က ဝေခွဲမရခဲ့ပါဘူး'

'ခင်ဗျားပြောချင်တာ ကျွန်တော် သိပါပြီ။ ကိုခြူးစိန်ဟာ... အင်္ဂါနေ့က အသက်အာမခံစာချုပ်နှစ်ခု လုပ်သွားတာ မဟုတ်လား... ကေသီမြိုင့်အတွက်အပြင် မစိန်စိန်အတွက်ပါ လုပ်ခဲ့တာကို ပြောချင်တာ မဟုတ်လား'

ကိုထွန်းရီမှာ တော်တော် အံ့သြသွားသဖြင့်... ပါးစပ်အဟောင်းသားနှင့် တင်မောင်ဆွေကို ကြည့်နေသည်။ ပြီးမှ...

'ဟောဗျ... ခင်ဗျားက ဘယ်လိုလုပ် သိသွားတာလဲဗျ...'

ဟု တအံ့တသြ အသံနှင့် မေးလိုက်သည်။

'ကျုပ်သိတာကို ထားလိုက်ပါလေ... ခင်ဗျားမနက်တုန်းက ဘာပြုလို့ ဒီအကြောင်းကိုပါ တစ်ပါတည်း မပြောလိုက်တာလဲဗျာ'

'ခင်ဗျားနဲ့အတူ ပါလာတဲ့ ကေသီမြိုင့်ကြောင့်ပေါ့ဗျာ... ခင်ဗျားပဲ စဉ်းစားကြည့်ပါလေ... ကိုခြူးစိန်က တစ်နေ့တည်း တစ်ချိန်တည်းမှာ အမျိုးသမီးနှစ်ယောက်အတွက် သူ့အသက်ကို အာမခံလုပ်သွားခဲ့တာကလား... အဲဒါ ကာယကံရှင်အမျိုးသမီး တစ်ယောက်ရှေ့မှာ ကျန်အမျိုးသမီးတစ်ယောက်အကြောင်းကို ထည့်ပြောသင့်၊ မပြောသင့်ဆိုတာ စဉ်းစားရသေးတယ် မဟုတ်လား... ကိုခြူးစိန်နဲ့ ဒီအမျိုးသမီးနှစ်ယောက်ဟာ... ဘယ်လို ဆက်ဆံမှုရှိနေတယ်ဆိုတာကိုလည်း ကျုပ်က သိတာမှ မဟုတ်တာ

ဘဲ။ ဒါကြောင့် ကျုပ် မနက်က ကောသီမြို့ရှေ့မှာ… မစိန်စိန် အကြောင်း မပြောခဲ့တာဘဲ…'

ကိုထွန်းရီ ပြောသည်မှာ ဟုတ်မှန်နေသည်ဖြစ်ရာ တင်မောင်ဆွေက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီလေ… ကျွန်တော် နားလည်ပါပြီ'

'ဘယ့်နှယ်လဲဗျ… ကိုခြူးစိန် ပျောက်နေတယ်ဆိုတာ တော့ ရှာတွေ့ကြပြီလား'

'ကိုခြူးစိန်အကြောင်း ထားလိုက်ပါဦးလေ… ခင်ဗျားကို ကျွန်တော် အဲဒီ မစိန်စိန်အကြောင်း မေးပါရစေ။ ဒီ မစိန်စိန်က ကိုခြူးစိန်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာကို ခင်ဗျား ပြောပြနိုင်မလား။ ဥပမာ ဘယ်လိုအကြောင်းကြောင့် သူက မစိန်စိန်အတွက် အသက်အာမခံငွေ တစ်သောင်းလုပ်ခဲ့တယ် ဆိုတာပေါ့ဗျာ'

ကိုထွန်းရီသည် နှုတ်ခမ်းကို လက်နှင့်တို့ကာ ခပ်တွေတွေ ဖြစ်နေပြီး နောက်မှ…

'ကျွန်တော် သိသလောက် ပြောပြပါ့မယ်လေ… ဒီလိုဗျ'

မစိန်စိန်နှင့် ပတ်သက်၍ ကိုထွန်းရီ ပြောပြသည်မှာ စိတ်ဝင်စားစရာ ဖြစ်နေတော့သည်။ မစိန်စိန်သည် တစ်ခါကဆိုလျှင် ပြဇာတ်လောကတွင် အရုံမင်းသမီးတစ်ယောက် ဖြစ်ခဲ့သည်။ သို့ရာတွင် ထီနှစ်သောင်းပေါက်သည့်အခါတွင် လိမ္မာစွာပင် ပြဇာတ်ကို ကျောခိုင်းလျက် ဆယ်တန်းစာမေးပွဲဝင်ဖြေကာ အောင်မြင်သည့် အခါတွင် လက်ရေးတို လက်နှိပ်စက်အတတ်သင်ပြန်ပြီး စီးပွားရေး နယ်တွင် ဝင်လုပ်ခဲ့ရာ ယခုဆိုလျှင် ရန်ကုန်မြို့၏ ထိပ်သီး စီးပွားရေး သမားတစ်ယောက်ဖြစ်သော ဦးထွားမောင်၏ လက်ထောက်အဖြစ်

နှင့် ဆောင်ရွက်လျက် ရှိနေသည်။

'ကိုခြူးစိန်နဲ့ သူကကော ဘယ်လိုအဆက်အသွယ် ရှိတာလဲဗျ'

'ကိုခြူးစိန်နဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်တုန်းက အသက်အာမခံ ကုမ္ပဏီမှာ အတူတူ လုပ်ခဲ့ဖူးတယ်၊ အဲဒီကတည်းက သူတို့နှစ်ယောက်ဟာ တော်တော်ခင်ခဲ့ကြတယ်၊ ခင်ဆိုတတွဲတွဲပဲဗျ၊ ကိုခြူးစိန် စင်္ကာပူကိုသွားတဲ့အထိ ဆိုပါတော့ဗျာ'

တင်မောင်ဆွေသည် ကိုထွန်းရီအား အကဲခတ်သလို ကြည့်လိုက်ကာ... မေးခွန်းတစ်ခု ထပ်ထုတ်လိုက်လေသည်။

'ခင်ဗျားနဲ့ကော မစိန်စိန်က မရင်းနှီးဘူးလားဗျာ'

'ခင်ဖူးပါတယ်ဗျာ'

ဟု ကိုထွန်းရီက တိုတိုပင် ပြန်ဖြေလိုက်လေသည်။

'ကိုခြူးစိန်က သူ့အတွက် ငွေတစ်သောင်း အသက်အာမခံလုပ်ထားခဲ့တာကကော ဘယ်လိုလဲဗျ... ခင်ဗျားသိထားသလား'

တင်မောင်ဆွေက မေးခွန်းထုတ်လိုက်ပြန်ရာ ကိုထွန်းရီက ကေသီမြိုင်ထံမှ သိခဲ့ရသည်နှင့် မခြားလှသောအကြောင်းကိုပင် သိရပြန်သည်။ ကိုခြူးစိန်သည် ယခုယွန်းထည်ထွက်ကုန်လုပ်နိုင်ရေးအတွက် ကိုဝီလီ့ထံတွင် အစုငွေလေးသောင်းထည့်ရန် နှစ်သောင်းလိုနေသဖြင့် စိန်စိန့်ထံမှ ငွေတစ်သောင်း ချေးငှားခဲ့ရသည်။

'ကျန်တဲ့ တစ်သောင်းကိုတော့ ကေသီမြိုင့်ဆီက ချေးခဲ့ရတယ်လို့ အင်္ဂါနေ့ကမှ ကျွန်တော် သိရတယ်'

ဟု ကိုထွန်းရီက ဆက်၍ ပြောပြပြန်သည်။

'အဲဒါနဲ့ပဲ သူက အင်္ဂါနေ့က သူတို့နှစ်ယောက်ကို ကျေးဇူး

ဆပ်တဲ့အနေနဲ့ သူတို့အတွက် တစ်ယောက်တစ်သောင်းစီနဲ့ အသက်အာမခံ လုပ်ချင်တယ်ဆိုပြီး လာလုပ်တာပဲဗျ'

ကိုချိုးစိန်ကား... ကျေးဇူးသိတတ်သူတစ်ယောက် ဖြစ်ချေသည်ဟု တင်မောင်ဆွေက စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။ ပြီးတော့လည်း ယင်းသို့ သူ့ကျေးဇူးရှင် အမျိုးသမီးနှစ်ဦးအား ယင်းသို့ ထူးထူးခြားခြား ကျေးဇူးဆပ်နည်းဖြင့် ကျေးဇူးဆပ်ပြီးမှ ထိုကျေးဇူးဆပ်ချက် အချည်းနှီး ဖြစ်သွားရအောင် ကိုယ့်ကိုယ်ကို သတ်သေလိုက်ခြင်းကိုလည်း တင်မောင်ဆွေက စဉ်းစားမိပြန်သည်။ အသက်အာမခံ ပြုလုပ်ပြီး နှစ်နှစ်မပြည့်မီအတွင်း ကိုယ့်ကိုယ်ကို သတ်သေပါက အသက်အာမခံချက် အချည်းနှီး ဖြစ်စေသည် ဆိုခြင်းကို ကိုချိုးစိန်သည် အသက်အာမခံ ကိုယ်စားလှယ်ဟောင်း တစ်ဦးအနေဖြင့် သိထားလိမ့်မည်သာ ဖြစ်လေ၏။

ကိုထွန်းရီသည် လက်ပတ်နာရီကို ကြည့်ကာ ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်လေသည်။

'ကဲ... ကျွန်တော်ရောက်နေတာ တော်တော်ကြာသွားပြီ ပြန်ဦးမှပဲဗျ'

'ခဏနေပါဦးလေ... ခင်ဗျား ကိုချိုးစိန်အကြောင်း မသိချင်ဘူးလား'

'ဟုတ်ကဲ့... သိချင်ပါတယ်၊ သူ့ကိုရှာမတွေ့သေးဘူးလားဗျ'

တင်မောင်ဆွေကလည်း ကိုချိုးစိန်အကြောင်းကို ခပ်တိုတိုပင် ပြောပြလိုက်လေသည်။ ကိုထွန်းရီကား တော်တော်ပင် အံ့အားသင့် တုန်လှုပ်သွားပုံရလေသည်။

'သူ··· သူ··· အခု ဘယ်မှာလဲဟင်··· ကျုပ်ဟာ သူ့ မိတ်ဆွေ တစ်ယောက်ပါဗျာ'

'မြို့မစုံထောက်ဌာနက ရဲမှူးကြီး ကိုသောင်းဖေကို သွား မေးကြည့်ပေတော့ဗျာ'

ကိုထွန်းရီသည် ခပ်သုတ်သုတ်ပင် အခန်းတွင်းမှ ထွက် သွားလေသည်။

တင်မောင်ဆွေကတော့ အခန်းထဲတွင် ထိုင်ကျန်ရစ်ခဲ့ကာ စီးကရက် တစ်လိပ်ပြီးတစ်လိပ်သောက်လျက် တော်တော်ကြာအောင် ပင် စဉ်းစားခန်းဝင်နေလိုက်လေသည်။

ပြီးမှ မေစီအား··· မိမိကို အလိုရှိလျှင် ပီကင်းဟော်တယ် မှ မစ္စမော်လီဝိုင်းထံတွင် ရှိနေမည် ဖြစ်သည်ဟု မှာခဲ့ကာ အပြင်သို့ ထွက်လာခဲ့လေ၏။

ပီကင်းဟော်တယ်တွင် မော်လီဝိုင်းကို သူမ၏အခန်းထဲ၌ အဆင်သင့်ပင် တွေ့ရလေသည်။

မော်လီဝိုင်းသည် တော်တော်လည်း အရက်မူးနေလေသည်။ ဟင်နက်ဆီ ဘရန်ဒီ ပုလင်းအသစ်တစ်လုံးသည် ဗီရိုပုကလေးပေါ် တွင် ရှိနေသည်။ မော်လီဝိုင်းသည် တရုတ်ဖဲအင်္ကျီရှည်ကြီးကို ဝတ် ဆင်ထားသည်။ ထိုအင်္ကျီကြီးအောက်တွင် ဘာမှ ခံမဝတ်ထားသည် မှာလည်း ထင်ရှားလှသည်။ သူမ၏ လုံးကျစ်မို့မောက်သော ရင်အုံ၊ ထွားမို့သည့်တင်သားကြီးများနှင့် ရှည်လျားသော ပေါင်တံရှည်ကြီး များ၏အလှသည် ပို၍သာ ထင်ရှားနေရသည်။

'ကိုတင်မောင်ဆွေ··· ဘရန်ဒီ သောက်ပါဦးလားရှင်··· ကျွန်မနဲ့ အဖော်ရအောင်ပါ၊ တစ်ခွက်လောက်တော့ သောက်ပါ


www.burmeseclassic.com

ကိုတင်မောင်ဆွေ'

မော်လီသည် တင်မောင်ဆွေအား သနားစဖွယ်ပင်... တောင်းပန်သည်။

'ကောင်းပြီလေ... ကျွန်တော် ခင်ဗျားနဲ့အတူ သောက်ပါ့မယ်...'

မော်လီသည် ဘရန်ဒီပုလင်းကို ဆွဲယူကာ ဖန်ခွက်အလွတ်ထဲသို့ အရက်တော်တော်များများကို ငှဲ့ပေးလိုက်သည်။

ထို့နောက်... တင်မောင်ဆွေထံသို့ လျှောက်လာရာ ကိုယ်ကလေး ယိမ်းထိုးသွားရကား တင်မောင်ဆွေက ကပျာကရာ ဖမ်းထိန်းထားလိုက်ရသည်။

'ကိုတင်မောင်ဆွေ... ရှင် ခြူးစိန့်အကြောင်း ကြားပြီးပြီလား...'

မော်လီသည် ဝေတေတေ ရီတီတီ ဖြစ်နေသော မျက်လုံးများနှင့် တင်မောင်ဆွေကို မော့ကြည့်ကာ မေးလိုက်သည်။

'သိပြီးပါပြီ...'

'ကျွန်မဆီကို ပုလိပ်တွေတောင် ရောက်လာသေးတယ်... ကိုတင်မောင်ဆွေ၊ အခု ကိုတင်မောင်ဆွေ ရောက်လာတာကို ကျွန်မ သိပ်ဝမ်းသာတာပဲ...'

'ဝမ်းသာတယ်... ဟုတ်လား၊ ဘာဖြစ်လို့လဲ'

မော်လီဝိုင်းသည် ခေါင်းကလေးကို တဆတ်ဆတ် ညိတ်ရာက... တင်မောင်ဆွေလက်မောင်းကို တင်းကြပ်စွာ ဖက်ထားလိုက်သည်။

'ကျွန်မ ကြောက်တယ်... ကိုတင်မောင်ဆွေ၊ သိပ်

ကြောက်တာပဲ၊ ကျွန်မမှာ စိတ်ရောဂါ ရှိတယ်ဆိုတာကို မနေ့က ရှင့်ကို ပြောပြထားခဲ့တယ်… မဟုတ်လား၊ ကျွန်မဟာ ဒီလိုပဲ စိတ်လှုပ်ရှားမှု ခံစားလာရတဲ့ အခါမှာ သိပ်ကြောက်တတ်တယ်၊ အားငယ်တတ်တယ်'

မော်လီသည် ရီဝေသော မျက်လုံးကြီးများနှင့် တင်မောင်ဆွေကို မော့ကြည့်ရာ… ပြောနေရာက ရုတ်တရက် သူမ၏လက်မောင်းများက တင်မောင်ဆွေ၏ လည်ပင်းကို သိုင်းဖက်ထားလိုက်လေသည်။

'အဲသလို… ကျွန်မ စိတ်အားတွေငယ်ပြီး ကြောက်လာတဲ့ အခါမှာ ကျွန်မဟာ သန်စွမ်းကျန်းမာတဲ့ ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို သိပ်ပြီး လိုအပ်တော့တာပဲ၊ ဒီလိုယောကျ်ားတစ်ယောက်က ကျွန်မကိုချစ်မှလည်း ကျွန်မရဲ့အားငယ်စိတ်တွေ ပျောက်သွားတတ်ပါတယ်၊ ကျွန်မကို ချစ်ပါ… ကိုတင်မောင်ဆွေ၊ အခု ကျွန်မမှာ တစ်ယောက်တည်း ဖြစ်နေပါတယ်… ကျွန်မ အားငယ်နေပါတယ်… ကျွန်မကို ချစ်ပါ… ချစ်ပါ…'

မော်လီသည် အင်္ဂလိပ်လို တတွတ်တွတ်ပြောပြီး တင်မောင်ဆွေ၏လည်ပင်းကို တင်းကြပ်စွာဖက်ကာ သူမ၏ တောင့်တင်းဖွံ့ထွားသော ကိုယ်လုံးကြီးကိုလည်း တင်မောင်ဆွေ့ကိုယ်တွင် အတင်း တိုးကပ်ဖိအပ်ထားလိုက်လေသည်။

'မစ္စမော်လီ… သတိထားပါလေ… ခင်ဗျား မူးနေတယ်'

'အို… ကျွန်မ အရက်မူးနေလို့ ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး… ကိုတင်မောင်ဆွေရယ်၊ ကျွန်မကိုလည်း မော်လီလို့ ပဲခေါ်ပါ၊ ကျွန်မဟာ တကယ်တော့ ရှင့်လို ယောကျ်ားတစ်ယောက်

ရဲ့အချစ်ကို လိုနေတာပါ၊ ကျွန်မကို ချစ်စမ်းပါ… ကိုတင်မောင်ဆွေရယ်၊ ရှင်ဟာ ယောကျ်ားတစ်ယောက် မဟုတ်လား… ဟင်'

မော်လီဝိုင်းသည် မချင့်မရဲသော အသံကလေးနှင့် ထပ်ပြောနေပြန်သည်။ တင်မောင်ဆွေသည် စိတ္တဗေဒနှင့် စိတ်ရောဂါများအကြောင်းကို စာအုပ်များတွင် အတော်အတန် လေ့လာဖူးသည်ဖြစ်ရာ မော်လီဝိုင်း၏ ခံစားရမှုမျိုးကို သဘောပေါက်မိလေသည်။

တစ်စုံတစ်ခုသောစိတ်လှုပ်ရှားမှုမျိုးကို ခံစားရပြီး ကြောက်စိတ် (သို့) အားငယ်စိတ်က ဖြစ်ပေါ်လွှမ်းမိုးလာတတ်ကာ ထိုအခါများတွင် ဆန့်ကျင်ဘက် လိင်တစ်ဦးဦးနှင့် ကိုယ်ချင်းရင်းနှီးလိုက်ရမှ ထိုစိတ်များပျောက်ကွယ်ကာ ပြန်၍ မူမှန်လာတတ်သည့် စိတ်ရောဂါသည်များ ရှိကြောင်းကိုလည်း တင်မောင်ဆွေက သိထားခဲ့သည်။

ယခု မော်လီဝိုင်းကား ထိုသို့သော ရောဂါသည်မျိုး ဖြစ်ဟန်တူပေ၏။

'ကျွန်မကို ချစ်ပါ… ကိုတင်မောင်ဆွေ ချစ်ပါ၊ ကျွန်မကို မသနားဘူးလား ကိုတင်မောင်ဆွေ…'

'မစ္စတာဝီလီ ရှိနေတယ် မဟုတ်လား မော်လီ၊ မစ္စတာဝီလီကိုသာ…'

'အို… ဝီလီက အလကားပဲ၊ ဝီလို့ကို ကျွန်မ အခု မချစ်တော့ဘူး… ရှင့်ကိုပဲ ကျွန်မ တွေတွေချင်း သဘောကျမိတယ်၊ ဝီလီက ပြောင်းလဲသွားပြီ… အခု ကျွန်မ သူ့ကိုကြောက်တယ်၊ အခု ကျွန်မမှာ အားကိုးရာမဲ့ တစ်ယောက်တည်း ဖြစ်နေရပြီ၊ အို… ကိုတင်မောင်ဆွေရယ် ကျွန်မ ပြောတာကို နားမလည်ဘူးလားဟင်၊ ကျွန်မ ရှင့်အချစ်ကို သိပ်လိုနေတယ်ရှင့် ကျွန်မကို ချစ်စမ်းပါ…'

www.burmeseclassic.com

မော်လီသည် ပြောရင်းကပင် မျက်လုံးများတွင် မျက်ရည်များ စို့တက်လာကာ… သူမ၏ တစ်ကိုယ်လုံးက ငှက်ဖျား တက်လာသလို တဆတ်ဆတ် တုန်ယင်လာတော့သည်။

တင်မောင်ဆွေသည် စိတ်ထဲက သနားသလို ရှိလာမိရကာ သူမ၏ ခါးကလေးများကို အလိုက်သင့်ဖက်ထားလိုက်မိသည်။ ဤသည်မှာပင် သူ့အမှား ဖြစ်တော့သည်။

အတွေ့ခာတ် ဖမ်းစားမိလျှင် ရှန်းကန် လွတ်မြောက်နိုင်သူ ကခပ်ရှားရှားပဲ မဟုတ်ပါလား။

တင်မောင်ဆွေသည် တရုတ်ကပြားမကလေး မော်လီ၏ ပြင်းထန်တက်ကြွသော ရမ္မက်ဇောလှိုင်းတံပိုးကြားဝယ် ခေတ္တခဏတော့ စုံးစုံးနစ်မြုပ် သွားမိလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၈-

'ရော့… ကိုဆွေ ဘရန်ဒီတစ်ခွက်သောက်လိုက်ပါဦး'

မော်လီဝိုင်းသည် ငှဲ့ထည့်ယူလာသော ဘရန်ဒီတစ်ခွက်ကို ဆိုဖာပေါ်တွင် ထိုင်လျက် စီးကရက် သောက်နေသော တင်မောင်ဆွေအား လှမ်းပေးလိုက်လေသည်။

ထို့နောက် တင်မောင်ဆွေဘေးတွင် ဝင်ထိုင်လိုက်ကာ… နှစ်သိမ့်အားရသော အမူအရာလေးနှင့် တင်မောင်ဆွေပခုံးပေါ်တွင် ခေါင်းကလေး မှေးတင်ထားလိုက်လေသည်။

တင်မောင်ဆွေသည် သူမနှင့် အတော်ကြာအောင် စကား ပြောခဲ့ရမည် ဖြစ်သည်။ မော်လီသည် သူမ၏ တရုတ်အမျိုးသား ဖခင်နှင့် အင်္ဂလိပ်မြန်မာ မိခင်တို့အကြောင်း၊ စကော့ပူတွင် ကျောင်းနေခဲ့ရသည့်အကြောင်း၊ သူမ၏စိတ်ရောဂါနှင့် သူမအား ဆေးကုပေးနေသော စိတ္တဇပေါရဂူဆရာဝန်အကြောင်းတွေကို ပြောပြခဲ့သော်လည်း တင်မောင်ဆွေက သူမ ရှယ်ယာပါဝင်ထားသော ယွန်းထည်ထွက် ကုန်လုပ်ငန်းအကြောင်းကိုလည်းကောင်း၊ ကိုခြူးစိန်အကြောင်းကို လည်းကောင်း မေးလာလျှင်မူ ဟုတ်တိပတ်တိ ပြန်မဖြေဘဲ စကား


www.burmeseclassic.com

www.burmeseclassic.com

ကို လှိုးလွှဲပစ်ခဲ့သည်သာ ဖြစ်လေ၏။

တင်မောင်ဆွေသည် ဘရန်ဒီကို သောက်ပြီးလျှင် လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ကာ…

'ကဲ… ကျွန်တော် သွားဦးမယ်… မော်လီ'

ဟု ပြောလိုက်ကာ ထရန် ဟန်ပြင်လိုက်သည်။

'အို… ကိုဆွေကလည်း ဘယ်သွားမလို့လဲကွယ်၊ ကျွန်မ တစ်ယောက်တည်း မနေခဲ့ပါရစေနဲ့… ကျွန်မကို သနားပါ ကိုဆွေရယ်…'

မော်လီဝိုင်းက တင်မောင်ဆွေ၏ လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ကာ တောင်းပန်လိုက်သည်။

'ဆောရီးပဲ မော်လီ၊ ကျွန်တော် သွားစရာ ရှိနေသေးလို့ပါ'

'ဘယ်ကို သွားမှာလဲ ကိုတင်မောင်ဆွေ'

'ဦးထွားမောင်ဆိုတဲ့ လူဆီကိုပဲ၊ သူ့ကို မော်လီ သိသလား'

'ဟင့်အင်း… မသိပါဘူး၊ ဒါပေမယ့် မော်လီပါ လိုက်ခဲ့ပါရစေ ကိုတင်မောင်ဆွေ၊ မော်လီတစ်ယောက်တည်း ဒီမှာ… မနေခဲ့ချင်ဘူး'

'လိုက်ချင်လည်း လိုက်ခဲ့လေ…'

'ဒီလိုဆို ခဏလေး စောင့်နေပါနော်… မော်လီ အဝတ်လဲလိုက်ပါရစေဦး'

စစ်ကဲ မောင်ထော်လေးလမ်းရှိ ဦးထွားမောင်၏ လိပ်စာမှာ သုံးထပ်တိုက်ကြီး တစ်တိုက်၏ အလယ်ထပ် တစ်ထပ်လုံးရှိ တိုက်ခန်းကျယ်ကြီး တစ်ခန်းဖြစ်နေလေသည်။ အခန်းကျယ်ကြီးထဲသို့ ဝင်သွားလျှင်ပင် တခမ်းတနား ခေတ်မီစွာ ပြင်ဆင်ထားသော အိမ်


www.burmeseclassic.com

ထောင် ပရိဘောဂများနှင့်အတူ ကြီးမားပြောင်လက်သော စားပွဲကြီးတွင် ခေတ်မီစွာ ဝတ်စားပြင်ဆင်ထားပြီး လှလည်းလှသည့် စာရေးမကလေး တစ်ယောက်ကို တွေ့ရလေသည်။

'ကျုပ်နာမည် တင်မောင်ဆွေပဲ၊ ကျုပ်ကို ဦးခြူးစိန်က လွှတ်လိုက်တာပါ၊ စက်ာပူက ဦးခြူးစိန်ပါ၊ ကျုပ် ဦးထွားမောင် နဲ့ တွေ့ပါရစေ'

တင်မောင်ဆွေက ခပ်တည်တည်ပင် ထိုစာရေးမကလေး အား ပြောလိုက်သည်။

'ဦးထွားမောင်နဲ့တွေ့ဖို့ကော ချိန်းထားပါသလားရှင်…'

'ချိန်းမထားပါဘူး…'

'အချိန်က တော်တော် နောက်ကျနေပြီရှင်'

'ကျုပ်ကိစ္စကလည်း တော်တော် အရေးကြီးပါတယ်ဗျ'

စာရေးမကလေးသည် တင်မောင်ဆွေကိုတစ်လှည့်… မော်လီဝိုင်းကိုတစ်လှည့် ကြည့်လိုက်ပြီးနောက်မှ ခဏစောင့်နေရန်မှာ ကြားကာ… မှန်တံခါးကြီးတစ်ချပ်ကို တွန်းဖွင့်လျက် အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ် သွားလေသည်။ တင်မောင်ဆွေနှင့် မော်လီဝိုင်းတို့လည်း ခေတ်မီ 'စတိန်းလက်စတီးလ်' သံကုလားထိုင်တစ်လုံးစီတွင် ဝင်ထိုင်ကာ … စောင့်နေလိုက်ကြလေသည်။

ခေတ္တကြာလျှင်… မှန်တံခါးကြီးကို တွန်းဖွင့်လျက် တစ်စုံတစ်ယောက်က ထွက်လာသည်။ အမျိုးသမီးတစ်ဦးပင် ဖြစ်သော်လည်း… ခုနက ဝင်သွားသည့် စာရေးမကလေးတော့ မဟုတ်ချေ။ သူမသည် ရင်ကိုကော့ကာ ရှေ့တည့်တည့်ဆီသို့သာ စူးစိုက်ကြည့်ကာ ခပ်ကြော့ကြော့ကလေးပင် အခန်းထဲမှ ထွက်သွားလေသည်။

တင်မောင်ဆွေက မျက်ခုံးများကို မသိမသာ ပင့်လိုက်မိလေသည်။ အကြောင်းမူကား ထိုအမျိုးသမီးသည် အဆိုတော်ရီရီတင့် ဖြစ်နေသောကြောင့်တည်း။

ဦးထွားမောင်သည် အသက်ငါးဆယ်ခန့်ရှိ ကော်ကိုင်းမျက်မှန်တပ် လူခန့်ကြီးတစ်ယောက် ဖြစ်လေသည်။ တင်မောင်ဆွေက မိမိကိုယ်မိမိနှင့် မော်လီဝိုင်းအား ၄င်းနှင့်မိတ်ဆက်ပေးလိုက်လေသည်။ ဦးထွားမောင်သည် ၄င်းထိုင်နေသော ကျွန်းစားပွဲကြီးရှေ့မှ ကုလားထိုင်အလွတ်များကို လက်တစ်ဖက်နှင့် ယမ်းပြပြီး အထိုင်ခိုင်းလိုက်သည်။

'ကဲ… ဆိုစမ်းပါဦး၊ ခင်ဗျားကို ကိုခြူးစိန်က လွှတ်လိုက်တယ်ဆို ဟုတ်သလား'

'ဟုတ်တယ် ဆိုပါတော့ ဦးထွားမောင်…'

'ကိုခြူးစိန်ဆိုတဲ့ လူကို ကျုပ်တစ်ခါမှ မကြားဖူးပါကလား…'

ဦးထွားမောင်က မျက်မှောင် မသိမသာကြုတ်၍ ပြန်ပြောလိုက်သည်။

'ဒီလိုဆို ကျွန်တော်နဲ့ ဦးထွားမောင် ကျေရောပဲ၊ အမှန်ကိုဝန်ခံရရင် ကျွန်တော့်ကို ကိုခြူးစိန်က လွှတ်လိုက်တာလည်း မဟုတ်ပါဘူး'

ဦးထွားမောင်၏ မျက်မှောင်ကြီးသည် ပို၍ ထင်ရှားလာသည်။

'ကျုပ်နားမလည်ပါဘူး… ကိုတင်မောင်ဆွေ'

'ကျွန်တော့်ကို ကိုခြူးစိန်က လွှတ်လိုက်တာ မဟုတ်ပါဘူး၊

အမှန်က ရီရီတင့်က လွှတ်လိုက်တာပါ၊ ရီရီတင့်ကိုတော့ ခင်ဗျား သိမှာပေါ့ ဦးထွားမောင်…'

ဦးထွားမောင်၏ မျက်နှာကြီးသည် မသိမသာ နီရဲ၍ လာတော့သည်။

'ဒီမှာ… အဲ ကိုတင်မောင်ဆွေ၊ ကျုပ်ဟာ အလုပ်အတော်တော်များတဲ့ လူတစ်ယောက်ပါ၊ ခင်ဗျား အခုပြောနေတာတွေကို ကျုပ် ဘယ်လိုမှ သဘောမပေါက်သေးဘူး။ ခင်ဗျား ကျုပ်ဆီလာရတဲ့ကိစ္စကို တိုတိုနဲ့လိုရင်း ပြောပြရင် ကောင်းမယ်…'

'ကောင်းပါပြီ၊ ကိုခြူးစိန်ဟာ… ကိုယ့်ကိုယ်ကို သတ်သေသွားပါပြီ…'

'အဲဒါ ကျုပ်နဲ့ဘာဆိုင်သလဲဗျ…'

ဦးထွားမောင်က စိတ်လှုပ်ရှားမှုကို ဘယ်လိုမှ မပြဘဲ… ချက်ချင်းပင် ပြန်မေးလိုက်သည်။

'ကိုခြူးစိန်ကို ခင်ဗျားက မသိဘူးလို့ ပြောပါတယ်… ခင်ဗျားကိုတော့ ကိုခြူးစိန်က သိနေပါတယ်၊ အဲဒါက ဘယ်လိုလဲ ဦးထွားမောင်…'

'ကျုပ်ကို သိနေတဲ့လူတွေက အများကြီးဗျ၊ ဒါပေမယ့် ကျုပ်ကတော့ သူတို့ အားလုံးကို မသိဘူး'

'ဒီလိုပါ ဦးထွားမောင်၊ ကျွန်တော်ဟာ တနင်္လာနေ့ ညတုန်းက ကိုခြူးစိန်နဲ့ အတူတူ ရှိနေခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်တော်ဟာ ဆေးလိပ်မီးညှိရင်းနဲ့ သူ့မီးခြစ်ဗူးကို ယူထားလိုက်မိတယ်။ နောက်ကျတော့ ဒီမီးခြစ်ဗူးကို ကျွန်တော်ထပ်သုံးပြန်တော့ အထဲက စာရွက်ခေါက်ကလေးတစ်ခု ထွက်လာတယ်၊ ကိုခြူးစိန်ဟာ သူ့

www.burmeseclassic.com

ကိုယ်သူ သတိပေးတဲ့အနေနဲ့ အဲဒီစာရွက်ကလေးမှာ ဗုဒ္ဓဟူးနေ့ နေ့လည် ၁၂ နာရီတိတိမှာ ဦးထွားမောင်နဲ့တွေ့ဖို့ ချိန်းထားတယ်လို့ ရေးထားတာ တွေ့ရပါတယ်'

ဦးထွားမောင်သည် မျက်ခုံးများကိုတွန့်လျက် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'အဲဒါ ကျုပ်နဲ့ ဘယ်လို ဆိုင်တယ်ဆိုတာကို အခုထက်ထိ ကျုပ် နားမလည်သေးပါဘူး ကိုတင်မောင်ဆွေ'

'ခင်ဗျား ခုနကပြောတော့ ခင်ဗျားဟာ ကိုခြူးစိန်နဲ့ မသိပါဘူးလို့ဆိုတယ်… ကိုခြူးစိန်ကတော့ သူ့ကိုယ်သူ သတိပေးတဲ့အနေနဲ့ ခင်ဗျားနဲ့ ချိန်းထားတယ်ဆိုလို့ စာရေးထားခဲ့ပါတယ်၊ ချိန်းထားတယ် ဆိုကတည်းက ခင်ဗျားနဲ့သူနဲ့ဟာ… သိရမှာပေါ့ဗျ'

'ခင်ဗျားက ကျုပ်ကို ညာနေတယ်လို့ ဆိုချင်တာလား ကိုတင်မောင်ဆွေ…'

ဦးထွားမောင်က မျက်နှာကြီး မသိမသာ နီရဲလာပြီး မေးလိုက်ပြန်ရာ… တင်မောင်ဆွေက ပခုံးများကို တွန့်လိုက်သည်။

'ဒီလိုပဲ သဘောသက်ရောက်နေတာပဲ… ဦးထွားမောင်'

ဦးထွားမောင်က တစ်စုံတစ်ခု ပြန်ပြောမည်လုပ်စဉ် သူ့စားပွဲပေါ်မှ စကားပြောခွက်သေတ္တာကလေးက မီးလင်းလာကာ… တီခနဲ မြည်လိုက်သည်။ ဦးထွားမောင်သည် ထိုသေတ္တာမှ ခလုတ်ကလေးကို နှိပ်လိုက်ကာ 'ယက်စ်' ဟု ပြောလိုက်ရာ မိန်းမသံက လေးတစ်သံက ထွက်ပေါ်လာသည်။

'ခု အစ်ကိုကြီး အကြမ်းရေးထားတဲ့ အင်္ဂလိပ်စာချုပ်ကို တိုက်ပ်ရိုက်ပြီးပါပြီ၊ အစ်ကိုကြီး ကြည့်ဖို့ ယူခဲ့ရတော့မှာလား…'


www.burmeseclassic.com

'အေး… ယူခဲ့ပါတော့ စိန်စိန်'

ဦးထွားမောင်သည် ခလုတ်ကိုပြန်ပိတ်ကာ… တင်မောင်ဆွေအား တည်တည်ကြီး ကြည့်လိုက်သည်။

'ကဲ… ကိုတင်မောင်ဆွေ… ကျုပ်မှာ အလုပ်တွေ သိပ်များနေတယ်ဗျာ'

တင်မောင်ဆွေလည်း ပခုံးကို တွန့်လိုက်ကာ ထိုင်ရာမှထလိုက်စဉ် ဘေးတံခါးတစ်ချပ် ပွင့်လာကာ… အသက်အစိတ်ခန့်ရှိ မိန်းမရွယ်တစ်ဦး ဝင်ရောက်လာသည်။ သူမသည် ရုပ်ရည်သနားကမားရှိကာ အဝတ်အစားကို သေသေသပ်သပ် ဝတ်ဆင်ထားပြီး ကိုယ်ဟန်အမူအရာကလည်း သန့်ရှင်းလှသည်။

သူမသည် တင်မောင်ဆွေတို့အား ခပ်တည်တည်ကလေး ကြည့်လိုက်ကာ… လက်ထဲတွင် ကိုင်ယူလာသည့် စာရွက်အချို့ကို ဦးထွားမောင်ရှေ့တွင် ချပေးလိုက်သည်။

တင်မောင်ဆွေလည်း ဘာမှ မပြောတော့ဘဲ မော်လီဝိုင်းအား မျက်ရိပ်ပြလျက် အခန်းထဲမှ ထွက်လာခဲ့သည်။ မော်လီဝိုင်းသည် ထူးထူးခြားခြားကြီး မျက်နှာဖြူရော်နေကာ နှုတ်ခမ်းကလေးများကလည်း တဆတ်ဆတ် တုန်နေသည်ကို သတိပြုမိသဖြင့် တင်မောင်ဆွေလည်း သူမအား ဟိုတယ် ဒီစီတီထဲသို့ ခေါ်လာခဲ့ရသည်။

'ကဲ… မော်လီ… ဆိုစမ်းပါဦး… ဘာဖြစ်တာလဲ'

အခန်းကလေး တစ်ခန်းတွင် နှစ်ယောက်သား ထိုင်မိကြသည့်အခါ၌ တင်မောင်ဆွေက မေးလိုက်ခြင်းဖြစ်သည်။

'ဟို… ဟို… ခုနက ဝင်လာတဲ့ မိန်းမလေ'

'ဦးထွားမောင်ရဲ့ စက္ကရီတေရီ စိန်စိန်ဆိုတာပဲ မော်လီ…

အဲဒါ ဘာဖြစ်သလဲကွယ့်'

'သူ့ကို… သူ့ကို… ကျွန်မ တွေ့ဖူးတယ် ကိုတင်မောင်ဆွေ…'

'ဟုတ်လား… ဘယ်တုန်းက တွေ့ဖူးတာလဲ'

'ကျွန်မဆီကို ရှင်ရယ်၊ ကေသီမြိုင်ရယ် လာတုန်းက ရှင့်ကို ကျွန်မ ပြောခဲ့တာ သတိရသေးလား… ကျွန်မ စက်ဘီပူမှာရှိတုန်းက ကျွန်မတို့ အော့ဖစ်(ရုံး)ကို ဧည့်သည်တစ်ယောက်ရောက်လာခဲ့ပြီး ကိုချိုးစိန်ဟာ တော်တော်ပဲ အမူအရာတွေ ထူးခြားလာခဲ့ပြီး ရန်ကုန်ကို အရေးတကြီး လိုက်ရမယ်လို့ ဖြစ်လာခဲ့တယ်လို့ ကျွန်မ ရှင့်ကို ပြောခဲ့တယ် မဟုတ်လား…'

'အဲဒါ ဘာဖြစ်သလဲ မော်လီ'

'အဲဒီတုန်းက ရောက်လာတယ်ဆိုတဲ့ ဧည့်သည်ဟာ… ခုနက မိန်းမပေါ့… ဦးထွားမောင်ရဲ့ စက္ကရီတေရီ… စိန်စိန်ဆိုတာ ပဲပေါ့…'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## -၉-

မော်လီဝိုင်းသည် တစ်ညနေလုံး တစ်ယောက်တည်းမနေရဲ ပါဟု ဆိုကာ… တင်မောင်ဆွေအား တွယ်ကပ်နေတော့ရာ ညဘက် ကျမှပင် တရုတ်ဟော်တယ်ကြီးတစ်ခု၌ မော်လီဝိုင်းသည် သူမ၏ အသိမိတ်ဆွေဟောင်းဆိုသူ တရုတ်လူရွယ်တစ်ယောက်နှင့် တွေ့ဆုံ ရကာ ၄င်းနောက်သို့ ပါသွားတော့သည်။

တင်မောင်ဆွေလည်း သူ့တိုက်ခန်းသို့ အမြန်ပြန်ခဲ့ကာ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ရေခဲသေတ္တာထဲမှ ဘီယာတစ်ပုလင်း ထုတ်လျက် အိမ်ရှေ့ခန်း ဆိုဖာကြီးတစ်လုံးတွင် ခြေဆန့်၊ လက်ဆန့် ကာ အေးအေးဆေးဆေး သောက်တော့မည်ဟု ဟန်ပြင်နေစဉ်မှာပင် အိမ်ရှေ့တံခါး လူခေါ်ခေါင်းလောင်းကလေးက မြည်လာသည်။

တံခါးကို ဖွင့်ပေးလိုက်လျှင် ဝင်လာသူကား ကေသီမြိုင် ဖြစ်နေသည်။ သူမသည် မျက်လုံးများ မို့မောက်နေကာ ထိုမျက်လုံး များဖြင့် တင်မောင်ဆွေအား မကျေမနပ်ကြည့်လိုက်သည်။

'ကိုဆွေ… ဘာဖြစ်လို့ ကေသီ့ကို မပြောတာလဲဟင်'

'ဘာကို မပြောတာလဲ ကေသီရယ်'


www.burmeseclassic.com

www.burmeseclassic.com

'ကိုခြူးစိန့် အကြောင်းလေ…'

'ထိုင်ပါဦးလား ကေသီရယ်…'

တင်မောင်ဆွေက ပြန်မဖြေသေးဘဲ ကေသီ့အား ကုလားထိုင်တစ်လုံးပေါ်တွင် အထိုင်ခိုင်းလိုက်သည်။ ကေသီသည် ကုလားထိုင်တွင် ပင်ပန်းနွမ်းနယ်နေသော အမူအရာကလေးနှင့် ထိုင်ချလိုက်သည်။

'ကေသီ အခုပဲ စုံထောက်ဌာနချုပ်က ပြန်လာခဲ့တာ ကိုဆွေ… ကဲ… ပြောစမ်းပါဦး ကိုခြူးစိန့်အကြောင်း ဘာပြုလို့ ကိုဆွေက ကေသီ့ကို အသိမပေးတာလဲ'

'ကိုဆွေ မပြောရက်လို့ပေါ့ကွယ်… ကေသီက ကိုခြူးစိန်ကို တော်တော်ခင်တယ်ဆိုတာ ကိုဆွေ သိထားတယ် မဟုတ်လား…'

ကေသီမြိုင်သည် မျက်နှာကို လက်ဝါးကလေးနှင့်အုပ်ထားလိုက်ပြီးမှ ခေတ္တကြာလျှင် ပြန်ခွာကာ တင်မောင်ဆွေအား မော့ကြည့်လိုက်သည်။

'ဟုတ်တယ် ကိုဆွေ… ကိုခြူးစိန်ဟာ… ကေသီ့ရဲ့ အစ်ကိုကြီးတစ်ယောက်လိုပါပဲ၊ ကေသီ ကိုဆွေ့ကိုခင်သလိုပဲ သူ့ကိုလည်း ခင်တာပဲ၊ အို… ကိုဆွေရယ်… ကေသီ့ဆီကို ရဲဘက်ကနေ ကိုခြူးစိန်တစ်ယောက်ကို တွေ့ရပါပြီ၊ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်ဆိုတာကို ကြားရတော့ ကေသီဖြင့် မယုံမိပါဘူး။ အခုလည်း မယုံသေးပါဘူး၊ ကိုခြူးစိန်ဟာ… ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သတ်သေသွားရတာလဲဟင်… ပြောစမ်းပါ ကိုဆွေရယ်'

'ကိုဆွေလည်း ဘယ်ပြောတတ်ပါ့မလဲ ကေသီရယ်…


www.burmeseclassic.com

တကယ်တော့ ကေသီက သူ့ကို ကိုဆွေ့ထက် ပိုသိတာပဲ၊ သူဘာ့ကြောင့် ဒီလိုလုပ်သွားရတယ်ဆိုတာကို ကေသီတွေးမကြည့်တတ်ဘူးလားကွယ်…'

ကေသီကမူ ခေါင်းကလေးကို ဖြည်းလေးစွာ ယမ်းခါလိုက်ရာက မျက်လုံးများကို မေးလျက် ဆိုဖာနောက်မှီတွင် နောက်စေ့တင်ကာ… မှိန်းနေလိုက်သည်။

'ကေသီ… ကိုချြူးစိန်က ကိုယ့်ကိုယ်ကို သတ်သေသွားတာမှန်ရင်တော့ ကေသီဟာ… ငွေနှစ်သောင်းဆုံးရတော့မှာပဲ'

'အို… ကေသီက ဒီငွေ နှစ်သောင်းကို ဂရုမစိုက်ပါဘူးကိုဆွေရယ်…'

'မဟုတ်ဘူးလေ… တကယ်လို့ ကိုချြူးစိန်ဟာ… ကိုယ့်ကိုယ်ကိုသတ်သေသွားတာ မဟုတ်ဘဲ သူများအသတ်ခံရလို့ သေတယ်ဆိုရင် သူ့အသက် အာမခံစာချုပ်အရ ကေသီဟာ… ငွေနှစ်သောင်းတောင်ရမှာ၊ အသက်အာမခံစာချုပ် စည်းကမ်းအရဆိုရင် ကိုချြူးစိန်ဟာ… မတော်တဆ ထိခိုက်သေဆုံးသွားရင် မူလအသက်အာမခံထားတဲ့ ငွေရဲ့ နှစ်ဆကို အသက်အာမခံ ကုမ္ပဏီက လျော်ရမှာကွယ့်'

ကေသီသည် စိတ်ဝင်စားလာဟန်ဖြင့် တင်မောင်ဆွေ့မျက်နှာကို တစ်ချက် စိုက်ကြည့်လိုက်သည်။

'ကိုဆွေက ဘာကိုဆိုလိုတာလဲဟင်၊ ကိုချြူးစိန်ဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတာ မဟုတ်ဘူးလို့ ဆိုချင်တာလား'

'ဒီလိုလည်း တပ်အပ်တော့ မဆိုချင်ပါဘူး၊ ဒါပေမယ့် ကိုဆွေတစ်ခုပြောမယ်၊ ကိုချြူးစိန်ကို ကေသီ သိလာတာကြာပြီပဲ၊ ကိုချြူးစိန်

www.burmeseclassic.com

ဟာ ကိုယ့်ကိုယ်ကိုသတ်သေမယ့်လူစားမျိုးလို့ ကေသီထင်သလား'

'ကိုယ့်ကိုယ်ကို သတ်သေမဲ့ လူစားမျိုးက ဘယ်လိုဆိုတာ ကိုမှ ကေသီ မသိတာဘဲ၊ ကေသီ ဘယ့်နှယ်လို့ ပြောနိုင်ပါ့မလဲ ကိုဆွေရယ်...'

'ဒါလည်း ဟုတ်တာပဲ... ထားပါတော့၊ ကိုခြူးစိန်ကို ကေသီအကြာကြီး သိလာရတာပဲ... သူဟာ ကိုယ့်ကိုယ်ကို သတ် သေမယ့်စကားမျိုးကို ပြောဖူးသလား'

ကေသီက သွားကလေးများကို လက်သည်းများနှင့် ခေါက် ကာ ခေတ္တတွေဝေနေပြီးမှ ခေါင်းကလေးကို ခါပြလိုက်သည်။

'ကေသီ မှတ်မိသလောက်တော့... တစ်ခါမှ မပြောဖူးပါ ဘူး...'

'ကဲ... အခု ကေသီနဲ့ ပြန်တွေ့ကြတဲ့အခါကျတော့ကော သူ့မှာ စိတ်မချမ်းမသာ ဖြစ်နေရတယ်လို့ ကေသီ့ကို ပြောဖူးသလား'

'မပြောဖူးပါဘူး... ဒါပေမယ့် တစ်ခုတော့ရှိတယ် ကိုဆွေရဲ့ သူ ရန်ကုန်ကို လိုက်လာတာဟာ... လုပ်ငန်းကိစ္စမှာ ပြဿနာတစ် ခု ပေါ်နေတယ်လို့တော့ ပြောခဲ့ပါတယ်'

'ဟုတ်ပြီလေ... ဒါပေမယ့် သူဟာ ဒီလုပ်ငန်းပြဿနာကို ဖြေရှင်းရအောင် လိုက်လာတဲ့ ဥစ္စာပဲ'

'ဒီပြဿနာကို သူက မဖြေရှင်းနိုင်တော့လို့ အခုလို ကိုယ့် ကိုယ်ကို သတ်သေသွားတာကော မဖြစ်နိုင်ဘူးလား... ကိုဆွေရယ်'

တင်မောင်ဆွေသည် ခေါင်းညိတ်လာကာ စီးကရက် တစ် လိပ်ကို မီးညှိလိုက်သည်။

'တစ်ခုတော့ စဉ်းစားစရာရှိသေးတယ် ကေသီ... ကိုခြူး


www.burmeseclassic.com

စိန်ရဲ့အလောင်းကို ရဲဘက်ဆရာဝန်က စစ်ကြည့်တော့ သေနေခဲ့တာ သုံးရက်ရှိပြီလို့ ဆိုတယ်…၊ ဒီတော့ကော သူသေခဲ့ရတာ ဗုဒ္ဓဟူးနေ့ သို့မဟုတ်… အင်္ဂါနေ့ ဖြစ်ချင်ဖြစ်မယ်’

ကေသီမြိုင်သည် နဖူးရေကလေးတွန့်ကာ တင်မောင်ဆွေ ပြောသမျှကို စူးစိုက်နားထောင်နေသည်။ တင်မောင်ဆွေက စကား ဆက်ပြန်သည်။

‘အင်္ဂါနေ့ မနက်က သူဟာ… ကိုထွန်းရီဆီကို သွားပြီး ကေသီ့အတွက် သူ့အသက်ကို ပေါင်ခဲ့တယ်… သူဟာ အသက်အာ မခံ လုပ်ငန်းထဲမှာ အလုပ်လုပ်ခဲ့သူဆိုတော့… အသက်အာမခံ စနစ်အကြောင်း ကောင်းကောင်းနားလည် နေရမှာပဲ… အသက် အာမခံလုပ်ပြီး သူဟာ ကိုယ့်ကိုယ်ကို နှစ်နှစ်အတွင်း သတ်သေခဲ့ ရင် ကျန်ရစ်ခဲ့သူမှာ ဘယ်လို အကျိုးကျေးဇူးမှ မရှိတော့ဘူးဆိုတာ သူသိမှာပဲ… ဒီတော့ကာ အဲဒီတုန်းက သူဟာ ကိုယ့်ကိုယ်ကို သတ်သေတော့မယ်ဆိုရင် ဘာပြုလို့သူဟာ ဒုက္ခခံပြီး ကေသီတို့ အတွက် အသက်အာမခံ လုပ်နေတော့မှာလဲ…၊ ဒီလို အသက်အာမ ခံ လုပ်ပြီးတော့မှလည်း ဘာပြုလို့ ကိုယ့်ကိုယ်ကို သတ်သေရတော့ မှာလဲ၊ နောက်ပြီး တစ်ခုရှိသေးတယ်… ကိုယ့်ကိုယ်ကို သတ်သေ တဲ့လူဟာ အများအားဖြင့်တော့… မှာတမ်းအဖြစ်နဲ့ စာကလေးတစ် စောင်ကိုတော့ ရေးထားရစ်ခဲ့တတ်တယ်။ ကိုချိုးစိန်ကတော့ ဘာ စာမှ မရေးခဲ့ဘူး။ ဒီအချက်ကလေးတွေကို စုပေါင်းစဉ်းစားလိုက်ပြန် တော့ ကိုချိုးစိန် သူ့ကိုယ်သူ သတ်သေတယ်ဆိုတာဟာ အဓိပ္ပါယ် မရှိသလို ဖြစ်နေရပြန်တော့တာပဲ… ကေသီ’

ကေသီသည် တင်မောင်ဆွေ၏ စကားများကြောင့် ခေါင်း

ရှုပ်လာပုံရလေ၏။

'ဒါပေမယ့်… ရဲဘက်ကတော့ ကိုခြူးစိန်ဟာ သူ့ကိုယ်သူ သတ်သေ သွားတာကလွဲလို့ တခြားဘာမှ မဖြစ်နိုင်ဘူးလို့ ဆိုနေတာပဲ ကိုဆွေရယ်'

'ဟုတ်တယ်လေ… သက်သေ အထောက်အထားက လည်း အဲဒီအတိုင်း ဖြစ်နေတာကိုး…၊ ကိုခြူးစိန်ဟာ ထွက်ပေါက်ဘယ်လိုမှမရှိတဲ့ တံခါးကို အလုံအတွင်းကနေ ကန့်လန့်ချပြီး ပိတ်ထားတဲ့ အခန်းထဲမှာ သေနတ်ဒဏ်ရာတစ်ချက်တည်းနဲ့ သေနတ်ကို ကိုင်ပြီး သေနေခဲ့တာကလား…၊ ပြီးတော့ အဲဒီကခန်းဟာလည်း တံခါးမှန်သမျှ အတွင်းဘက်ကနေ အလုံပိတ်ထားတဲ့ တိုက်ကြီးထဲမှာ ရှိနေပြန်တယ်…'

'ဒီလိုဆိုရင် ကိုခြူးစိန်ဟာ အသတ်ခံရတာလို့ ကိုဆွေက ဘာလို့ ပြောနိုင်တာလဲ…'

ကေသီသည် နားမလည်နိုင်သော အမူအရာကလေးနှင့် တင်မောင်ဆွေအား ပြန်မေးလိုက်သည်။

'ကိုခြူးစိန်ဟာ သူ့ကိုယ်သူ သတ်သေတယ်ရယ်လို့ ကိုဆွေကလည်း မပြောရသေးပါဘူး…၊ ဒါပေမယ့် ကိုဆွေပဲ ရှုးလို့လားတော့ မပြောတတ်ဘူး… ကိုခြူးစိန်ဟာ ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ရင်လို့ ကိုဆွေက စဉ်းစားနေမိတာပါကွယ်…'

ကေသီသည် တင်မောင်ဆွေအား မျက်စောင်းကလေးတစ်ချက်ချိတ်လိုက်ကာ… သူမ၏ လက်ပတ်နာရီကို မြှောက်ကြည့်လျက် ထိုင်ရာမှ ထလိုက်သည်။

'ကဲ… ကိုဆွေ… ကေသီတော့ ယော်တယ်ကို ပြန်သွားရ

လိမ့်မယ်… ကိုဆွေများ ရောက်လာဦးမလား…'

'ဟော်တယ် မပိတ်ခင်တော့ လာခဲ့ဦးမယ်လေ… ဒါနဲ့ မစိန်စိန်ဆိုတာကိုများ ကေသီ သိသလားကွယ်…'

'မစိန်စိန်… ဟုတ်လား… လူချင်းတော့ မသိပါဘူး… ဒါပေမယ့် သူ့အကြောင်းကိုတော့ ကိုခြုံးစိန်က တဆင့် ကေသီကြားဖူး ထားပါတယ်…၊ ဘာဖြစ်လို့ မေးတာလဲ ကိုဆွေ'

'ကိုခြုံးစိန်ဟာ အင်္ဂါနေ့က အသက်အာမခံစာချုပ် နှစ်ခု လုပ်ခဲ့တယ်ကွယ့်…၊ တစ်ခုက ကေသီ့အတွက်၊ ကျန်တစ်ခုကတော့ အဲဒီ မစိန်စိန်အတွက်ပဲ… စာချုပ်တစ်ခုကို တစ်သောင်းဖိုးစီကွယ့်… မတော်တဆ သေရရင် နှစ်သောင်းရမယ့် စာချုပ်မျိုးချည်းပဲ…'

တင်မောင်ဆွေသည် စကားပြောနေစဉ် ကေသီ့မျက်နှာကို အကဲခတ် ကြည့်နေခဲ့သည်။ သို့ရာတွင် ကေသီကတော့ အမူအရာကို ဘယ်လိုမှ ထူးခြား၍ မလာခဲ့ချေ။

'မဆန်းပါဘူးလေ… အဲဒီ စိန်စိန်ဟာ ကိုခြုံးစိန်နဲ့ တော်တော်တွဲခဲ့တာပဲ… ကေသီတောင် သူတို့နှစ်ယောက်ယူကြမှာလားလို့ ထင်မိခဲ့သေးတယ်…၊ စိန်စိန်ဆိုတာက ပြဇာတ်မင်းသမီး လုပ်ခဲ့ဖူးတယ်လေ…'

'အခု သူက ပြဇာတ်မင်းသမီး မဟုတ်တော့ဘူး၊ ဦးထွားမောင်ဆိုတဲ့လူဆီမှာ စက္ကရီတေရီလုပ်နေတယ် ကေသီ၊ ဦးထွားမောင်ဆိုတဲ့လူကိုကော သိသလား…'

'ကုန်သည်ကြီး ဦးထွားမောင်ကို ပြောတာလား… စစ်ကဲမောင်ထော်လေးလမ်းမှာ တိုက်ဖွင့်ထားတဲ့လူလေ…'

'ဟုတ်တယ်… ဒီလူ့ကို ကေသီ ကောင်းကောင်းသိသ

လား… သိရင် သူ့အကြောင်း ပြောပြစမ်းပါ…’

ကေသီမြိုင်သည် တင်မောင်ဆွေအား စူးစမ်းသည့်အမူအရာနှင့် ကြည့်လိုက်သည်။ ပြီးမှ ခေါင်းကလေးကို ညိတ်ကာ ပြန်ဖြေလိုက်လေသည်။

‘ဦးထွားမောင်ကို ကေသီ ကောင်းကောင်းသိပါတယ်၊ ဒီလူဟာလည်း ရန်လိုရှိန်းဖေလို လူတစ်ယောက်ပါပဲ… ဂုဏ်ပကာသနတွေ လွှမ်းခြုံထားတာ တစ်ခုပဲ ထူးခြားတယ်’

တင်မောင်ဆွေမှာ တော်တော်ပင် အံ့ဩသွားမိသည်။ ဦးထွားမောင်လို ဂုဏ်အသရေရှိ ထိပ်တန်းကုန်သည်ကြီးတစ်ဦးသည် လူမိုက်အဓိပတိ ရန်လိုရှိန်းဖေလို လူတစ်ယောက်ပင် ဖြစ်နေသည်ဆိုခြင်းမှာ အမှန်တော့ အံ့ဩစရာပင် ဖြစ်သည်။

‘နေစမ်းပါဦး… ကေသီက ဘယ်လိုလုပ် ပြောနိုင်တာလဲ’

‘ကေသီဟာ ဟော်တယ်လုပ်ငန်းလုပ်နေတော့ လူမျိုးစုံနဲ့ ဆက်ဆံရတာပဲ ကိုဆွေရယ်… သိတာပေါ့…၊ သူဟာ ထိပ်တန်းကုန်သည်ဘဝကို အရေခြုံပြီး ရာဇဝတ်မှု လုပ်ငန်းတွေနဲ့ တစ်ဖက်က စီးပွားရှာနေတာ ကိုဆွေရဲ့… သူ့မှာလည်း ရှိန်းဖေလို လူမိုက်အဖွဲ့အစည်းတစ်ခု ရှိနေတယ်… ဒါပေမယ့် သူက ခေတ်ပညာတတ်တယ်…၊ ဒီတော့ သူဟာ ရှိန်းဖေလို နာမည်မကြီးဘူး… အမှန်ကတော့ သူဟာ ရှိန်းဖေရဲ့ ပြိုင်ဖက်တစ်ယောက်ပဲ’

‘ပြိုင်ဘက်ဆိုတာက ဘယ်လိုလဲ…’

‘လုပ်ငန်းမှာကော… ရီရီတင့်ကိစ္စမှာကောပဲပေါ့…၊ သူကလည်း ရီရီတင့်ကို အသေအလဲ စွဲနေတယ်လေ… အရင်တုန်း

က ကျွန်မ ဟော်တယ်ကို ခဏခဏလာပြီး ရီရီတင့်ကို ငမ်းနေတာ ပေါ့... အခုတလောတော့ မလာတော့ဘူး...၊ ရန်လိုရှိန်းဖေက ရီရီတင့်ဟာ သူ့ပစ္စည်းဖြစ်တယ်လို့ သတိပေးထားတယ်လို့ ကေသီ တော့ ကြားရတာပဲ...'

ကေသီမြိုင် နှုတ်ဆက်၍ ထွက်သွားပြီး တင်မောင်ဆွေက ဘီယာ တစ်ပုလင်းနောက်ထပ် သောက်ရကောင်းမည်လောဟု စဉ်း စားနေစဉ်မှာပင်၊ တံခါးမှ လူခေါ်ခေါင်းလောင်းကလေး မြည်လာ ပြန်သည်။ သည်တစ်ခါ ရောက်လာသော ဧည့်သည်ကတော့ ရဲအဖွဲ့ ၏ အိမ်ဖောက်ဝိဇ္ဇာကြီး၊ ရဲကြပ်ကြီး ကိုအောင်မောင်း ဖြစ်နေလေ ၏။

❖ ❖ ❖

www.burmeseclassic.com

-၁၀-

ကိုအောင်မောင်းသည် စုံထောက်မှူးကြီး ကိုသောင်းဖေ လွှတ်လိုက်၍ ဝင်လာခြင်းဖြစ်သည်။

တင်မောင်ဆွေကလည်း ထိုအခါမှာပင် ဆုံးဖြတ်ချက်ကျ သွားတော့ကာ… ရေခဲသေတ္တာထဲမှ ဘီယာနှစ်လုံးထပ်ထုတ်ပြီး ကိုအောင်မောင်းအား ဘီယာနှင့် ဧည့်ခံလိုက်သည်။

ကိုအောင်မောင်းသည် ဘီယာသောက်ပြီးမှပင် ကိုသောင်းဖေ မှာလိုက်သော စကားများကို ပြေပြတော့သည်။

'ကိုဆွေ့ကို ကျွန်တော့်ဆရာက မှာလိုက်တယ်ဗျာ… မနက်က ကျွန်တော်တို့ လန်ကပ်စတာတိုက်ထဲမှာ တွေ့ခဲ့ရတဲ့ အလောင်းဟာ အမှန်တော့ ကိုယ့်ကိုယ်ကို သတ်သေတာ အစစ်ပါပဲ တဲ့ဗျ…၊ ဆရာဝန်က အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်တော့ သေတာ သုံးရက်ရှိပြီတဲ့ဗျ… အင်္ဂါနေ့ ညဥ့်နက်ပိုင်း ဒါမှမဟုတ် ဗုဒ္ဓဟူးနေ့ မနက်စောစောမှာတဲ့ဗျ… သေနတ် ဒဏ်ရာတစ်ချက် တည်းနဲ့ သေတာပဲ…၊ ကျည်ဆံကလည်း သူ့လက်ထဲမှာ ကိုင်ထား


www.burmeseclassic.com

တဲ့ သေနတ်က ထွက်တာပဲဆိုတာ သေချာတယ်… သေနတ်ပေါ်မှာ လည်း သူ့လက်ပုံစံကလွဲလို့ တခြား ဘာလက်ပုံစံမှ မတွေ့ရဘူးတဲ့၊ လက်မှာလည်း ပါရဖင်တက်စ် လုပ်ကြည့်ကာ… ယမ်းမှုန့်ကလေး တွေ ကပ်နေတာ တွေ့ရလေတော့ သေနတ်ကို သူကိုယ်တိုင် ပစ်တယ်ဆိုတာ ထင်ရှားပါတယ်… ဒီတော့ကာ ကိုခြူးစိန်သေရ တဲ့ ကိစ္စကို ကိုယ့်ကိုယ်ကို သတ်သေတာဆိုပြီး အမှု ပိတ်ပစ်လိုက် တော့မယ်တဲ့၊ အဲဒါကို ကိုဆွေသွားပြောပေးပါဆိုလို့ လာပြောရတာ ပဲ၊ ဟဲ… ဟဲ… ဘီယာက သောက်လို့တော့ ကောင်းပါရဲ့၊ ဝမ်းကယ်လှသဗျာ၊ အစာကြေလွယ်တဲ့ စကော့(ချ) ဝီစကီကလေး၊ ဘာကလေးများ မရှိဘူးလားဗျ"

ကိုအောင်မောင်းက ပြောစရာရှိသည်များ ပြောပြီးလျှင် စကားခေါ်လိုက်ခြင်းဖြစ်ရာ… တင်မောင်ဆွေက ဗီရိုထဲမှ စကော့ (ချ)ပုလင်းကို ထုတ်ပေးလိုက်ရသည်။

ကိုအောင်မောင်းက စကော့(ချ)ပုလင်းငှဲ့နေစဉ် တင်မောင် ဆွေက ကိုဝီလီထံ ဖုန်းဆက်ကြည့်ပြန်သည်။ တီ– တီဟု မြည်သော် လည်း ဖုန်းကို ဘယ်သူကမှ ပြန်မထူးသဖြင့် လက်လျှော့လိုက်ရ လေသည်။ တင်မောင်ဆွေလည်း စကော့(ချ)ဝမ်းပက်ကို တစ်ကျိုက် ထဲ ကျိုက်ချလိုက်သော ကိုအောင်မောင်းအား ကြည့်ကာ… စိတ်ကူး တစ်ခု ရလာမိလေသည်။

ထို့ကြောင့် စကော့(ချ)ဝမ်းပက်ကို နောက်ထပ် တိုက်လိုက် ပြီးနောက်မှ ကိုအောင်မောင်းထံ အကူအညီ တစ်ခုတောင်းလိုက်တော့ သည်။ ကိုအောင်မောင်းကလည်း တင်မောင်ဆွေတိုက်ထားသော စကော့(ချ)ဝီစကီ မျက်နှာကြောင့် တောင်းသော အကူအညီကို

www.burmeseclassic.com

ပေးပါမည်ဟု လွယ်လွယ်ကူကူ သဘောတူလိုက်လေ၏။

ထို့နောက် သူတို့နှစ်ယောက်သည် မော်တင်လမ်းတွင် ရှိသော ကိုဝီလီ၏ တိုက်ခန်းသို့ ထွက်ခဲ့ကြသည်။ ပိတ်ထားသော ကိုဝီလီ၏တိုက်ခန်း တံခါးသော့ကို ကိုအောင်မောင်းက အလွယ် တကူပင် ဖွင့်ပေးလိုက်သည်။ တိုက်ခန်းထဲသို့ ဝင်လာမိကြ၍ ဓာတ် မီးခလုတ်များကို ဖွင့်ကြည့်လိုက်သောအခါ ကိုဝီလီသည် စည်းစိမ်ရှိရှိ အထက်တန်းကျကျ နေထိုင်သူဖြစ်ကြောင်းကို တွေ့ကြရလေ၏။

အိမ်ထောင်ပရိဘောဂ အားလုံးသည် အဆင့်အတန်းမြင့် ကာ… ခမ်းနားလှတော့သည်။ အခန်းပေါင်း လေးခန်းရှိသည့်အနက် လေးခန်းစလုံးကိုပင် အဖိုးတန်အိမ်ထောင်ပရိဘောဂ ပစ္စည်းအသုံး အဆောင်များနှင့် ခင်းကျင်း ပြင်ဆင်ထားသည်။

တင်မောင်ဆွေသည် အခန်းတိုင်းတွင် နှံ့စပ်အောင် ရှာဖွေ ကြည့်သော်လည်း သူ့အတွက် ထူးခြားစွာ စိတ်ဝင်စားစရာဆို၍ ဘာကိုမှ မတွေ့ရချေ။ ကိုအောင်မောင်းခမျာကမူ တိုက်ခန်းထဲမှအမြန် ဆုံး ပြန်ထွက်ဖို့သာ လောဆော်နေသည်။ အမှန်တော့လည်း တိုက် ခန်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာပြီး သူတို့ကို တွေ့သွားရလျှင် ရဲကြပ်ကြီး တစ်ဦးဖြစ်သော ကိုအောင်မောင်းအတွက် ဒုက္ခလှလှကြီး ရောက်သွားနိုင်သည်။

'နေပါဦး… ကိုဆွေရယ်၊ ခင်ဗျားက ဒီကို ဘာလာလုပ် တာလဲ… ဘာလာရှာတာလဲ'

ဟု သူက တင်မောင်ဆွေကို မေးကြည့်လိုက်ရာ တင်မောင် ဆွေသည် နောက်စေ့ကို ကုတ်ရာက ပခုံးများကို တွန့်ပြလိုက်သည်။

'ကျွန်တော်ကိုယ်တိုင်လည်း ဘာရယ်လို့ ကိုယ့်ဘာသာ


www.burmeseclassic.com

ကိုယ် တိတိကျကျ သိတာ မဟုတ်ပါဘူးဗျာ’

တင်မောင်ဆွေသည် ပြောရင်းကပင် အခန်းကို လှည့်ပတ်ကြည့်ရှုပြန်သည်။ သူ့မျက်လုံးများသည် အနည်းဆုံး ရှစ်ရာလောက်တော့ပေးရမည့် ရေဒီယိုကြီးဘေးရှိ စားပွဲပုကလေးပေါ်တွင် အလှတင်ထားသော တရုတ်ကြွေပန်းအိုးကလေးတစ်လုံးဆီသို့ ရောက်သွားသည်။ ပန်းအိုးကလေးမှာ အထူးပင် လှပလှပြီး အဖိုးတန် တရုတ်ကြွေထည် အစစ်ဖြစ်ပုံရသည်။

တင်မောင်ဆွေလည်း လျှောက်သွားပြီး ထိုပန်းအိုးကလေးကို ကောက်ယူကြည့်လိုက်ရာ ပန်းအိုးဖင်တွင် ပလာစတာနှင့် ဖိကပ်ထားသော စာရွက်ခေါက်ကလေးတစ်ခုကို တွေ့လိုက်ရသည်။ ပလာစတာကိုခွာလျက် စာရွက်ခေါက်ကလေးကို ဖြေကြည့်လိုက်ရာ နာမည်လေးခုကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ကို တွေ့လိုက်ရသည်။

ဒေါက်တာ ရမ်ရမ်ဂိုပယ်လ် အမှတ် (……) ပန်းဆိုးတန်းရန်ကုန်။

ဒေါက်တာ စောထူးစိန်၊

အမှတ် (……) ရန်ကုန် အင်းစိန်လမ်း၊ အုတ်ကျင်း။

ဒေါက်တာ ဦးပွား

အမှတ် (……) ဆီဆုံလမ်း၊ စမ်းချောင်း။

ဒေါက်တာ ရောဘတ်နသန်…

အမှတ် (……) ကုန်သည်လမ်း၊ ရန်ကုန်။

ထိုနာမည် လေးခု၏ အောက်ဘက်တွင်တော့… သီဟဆေးတိုက်… အမှတ် (……) ဒုတိယထပ်၊ မဂိုလမ်းဟု ရေးထားပြန်သည်။

တင်မောင်ဆွေသည် ထိုနာမည်နှင့်လိပ်စာများကို သူ၏မှတ်စုစာအုပ်ထဲတွင်ကူးရေးထားလိုက်ပြီး စာရွက်ခေါက်ကလေးကို ပန်းအိုးဖင်တွင် လက်ရာမပျက် ပြန်ကပ်ထားလိုက်ကာ မူလက နေရာတွင် ပြန်တင်ထားလိုက်သည်။

ကိုအောင်မောင်းက တင်မောင်ဆွေလုပ်သမျှကို ကြည့်ကာ စိတ်ရှည်တော့ဟန်မတူ။

'ကဲ... ကိုဆွေ... ကျုပ်ကို မလိုတော့ရင်လည်း လစ်ပါရစေတော့ဗျာ... တိုက်ခန်းရှင် ပြန်ရောက်လာလို့ ကျုပ်ကိုတွေ့သွားရရင် ကျုပ်ကောင်းကောင်းကြီး ဂျောက်ပေါက်တိုးရမှာဗျ...'

တင်မောင်ဆွေသည် ကိုအောင်မောင်းကို အားနာရကား ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ... ကိုအောင်မောင်း... ခင်ဗျား ပြန်နိုင်ပါပြီ ကျေးဇူးလည်း တင်ပါတယ်ဗျာ... ခင်ဗျားဆီကို ကျွန်တော် ဂျော်နီဝါးကားတစ်ပုလင်း ပို့လိုက်ပါဦးမယ်'

'ခင်ဗျားကကော... ကိုဆွေ'

'ကျုပ်တော့ နေခဲ့ဦးမယ် ကိုအောင်မောင်း'

ကိုအောင်မောင်းသည် ခပ်သုတ်သုတ်ပင် လစ်ထွက်သွားလေ၏။ တင်မောင်ဆွေသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် တိုက်ခန်းကို နောက်တစ်ကြိမ် ရှာဖွေပြန်လေ၏။ ဘာမျှ စိတ်ဝင် စားဖွယ်ရာ မတွေ့ရဘဲ အိမ်ရှေ့ခန်းသို့ ပြန်ရောက်လာစဉ်ပင် အိမ်ရှေ့ ခန်းတံခါးကို သော့ဖွင့်နေသံ ကြားလိုက်ရတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၁-

တင်မောင်ဆွေသည် ဖြစ်ပေါ်လာသော အခြေအနေကို မည်သို့မည်ပုံ ရင်ဆိုင်ရန် ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်၏။ သူသည် တံခါးဆီသို့ လျင်မြန်စွာ လျှောက်သွားကာ လက်ဦးအောင် ဆွဲဖွင့်လိုက်သည်။

တိုက်ခန်းရှင် ကိုဝီလီသည် လက်ထဲတွင် သော့တန်းလန်းနှင့် တင်မောင်ဆွေအား အံ့အားသင့်စွာ ကြည့်နေ၏။

'ကိုဝီလီ ပြန်ရောက်လာပြီကိုး'

တင်မောင်ဆွေက ပြုံးရွှင်စွာပင် ကိုဝီလီအား နှုတ်ဆက်လိုက်ကာ တံခါးဝမှ လမ်းဖယ်ပေးလိုက်၏။

'ကဲ… ဝင်ပါဗျာ ကျုပ်ရှင်းပြပါ့မယ်…'

ကိုဝီလီသည် မျက်မှောင်ကြီး ကုပ်လျက် အခန်းထဲသို့ လှမ်းဝင်လာကာ အခန်းကို လှည့်ပတ်ကြည့်ရှုနေ၏။ ထို့နောက် အင်္ကျီလက်မောင်းများကို ပင့်ကာ တင်မောင်ဆွေဘက်သို့ ပြန်လှည့်လာ၏။


www.burmeseclassic.com

'ကဲ... ကို... အဲ... တင်မောင်ဆွေ ဘာသဘောလဲ ဆိုတာ ရှင်းစမ်းပါဦး၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ... ဘယ်လိုလုပ်ပြီး ဒီထဲကို ဝင်နေတာလဲ'

'ခင်ဗျားရဲ့ ပထမ မေးခွန်းကို အရင်ဖြေပါ့မယ်၊ ကျွန်တော် ဒီကိုလာတာ အလုပ်လိုချင်လို့ပါပဲ'

'ဗျာ...'

ကိုဝီလီသည် တော်တော်ခေါင်းရှုပ်သွားပုံရ၏။ တင်မောင်ဆွေကလည်း ခပ်သွက်သွက်ပင် ရေပက်မဝင် စကားဆက်လိုက်ရ၏။

'ဒီလိုပါ ကိုဝီလီ၊ ပီကင်းဟော်တယ်မှာ ခင်ဗျားနဲ့ကျုပ် တွေ့ကြရစဉ်က ခင်ဗျားကပြောခဲ့တယ်မဟုတ်လား၊ ကေသီမြိုင်ဟာ ကိုခြူးစိန်အတွက် အစိုးရိမ်ကြီးနေတာပါတဲ့၊ အဲဒါ ခင်ဗျား မှားတာပဲ၊ ကိုခြူးစိန်တစ်ယောက် သေပြီဗျ'

ကိုဝီလီ၏ မျက်လုံးကြီးများသည် ပြူးကျယ်သွားကြ၏။

'ဗျာ... ကိုခြူးစိန် သေပြီဟုတ်လား၊ ခင်ဗျား အတည် ပြောနေတာလား'

'ဒီကိစ္စကို ကျုပ်က နောက်ပြောနေရမှာလား ကိုဝီလီ'

ကိုဝီလီသည် စိတ်တွေဟုန်သွားဟန်ဖြင့် နဖူးကို လက်တစ်ဖက်နှင့်သပ်လိုက်ကာ ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည်။ ပြီးမှ တင်မောင်ဆွေအား ပြန်၍မော့ကြည့်လိုက်သည်။

'ကိုခြူးစိန်သေပြီဆိုတာ ဘယ်လိုလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ'

'ရဲဘက်ကပြောတော့ သူဟာ ကိုယ့်ကိုယ်ကို သတ်သေ

တာတဲ့၊ ကျုပ် သိရတာကတော့ သူ့အလောင်းကို ကျုပ်ကိုယ်တိုင် ရှာတွေ့ရလို့ပဲ'

'ဘယ်မှာ ရှာတွေ့တာလဲ'

'လန်ကပ်စတာလမ်းက ခင်ဗျားတို့ရဲ့ကုန်တိုက်မှာပေါ့၊ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်သတ်သွားပုံရတာပဲ'

ကိုဝီလီသည် ထိုင်ရာမှထလျက် အခန်းထောင့်မှ ကျွန်းဗီရိုတစ်လုံးဆီသို့ လျှောက်သွားကာ အထဲမှ အကောင်းစား စကော့(ချ) ဝီစကီတစ်လုံး ထုတ်ယူလိုက်သည်။ ထို့နောက် ဖန်ခွက်တစ်လုံးထဲ သို့ လက်နှစ်လုံးခန့်ထည့်ကာ ရေမရောဘဲ သောက်ချလိုက်၏။

ကိုဝီလီသည် ခေါင်းကို သုံးလေးချက်ခါလိုက်ပြီးမှ တင်မောင်ဆွေဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ပြန်၏။

'ကဲ… ခင်ဗျား ဒီမှာဘာလာလုပ်နေတယ်ဆိုတာ ဆိုစမ်းပါဦး၊ ကျုပ်ဆီက အလုပ်လိုချင်တယ်ဆိုတာ ဘာသဘောလဲ'

'ပီကင်းဟော်တယ်မှာ ခင်ဗျားနဲ့ကျုပ် တွေ့ခဲ့ရတုန်းက ကျုပ်ဟာ အလွတ်စုံထောက်တစ်ယောက်ဆိုတာ မပြောမိခဲ့ဘူး'

'အလွတ်စုံထောက် ဟုတ်လား… ထားပါတော့၊ ခင်ဗျား က ကျုပ်အခန်းထဲ ဘယ်လိုရောက်နေတာလဲ'

ကိုဝီလီသည် သော့ပိတ်ထားသော မိမိ၏တိုက်ခန်းထဲသို့ တင်မောင်ဆွေ အမြင့်သားရောက်နေသည့်အချက်ကို ယခုမှ စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြီးကုပ်၍ မေးလိုက်သည်။ တင်မောင်ဆွေကလည်း ခပ်တည်တည်ပင် ဖိန်းရတော့၏။

'ဒီလိုပါ ကိုဝီလီ၊ ကျွန်တော်ဟာ အလွတ်စုံထောက် ဆိုတော့ အမှုလေးဘာလေးရရင် လိုချင်တယ်ဗျ၊ ခင်ဗျားရဲ့ပါတနာ

BURMESE CLASSIC .com



ဟာ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတော့ ဘာကြောင့် သူ ဒီလို လုပ်သွားရတယ်ဆိုတာကို ခင်ဗျား သိချင်မလားလို့ ကျုပ် အောက်မေ့မိတယ်၊ အဲဒါကို ကျုပ်က စုံစမ်းပေးနိုင်ပါတယ်၊ ဒီရောက်တော့ တိုက်ခန်းတံခါးကြီးပိတ်ထားတာတွေ့တာနဲ့ ကျုပ် အစွမ်းကိုပြတဲ့ သဘောနဲ့ ကျုပ်နည်းနဲ့ကျုပ် တံခါးကိုဖွင့်ပြီး ဝင်စောင့်နေတာပဲ၊ ခင်ဗျားတိုက်ခန်းထဲက ပစ္စည်းတွေ ဘာတစ်ခုမှ မပျောက်ပါဘူး'

တင်မောင်ဆွေသည် စကားကိုရပ်ကာ ကိုဝီလီအား အကဲခတ်ကြည့်နေလိုက်သည်။ ကိုဝီလီသည် ခေတ္တမျှတွေတွေကြီး တင်မောင်ဆွေအား ပြန်ကြည့်နေလိုက်ပြီးမှ သူ့နှုတ်ခမ်းများက ရုတ်တရက် တွန့်လာကြ၏။

'အင်း... ခင်ဗျားဟာ တော်တော် အတင့်ရဲတဲ့လူတစ်ယောက်ပဲ၊ ထားလိုက်ပါတော့လေ၊ ကျုပ်က အလွတ်စုံထောက်တစ်ယောက် ဘာဖြစ်လို့ လိုရမှာလဲ'

'ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ လိုမယ် ထင်လို့ လာခဲ့တာပဲ၊ ကျွန်တော် ခုနကပြောတဲ့အတိုင်းပဲပေါ့'

ကိုဝီလီသည် ခေါင်းကိုခါပြန်ကာ ဝီစကီပုလင်းဆီသို့ လက်လှမ်းလိုက်ပြန်သည်။

'အင်း... ခင်ဗျားဟာ အလွတ်စုံထောက်မို့ ထင်ပါရဲ့၊ တော်တော်ဆန်းတဲ့လူတစ်ယောက်ပဲ၊ ကဲ... ဝီစကီသောက်ဦးမလားဗျ၊ ခင်ဗျားနဲ့ကျုပ် အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ၊ ဟုတ်လား'

တင်မောင်ဆွေသည် ကိုဝီလီ လှမ်းပေးသော ဝီစကီဖန်ခွက်ကို လက်ခံလိုက်ကာ ကိုဝီလီနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်

BURMESE CLASSIC .com



တွင် ဝင်ထိုင်လိုက်သည်။

'ကျွန်တော် ခုနကပြောသလိုပဲပေါ့ ကိုဝီလီ၊ ခင်ဗျားရဲ့ ပါတနာကိုခြူးစိန်ဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတာဆိုရင် သူ့ လုပ်ငန်းကိစ္စနဲ့ ပတ်သက်လို့ပဲ ဖြစ်ရမယ်မဟုတ်လား၊ အဲဒီအကြောင်း ကို ခင်ဗျား ဘာများသိသလဲ'

ကိုဝီလီက ဝီစကီကို တစ်ကျိုက်ကျိုက်ပြီးနောက် ခေါင်း ယမ်းပြလိုက်၏။

'ကျုပ်လည်း မစဉ်းစားတတ်ပါဘူး၊ ကျုပ်တို့လုပ်ငန်းဟာ အင်မတန်တိုးတက်နေတာပဲ'

ထိုစဉ် တယ်လီဖုန်းခေါင်းလောင်းသံက ရုတ်တရက် မြည် လာ၏။ ကိုဝီလီသည် ထ၍နားထောင်ပြီးနောက် ဖုန်းကို ပြန်ချ ကာ တင်မောင်ဆွေအား လှမ်းကြည့်လိုက်သည်။

'စုံထောက်ဌာနချုပ်က ကျုပ်ကိုခေါ်နေတယ်၊ ကိုခြူးစိန် ကိစ္စကိုမေးချင်လို့တဲ့၊ ကျုပ် ခုချက်ချင်း လိုက်သွားရလိမ့်မယ်၊ ခင်ဗျားက အကူအညီပေးမယ်ဆိုတာကိုလည်း ကျေးဇူးတင်ပါတယ် ဗျာ၊ ဒါပေမယ့် အခုနေတော့ ခင်ဗျားရဲ့အကူအညီကို ကျုပ် မလိုသေး ပါဘူး'

တင်မောင်ဆွေနှင့်ကိုဝီလီတို့သည် တိုက်ခန်းထဲမှ အတူ တကွပင် ထွက်ခဲ့ကြကာ ကိုဝီလီက ကားတစ်စီးငှားလျက် စုံထောက် ဌာနချုပ်သို့ ထွက်သွားလေ၏။

တင်မောင်ဆွေကမူ သူ၏မှတ်စုစာအုပ်ကလေးကို ထုတ် ယူကာ ကိုဝီလီ၏ တိုက်ခန်းတွင်း၌ ရှာတွေ့ခဲ့ရသော လိပ်စာများ ကို ပြန်လည်ဖတ်ရှုနေလိုက်၏။ ထို့နောက် ကားတစ်စီးငှားပြီး ပန်း

BURMESE CLASSIC .com



ဆိုးတန်းမှ ဒေါက်တာရမ်ရမ်ဂိုပဲလ်ဆိုသူ၏ တိုက်ခန်းသို့ အရင်သွားကြည့်သည်။ တိုက်ခန်းမှာ သော့ခလောကကြီးခတ်ထားသည်ကို တွေ့ရလျှင် ကုန်သည်လမ်းမှ ဒေါက်တာရောဘတ်နသန်၏ လိပ်စာသို့ ဆက်ထွက်ခဲ့ပြန်သည်။ ထိုနေရာတွင်လည်း သော့ပိတ်မှောင်ကျနေသော တိုက်ခန်းကိုသာ တွေ့ခဲ့ရပြန်သည်။ စမ်းချောင်းမှ ဒေါက်တာဦးပွားနှင့် အုတ်ကျင်းမှ ဒေါက်တာစောထူးစိန်တို့၏ နေရာများသို့ ဆက်သွားကြည့်ပြန်လျှင် ထို့အတူသာ တွေ့ရပြန်၏။

နောက်ဆုံးတွင် တင်မောင်ဆွေသည် တိုက်ခန်းသို့ ပြန်လာခဲ့၏။ သူ၏လက်ထောက် ဂျင်မီစမတ်ကို ရုံးခန်းထဲတွင် အဆင်သင့်ပင် တွေ့ရသဖြင့် ဒေါက်တာလေးဦးအကြောင်းကို စုံစမ်းပေးရန် တာဝန်ပေးကာ လွှတ်လိုက်သည်။

ကေသီမြိုင့်အား သူမ၏ဟော်တယ်သို့ လာခဲ့ပါဦးမည်ဟု ကတိပေးထားခဲ့သည်ဖြစ်ရာ တင်မောင်ဆွေသည် အဝတ်အစားလဲ၊ ရေမိုးချိုးပြီး ထွက်လာတော့မည်အပြု တယ်လီဖုန်းခေါင်းလောင်းသံက မြည်လာလေ၏။ ကောက်ယူနားထောင်လိုက်ရာ မော်လီဝိုင်းဖြစ်နေ၏။

'မော်လီ… အခု ကိုဝီလီဆီကနေ စကားပြောနေတာပါ၊ သူက ရဲဘက်နဲ့ အခုပဲတွေ့ပြီး ပြန်လာတယ်၊ သူက ကိုဆွေနဲ့ စကားပြောချင်တယ်ဆိုလို့'

'အိုကေ မော်လီ'

ခေတ္တကြာလျှင် တယ်လီဖုန်းနားခွက်ထဲမှ ကိုဝီလီ၏ အသံက ထွက်ပေါ်လာ၏။

'ကိုတင်မောင်ဆွေ… ခင်ဗျားနဲ့ ကျွန်တော် တွေ့ချင်တယ်

ဗျ၊ တွေ့ဆို ခုချက်ချင်း တွေ့ချင်တယ်'

'ကျွန်တော် အခု ကေသီဟော်တယ်ကို သွားမလို့၊ ခင်ဗျား ကျွန်တော်နဲ့ တွေ့ချင်တယ်ဆိုရင် အဲဒီကိုလာခဲ့ပါလား'

'အိုကေ ကိုတင်မောင်ဆွေ… မော်လီကိုပါ ကျွန်တော် ခေါ်ခဲ့မယ်'

ကေသီဟော်တယ်သို့ ရောက်သွားလျှင် ဧည့်သည်များနှင့် စိုပြည် စည်ကားနေသည်ကို တင်မောင်ဆွေက တွေ့ရ၏။ တင်မောင်ဆွေအား… စားပွဲထိုးမလေး တစ်ယောက်က အခန်းထောင့်တစ်ဘက်မှ ဓာတ်ခုံကြီး၏ ရှေ့တည့်တည့်တွင်ရှိသော စားပွဲကြီးတစ်လုံးသို့ ခေါ်ဆောင်သွား၏။ စားပွဲပေါ်တွင်ကား သီးသန့်ဟုရေးထားသော ကဒ်ပြားတစ်ချပ်ကို ထောင်ထားလေသည်။ စားပွဲထိုးမလေးက တင်မောင်ဆွေအား နေရာချထားပြီးနောက် မကြာခင်မှာပင် ကေသီမြိုင် ရောက်လာ၏။

'ဒီစားပွဲကြီးတစ်ခုလုံး ကိုယ်တို့နှစ်ယောက်အတွက်ပဲလား ကေသီ ကြီးလှချည့်လား'

'ကိုဆွေ… ဖိတ်ချင်တဲ့ လူကို ဖိတ်ပါလေ၊ ကေသီ ဒီည ပျော်ချင်တယ်၊ ရှန်ပိန်သောက်ဖို့တောင် စိတ်ကူးထားတယ်…'

ကေသီမြိုင်သည် သူမ၏မိတ်ဆွေ ကိုချိုးစိန် သေဆုံးရခြင်းအတွက် ထိခိုက်ညှိုးနွမ်းနေရသော စိတ်များကို ယနေ့ညတွင် ဖြေဖျောက်ပစ်လိုဟန်ရှိပေသည်။ တင်မောင်ဆွေကလည်း ကိုချိုးစိန်၏ ပါတနာများဖြစ်ကြသော ကိုဝီလီနှင့် မော်လီဝိုင်းတို့ ရောက်လာဦးမည်ဖြစ်ကြောင်းကို ပြောပြလိုက်ကာ…

'ဒီည ကေသီ ဟော်တယ်က တယ်စည်ကားနေပါလား'

'ဟုတ်တယ် ကိုဆွေ၊ ဒီည စပါယ်ရှယ် နိုက်ပဲ၊ ရန်လိုရှိန်းဖေက သူ့ညော့်သည်တွေအများကြီး ဖိတ်ထားတယ်၊ သူမန္တလေးက ခေါ်လာတဲ့ အငြိမ့်သမကလေးတစ်ယောက်ကို ဒီည ဒီမှာပွဲထုတ်မလို့တဲ့လေ'

'နို့… အဆိုတော် ရီရီတင့်ကကော…'

'ရီရီတင့်နဲ့ ကိုရှိန်းဖေဟာ ချာပြဲကြပြီလို့ ကေသီတော့ထင်မိတာပဲ၊ ဟိုမှာ ကြည့်ပါလား'

တင်မောင်ဆွေက ကေသီ မေးငေါ့ပြရာဘက်သို့ လှမ်းကြည့်လိုက်မိသည်။ ရီရီတင့်သည် ရန်လိုရှိန်းဖေ၏ ညာလက်ရုံးစိန်ကုလားနှင့် စားပွဲတစ်လုံးတွင် ထိုင်လျက်ရှိ၏။ အခြားစားပွဲတစ်ခုလုံးတွင်လည်း ရန်လိုရှိန်းဖေသည် တစ်ယောက်တည်းထိုင်လျက် အရက်သောက်နေ၏။ တင်မောင်ဆွေသည် မျက်ခုံးများကို မသိမသာ ပင့်လိုက်မိ၏။ အကြောင်းမူကား… ဦးထွားမောင်ကိုလည်း အခြားစားပွဲတစ်လုံးတွင် တစ်ယောက်တည်း ထိုင်လျက်သား တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။

'နေစမ်းပါဦး ကေသီရဲ့၊ ဦးထွားမောင်ကကော… ရှိန်းဖေရဲ့မိတ်ဆွေလား…'

ကေသီသည် ပခုံးကလေးများကို မသိမသာ တွန့်ပြလိုက်၏။

'သူ လာချင်တာကို ကေသီက ဘယ်တားလို့ရမလဲ၊ တကယ်တော့ အခုတလော ရှိန်းဖေနဲ့ ဦးထွားမောင်ဟာ တစ်ယောက်နဲ့တစ်ယောက် တော်တော်ကို အမုန်းပွားနေကြတယ်လို့ ကြားရတာပဲ၊ ဒါပေမယ့် ဒါက ကေသီနဲ့ မဆိုင်ပါဘူးလေ၊ သူတို့နှစ်ယောက် ဖြေရှင်း

ရမယ့် ကိစ္စပဲ'

'မှန်ပါတယ်၊ ဒါက သူနဲ့ ကျုပ် ဖြေရှင်းရမယ့် ကိစ္စပါ'

ထိုအသံသည် ကေသီ၏နောက်သို့ ရုတ်တရက် ရောက်လာသော ရန်လိုရှိန်းဖေ၏ ပါးစပ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ရှိန်းဖေသည် လက်ညှိုးတစ်ချောင်းဖြင့် တင်မောင်ဆွေ၏ ရင်ပတ်ဆီသို့ လက်ညှိုးနှင့် ဆတ်ကနဲ ထိုးလိုက်ပြန်ရာက…

'ဟောဒီက စုံထောက်နဲ့ ကျုပ်လည်း ရှင်းစရာကိစ္စရှိနေသေးတာပဲ၊ ခင်ဗျားက ပဲခူးမှာ တော်တော် ဟန်ကျခဲ့တယ် မဟုတ်လား…'

'သိပ်ကို ဟန်ကျခဲ့တာပေါ့ ကိုရှိန်းဖေ…'

ဟု တင်မောင်ဆွေက ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်လျှင် ရှိန်းဖေ၏ နှုတ်ခမ်းပါးများသည် တွန့်သွားကြလေ၏။

'စောင့်ကြည့်ကြသေးတာပေါ့ ကိုတင်မောင်ဆွေရယ်'

'နေစမ်းပါဦး ရှင်တို့ ဘာတွေပြောနေကြတာလဲ'

ကေသီမြိုင်က မေးလိုက်ခြင်းဖြစ်၏။ ရန်လိုရှိန်းဖေသည် ကေသီမြိုင့်ဘက်သို့ လှည့်ကြည့်ကာ… အေးစက်စက် အမူအရာနှင့် ပြုံးလိုက်၏။

'အလုပ်ကိစ္စလေးတစ်ခုပါ ကေသီမြိုင်ရယ်၊ သူ့ကိုယ်သူ ဟုတ်လှပြီလို့ ထင်နေတဲ့ ဟောဒီက စုံထောက်နဲ့ ကျုပ် ရှင်းစရာရှိနေတဲ့ ကိစ္စကလေးတစ်ခုပါ၊ ဒါပေမယ့် ဒီညတော့ မဟုတ်သေးပါဘူး၊ ဒီညတော့ ကျုပ် ပျော်ရမယ့် ညပဲ'

ရှိန်းဖေသည် စကားကို ရပ်ထားလိုက်ကာ တင်မောင်ဆွေအား လှောင်ပြုံးကလေးနှင့် ကြည့်လိုက်ပြန်၏။

'ဒီမှာ ကိုတင်မောင်ဆွေ ခင်ဗျား လောကကြီးမှာ နေရတုန်း မှာ ပျော်စရာကလေးတွေကို ရှာထားပေါ့ဗျာ၊ ဒီညဟာတော့ ခင်ဗျား အတွက် ကျုပ်မန္တလေးက အထူးခေါ်လာတဲ့ အငြိမ့်မင်းသမီး မာလာ တင့်ရဲ့ ဖျော်ဖြေမှုကို ခံစားကြည့်သွားဦးပေါ့…'

တင်မောင်ဆွေက ပခုံးများကိုတွန့်ကာ အဆိုတော် ရီရီ တင့်ဘက်သို့ မေးငေါ့ပြလိုက်လေ၏။ ဤတွင် ရှိန်းဖေက အေးစက် စက်ပင် ပြုံးလိုက်ပြန်၏။

'ခင်ဗျား ဟိုညက ပြောခဲ့တဲ့အတိုင်းပဲ ကိုတင်မောင်ဆွေ၊ ရီရီတင့်ဟာ ကျုပ်နဲ့မဆိုင်တော့ပါဘူး၊ အခုဆိုရင် သူဟာ ကျုပ်ရဲ့ တပည့်ကြီး စိန်ကုလားနဲ့သာ လုံးဝဆိုင်နေပါတော့တယ်…'

တင်မောင်ဆွေက မျက်ခုံးများကို မသိမသာ ပင့်လိုက်ကာ ဦးထွားမောင်ရှိရာဘက်သို့ လက်မနှင့် ထိုးပြလိုက်ပြန်သည်။

'နို့… သူကတော့ကော ကိုရှိန်းဖေရဲ့'

ရှိန်းဖေသည် ရုတ်တရက် မျက်မှောင်ကြီး ကုတ်လိုက်လေ သည်။

'ခင်ဗျားဟာ တော်တော်ကို စပ်စုတတ်တဲ့ လူတစ်ယောက် ပဲနော်၊ အေးလေ… ခင်ဗျားဟာ နောက်ဆက်ပြီး ကြာကြာစပ်စု နိုင်တော့မှာ မဟုတ်ပါဘူး၊ ခုနက ကျုပ်ပြောသလိုပေါ့၊ ခုဆိုရင် ရီရီတင့်ဟာ စိန်ကုလားနဲ့သာ လုံးဝသက်ဆိုင်နေပြီမို့ ဦးထွားမောင် ဟာလည်း စိန်ကုလားကိစ္စပဲ ဖြစ်နေပါပြီ'

'အင်း… ခင်ဗျားဟာ တော်တော် လာတဲ့လူပဲ ကိုရှိန်းဖေ၊ ရီရီတင့်ကို ဗန်းပြပြီး ခင်ဗျားရဲ့ ရန်သူတော်ကြီးတစ်ယောက်ကို ခင်ဗျားရဲ့ တပည့်တစ်ယောက်နဲ့ တွေ့ပေးတာကတော့… တော်တော်

ကောင်းတဲ့ သေနင်္ဂဗျူဟာပါပဲ’

ရန်လို ရှိန်းဖေသည် တင်မောင်ဆွေ၏ ချီးကျူးမှုကို တော်တော်သဘောကျသွားသည့်အလား ရင်ကို မသိမသာကော့လိုက်၏။

‘အေးလေ··· ကျုပ်ဟာ အံတုလို့ရမယ့် လူတစ်ယောက် မဟုတ်ဘူးဆိုတာ ခင်ဗျားကို ပြောပြီးပြီပဲ၊ ကဲလေ ခင်ဗျား ဒီညတော့ ပျော်ပျော်ကြီး နေသွားပေဦးပေါ့ဗျာ ဟုတ်လား···’

ပြေပြောဆိုဆိုပင် ရှိန်းဖေသည် သူ့စားပွဲသို့ ထပြန်သွားလေ၏။ မကြာမီပင် ကိုဝီလီရောက်လာကာ··· သူတို့စားပွဲတွင် ဝင်ထိုင်လိုက်လေ၏။ မော်လီဝိုင်းတော့ ပါမလာခဲ့ချေ၊ ကိုဝီလီသည် ကေသီမြိုင့်အား ကိုချိုးစိန်အဖြစ်နှင့် ပတ်သက်၍ ဝမ်းနည်းကြောင်း စကားပြောနေလိုက်လေသည်။

ကေသီမြိုင်ကမူ ကိုချိုးစိန်နှင့် ပတ်သက်၍ ဘာမျှမကြားဟန်နှင့် စကားကို ချက်ချင်းလွှဲပစ်လိုက်ကာ စားပွဲထိုးမကလေးအား ရှန့်ပိန်အရက် ယူလာရန် မှာလိုက်လေ၏။ မကြာခင်မှာပင် သူတို့စားပွဲတွင် လူစည်ကားနေတော့၏။ ရန်လိုရှိန်းဖေသည် ပြန်ရောက်လာ၏။ ရီရီတင့်နှင့်စိန်ကုလားတို့ကလည်း ဝင်ထိုင်ကြသည်။ ဦးထွားမောင်တစ်ယောက်သာ သူ့စားပွဲတွင် အရက်ဖန်ခွက်ကို အဖော်ပြုလျက် တစ်ယောက်တည်း ငုတ်တုတ် ထိုင်နေ၏။

ရန်လိုရှိန်းဖေသည် မန္တလေးမှ ခေါ်လာသည့် အငြိမ့်မင်းသမီးမာလာတင့်သည် တော်တော်ပင် အဖျော်ဖြေကောင်းလှသည်ကို မကြာခင် သူတို့ တွေ့ကြရ၏။ အဆိုကောင်း၊ အကကောင်း၊ အသွေးကောင်းဖြစ်လေရာ ဟော်တယ်ထဲတွင် ရှိနေသော ပရိတ်သတ်များ အားလုံးမှာ ဩဘာသံ တဖြောင်းဖြောင်း ဖြစ်နေတော့သည်။ ရှိန်းဖေ

မှာ သူ ရှာတွေ့လာသော မင်းသမီးအတွက် ဂုဏ်ယူနေဟန်ဖြင့် တပြုံးပြုံး ဖြစ်နေသည်။

ထိုအတောအတွင်းဝယ် တင်မောင်ဆွေသည် ကိုဝီလီနှင့် မော်လီဝိုင်းအကြောင်း စကားစပ်မိကြသေး၏။ မော်လီဝိုင်းကို စကော့ပူသို့ အမြန်ပို့ရန်လိုကြောင်း၊ သို့မှသာလျှင် သူတို့လုပ်ငန်းကို ဆက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မော်လီဝိုင်းသည် တင်မောင်ဆွေအား တော်တော် အားကိုးနေပုံရသည်ဟု မိမိအကဲခတ်မိခဲ့ကြောင်း၊ သို့ဖြစ်၍ တင်မောင်ဆွေက မိမိအား အကူအညီပေးလိုသည် ဆိုပါလျှင် မော်လီဝိုင်းအား စကော့ပူသို့ အမြန်ပြန်ရန် နားချပေးပါဟု တောင်းပန်လိုကြောင်း စသည်ဖြင့် ကိုဝီလီက ပြောကြားလေ၏။

'ကိုခြူးစိန်··· ခုလို ကိုယ့်ကိုယ်ကို သတ်သေသွားတာက လည်း··· စိတ်မကောင်းစရာ ဖြစ်နေတာကတော့ အမှန်ပေါ့ဗျာ··· ဒါပေမယ့် ကျုပ်တို့ လုပ်ငန်းကလည်း ရှိနေသေးတယ် မဟုတ်လား၊ ဒီတော့ကာ··· မော်လီက စကော့ပူကို ပြန်သွားမှသာ ကျုပ်တို့အလုပ် ဆက်လုပ်နိုင်မှာပဲ မဟုတ်လား'

'ခင်ဗျား··· ခုနက ပြောတာမှာ တစ်ခုမှားသွားတယ် ကိုဝီလီ···'

တင်မောင်ဆွေသည် တစ်နေ့လုံး ဘရန်ဒီ၊ ဘီယာ၊ ဝီစကီ စသည်တို့ကို သောက်ခဲ့ပြီး ယခုလည်း ရှန်ပိန် ထပ်သောက်နေရပြန်သဖြင့် ခေါင်းထဲတွင် ဝေတေတေ ဖြစ်နေသည်။ ထို့ကြောင့်ပင် သူက ဤစကားများကို ပြောမိသလား မသိပေ။

'ကိုခြူးစိန်ဟာ··· ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ပါဘူး··· အသတ်ခံရတာပါ'

'ဗျာ… ဗျာ… ခင်ဗျား ဘာပြောလိုက်တယ်'

ကိုဝီလီသည် ထိတ်ထိတ်ပျာပျာ အမူအရာနှင့် ပြန်မေးလိုက်၏။ ဤတွင် ကေသီမြိုင်က ဝင်ဖြေလိုက်သည်။

'သူက… ကိုခြူးစိန်ဟာ အသတ်ခံရတယ်လို့ ထင်နေတာ ရှင့်…'

'ဟာဗျာ… မဖြစ်နိုင်တာကြီးပဲ၊ ရဲဘက်ကတော့… ကိုခြူး စိန်ဟာ ကိုယ့်ကိုယ်ကို သတ်သေတာပါလို့ အခိုင်အလုံ ပြောနေ တာပဲ၊ ခင်ဗျားက ဘာဖြစ်လို့ သူဟာ အသတ်ခံရတာပါလို့ ပြောနိုင် ရတာလဲ'

'အင်း… ကျုပ်ဘာဖြစ်လို့ ပြောတယ်ဆိုတာ… ကျုပ် ကိုယ်တိုင်လည်း ကောင်းကောင်းမသိပါဘူးဗျာ၊ ကျုပ်အရက်မူးနေ လို့ ထင်ပါရဲ့… ဟဲ… ဟဲ…'

ထိုစဉ် ရှိန်းဖေက ဝင်လာပြန်၏။

'နေစမ်းပါဦးဗျ… ဘယ်သူအသတ်ခံရတာတဲ့လဲ'

'ကိုခြူးစိန်ဆိုတဲ့… လူပဲ'

'ကိုခြူးစိန်… သူက ဘယ်သူလဲဗျ'

တင်မောင်ဆွေက ရှိန်းဖေကို ခပ်ပြုံးပြုံး ကြည့်လိုက်သည်။

'ခင်ဗျားဟာ… ရန်ကုန်မှာ လူတွင်ကျယ်တစ်ယောက်ပဲဗျ၊ အထူးသဖြင့် လူတစ်ယောက် အသတ်ခံရပြီဆိုရင် ခင်ဗျားသိနေတာ များတယ် မဟုတ်လား'

'တော်စမ်းပါဗျာ… ဒီည လူသတ်တဲ့အကြောင်း မပြော စမ်းပါနဲ့… ဒီညဟာ ပျော်ပျော်ကြီးနေရမယ့်ညပါ'

အမှန်တော့လည်း ထိုညတွင် သူတို့အားလုံးသည် တော်

www.burmeseclassic.com

တော်ကြီး ပျော်ပစ်လိုက်ကြလေသည်။ ရှန့်ပိန်နှင့် ဝီစကီသည် ရေကဲ့သို့ ချောင်းစီးသွား၏။ တင်မောင်ဆွေသည် နံနက်မိုးလင်းမှပင် သူ့တိုက်ခန်းသို့ ပြန်ရောက်သွားလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၂-

နောက်တစ်နေ့ နေ့ခင်းဘက်ကျမှပင် တင်မောင်ဆွေသည် အိပ်ရာမှ ကြိုးစားပြီး ထနိုင်၏။ ရေကို အားရအောင်ချိုးပြီး အစာကို ဝမ်းထဲသွင်းလိုက်သည့်အခါတွင်မှ လူလည်းလန်းလာ၏။ ထို့ကြောင့် သူသည် အဝတ်အစားများလဲကာ စုံထောက်ဌာနချုပ်သို့ ထွက်ခဲ့သည်။ ကိုသောင်းဖေနှင့်အဆင်သင့်ပင် တွေ့ရသည်တွင် ကိုချြူးစိန်၏ ကိစ္စကို ကိုယ့်ကိုယ်ကို သတ်သေမှုဖြင့် အမှုပိတ်လိုက်တော့မည် ဖြစ်ကြောင်း ၄င်းထံမှ သိရ၏။

သူ့အလုပ်တိုက်သို့ ပြန်လာခဲ့သည်တွင် ဂျင်မီရောက်နေသည်ကို တွေ့ရသည်။ ညက စုံစမ်းခိုင်းထားသော ဆရာဝန်လေးယောက်ကိစ္စကို ဂျင်မီက ပြန်လည်၍ အစီရင်ခံလိုက်သည်။

'ကိုဆွေ… ဆရာဝန်တွေ လေးယောက်စလုံးက ဒီလောကကြီးမှာ မရှိကြတော့ပါဘူး၊ အားလုံးပဲ ရောဂါရိုးရိုးနဲ့ သေကုန်ကြတာပဲ… သူတို့အားလုံးဟာလည်း လူပျိုကြီးတွေချည့်ပဲ၊ ဆွေမျိုးညာတိ ဆိုလို့လည်း တစ်ယောက်တလေမှ မရှိကြဘူး…'

တင်မောင်ဆွေသည် ခေတ္တမျှ တွေဝေနေပြီးနောက် ဂျင်မီအား ထိုကိစ္စကို ဆက်စုံစမ်းရန် မလိုတော့ဟု ပြောပြလိုက်သည်။ ထို့နောက် သူကိုယ်တိုင် မဂိုလမ်းသို့သွားလျက် သီဟဆေးတိုက်အကြောင်းကို စုံစမ်းကြည့်ပြန်၏။ သီဟဆေးတိုက်မှာ တံခါးသော့ခလောက် ခတ်လျက်သားကြီး ဖြစ်နေ၏။ တင်မောင်ဆွေလည်း အောက်ထပ်သို့ ဆင်းလျက် စုံစမ်းကြည့်ရာ ထိုဆေးတိုက်ပိတ်ထားသည်မှာ ကြာပြီဖြစ်ကြောင်း သိရ၏။

တင်မောင်ဆွေလည်း လမ်းဘေးပလက်ဖောင်းတွင် ရပ်လျက် ဘယ်ကိုသွားရမည်ဟု စဉ်းစားနေစဉ် ဆိုက်ကားတစ်စီးပေါ်မှ လူတစ်ယောက် ဆင်းလာကာ သူဆင်းလာခဲ့သော တိုက်အပေါ်ထပ်သို့ တက်သွားသည်ကို တွေ့လိုက်ရ၏။ ထိုလူမှာ အသက်အာမခံ ကိုယ်စားလှယ် ကိုထွန်းရီပင် ဖြစ်နေ၏။

တင်မောင်ဆွေသည် သုံးဘီးကား အလွတ်တစ်စီးကို ဖမ်းတားကာ လန်ကပ်စတာလမ်းသို့ အမောင်းခိုင်းလိုက်သည်။ ကိုချိုးစိန်၏ ကုန်တိုက်ရှေ့သို့ ရောက်လျှင် သုံးဘီးကားကို ပြန်လွှတ်လိုက်သည်။ ကုန်တိုက်တံခါးကြီးမှာ ပိတ်ထားလျက်သား တည်ရှိနေသည်။

တင်မောင်ဆွေသည် ကုန်တိုက်ထဲသို့ ဝင်ရောက်ကြည့်ရှုရန် မူလက ရည်ရွယ်ထားမိသည်။ သို့ရာတွင် မနေ့က ကိုချိုးစိန်၏စားပွဲပေါ်မှ အသာလစ်လာခဲ့သည့် သော့ကြီးမှာ မနေ့ကဝတ်၍ ချွတ်ပစ်ထားခဲ့သော ဘောင်းဘီထဲတွင် ကျန်ရစ်နေခဲ့လေ၏။

ကုန်တိုက်ကြီးနှင့် မျက်စောင်းထိုးလောက်တွင် ကွမ်းယာတစ်ဆိုင်ရှိနေသည်ကို တင်မောင်ဆွေက သတိပြုမိပြီး စိတ်ကူးတစ်ခုရလာ၏။ သူသည် ထိုကွမ်းယာဆိုင်ဘက်သို့ လျှောက်လာ၏။

ကွမ်းယာဆိုင်ကုလားသည် တင်မောင်ဆွေ စုံထောက်တစ်ယောက် ဖြစ်မှန်းသိသည်နှင့် တပြိုင်နက် ပျာပျာသလဲ ဖြစ်လာသည်။ တင်မောင်ဆွေက အင်္ဂါနေ့ ညဘက်တွင် ထူးထူးခြားခြား ဘာသံများ ကိုကြားမိသနည်း။ ဥပမာ သေနတ်သံများ ကြားမိသလောဟု မေးသည်ကို ကွမ်းယာသည်ကုလား အတန်ငယ် စဉ်းစားနေပြီး နောက်မှ ထိုည ၁၂-နာရီကျော်ကျော်လောက် ဆိုင်ပိတ်ချိန်တွင် လမ်းပေါ်မှ ထိုင်းခနဲ အသံတစ်ချက်ကြားရကြောင်း ပြန်ဖြေသည်။

'နေပါဦး အင်္ဂါနေ့ညရယ်လို့ မင်းသေသေချာချာ မှတ်မိရဲ့လား…'

'မှတ်မိပါတယ်ဆပ် ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီညကမှ လွတ်က ကျွန်တော့်မိန်းမဆီက ရောက်လာတဲ့စာကို ဖတ်နေတုန်း အဲဒီ ထိုင်းကနဲအသံကို ကြားရတာပဲဆပ်'

'ကြားရတော့ မင်းဘာလုပ်သလဲ'

'ကျွန်တော်လည်း ဆိုင်ပြတင်းပေါက်ဖွင့်ပြီး အပြင်ကိုကြည့်မိတာပေါ့၊ အဲဒီတော့ ကားတစ်စီးဆိုင်ရှေ့က ဖြတ်မောင်းသွားတာ တွေ့လိုက်ရပါတယ်၊ ဒါနဲ့ပဲ ကျွန်တော်လည်း အဲဒီကားက အိပ်ဇောပိုက်ပေါက်တာပဲဆိုပြီး ကျွန်တော့်စာကို ပြန်ဖတ်နေလိုက်ပါတယ်။

တင်မောင်ဆွေသည် မေးစေ့ကို လက်နှင့်ပွတ်သပ်ကာ ခေတ္တမျှ စဉ်းစားခန်းဝင်နေလိုက်ပြီးမှ ကုလားကိုဆက်၍ မေးခွန်းထုတ်ပြန်၏။

'ကားတစ်စင်း ဟုတ်လား… ဘယ်လို ကားမျိုးလဲကွ'

'ဆီဒင် ကားကြီးပါပဲ ဆပ်၊ အသစ်ကြီးတော့ မဟုတ်ဘူး ဆပ်၊ ခပ်ဟောင်းဟောင်းထဲကပါပဲ'

www.burmeseclassic.com

'ကားထဲမှာ ပါတဲ့ လူတွေကိုကော တွေ့လိုက်ရသေးသလား…'

'တွေ့လိုက်ရပါတယ်ဆပ်၊ ကားမောင်းသွားတာကတော့ မိန်းမတစ်ယောက်ပဲဆပ်… သူ့ဘေးမှာလည်း လူတစ်ယောက်ပါတယ်…'

ကုလားက ရှင်ပျစွာ ပြန်ဖြေလိုက်သည်။

'မိန်းမတစ်ယောက် မောင်းသွားတယ်ဆိုတာ သေချာတယ်နော်…'

'သေချာတာပေါ့ ဆပ်'

'နို့ သူ့ဘေးက ပါလာတဲ့ လူကကောကွာ မိန်းမပဲလား'

'အား… ဒါတော့ ကျွန်တော်လည်း မပြောတတ်ပါဘူး ဆပ်ရယ်…'

ကုလားသည် ထို့ထက်ပို၍တော့ မပြောနိုင်တော့ချေ၊ တင်မောင်ဆွေလည်း ကုလားဆီမှ ထွက်ခဲ့ပြီးနောက် နီးရာတယ်လီဖုန်းမှနေ၍ ပီကင်းဟော်တယ်သို့ ဆက်ကာ မော်လီဝိုင်းနှင့် စကားပြောပါရစေဟု ခွင့်တောင်းလိုက်သည်။ သို့ရာတွင် ဟော်တယ်စာရေးက မော်လီဝိုင်းသည် အပြင်သို့ ထွက်သွားကြောင်းနှင့် ညနေ ၆–နာရီတွင်မှ ပြန်ရောက်လာမည်ဟု မှာသွားကြောင်း ဖြေသဖြင့် ဖုန်းကို ပြန်ချလိုက်ရသည်။

တင်မောင်ဆွေသည် စီးကရက်တစ်လိပ်ကိုခဲကာ တွေနေလိုက်ပြီးမှ အဆိုတော်ရီရီတင့်နှင့် တွေ့ဆုံစကားပြောရန် အချိန်ကျပြီဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

**-၁၃-**

အဆိုတော်ရီရီတင့်သည် ရန်ကုန်အရှေ့ပိုင်းမှ လမ်းတစ်လမ်းတွင်ရှိသော တိုက်ခန်းတစ်ခန်းတွင် နေထိုင်လျက်ရှိကြောင်း တင်မောင်ဆွေက သိထားပြီး ဖြစ်နေသည်။ ထိုတိုက်ခန်းတွင် ရီရီတင့်က အထက်တန်းကျကျ နေထိုင်လျက်ရှိကာ… သူမ၏ စရိတ်စကများကို ဘယ်သူကပေးထားသည် ဖြစ်ကြောင်းကိုလည်း တင်မောင်ဆွေက သိထားပြန်သည်။

တင်မောင်ဆွေသည် တိုက်ခန်းတံခါးဘေးမှ လျှပ်စစ်လူ ခေါ်ခေါင်းလောင်းဘုကလေးကို လက်မနှင့်နှိပ်လိုက်၍… မကြာခင်မှာပင် တိုက်ခန်းတံခါးကို ရီရီတင့်ကိုယ်တိုင်ပင် လာ၍ ဖွင့်ပေးတော့သည်။

တင်မောင်ဆွေကို တွေ့လိုက်ရလျှင်မှု သူမသည် တော်တော်အံ့သြသွားပုံရသည်။

'အလို… ရှင်ပါကလား… ကျွန်မက၊ ကျွန်မက…'

'တခြား လူတစ်ယောက်ကို မျှော်နေတယ် မဟုတ်လား၊

အေး… ကျွန်တော်ဟာ သူမဟုတ်တာကိုတော့ ဝမ်းနည်းပါတယ်ဗျာ၊ ဒါပေမယ့် အထဲကိုတော့ ဝင်ခွင့်ပြုလိမ့်မယ်လို့ မျှော်လင့်တယ်ဗျာ'

ရီရီတင့်သည် ကိုယ့်ကိုယ်ကို အစွမ်းကုန်မှုန်းသထားလေသည်။ ကိုယ်ခန္ဓာတွင် တရုတ်ပိုးပျော့ ဘလောက်စ်လက်တိုကလေးကို ဝတ်ဆင်ထားရာ အင်္ကျီသားကို ဖောက်ထွင်းလျက်အောက်တွင် ဘရာဇီယာတစ်ခုနှင့်သာ ဖြိုးမောက်အိထွားသော ရင်သားများကို စည်းနှောင်ထားကြောင်း အတိုင်းသားတွေ့နေရသည်။ ခါးတွင် ဝတ်ထားသော တိုဘရာကိုးထမီကလည်း စွင့်ကားသောတင်နှင့် တုတ်ခိုင် သော ပေါင်တံကြီးများ၏ အလှကို သရုပ်ပေါ်စေအောင် အသားနှင့်ကပ်နေသည်။ သူမ၏ကိုယ်မှ ထွက်လာသော မွှေးရနံ့ကလည်း သင်းလှတော့၏။

'ရှင်… ဘာလုပ်မလို့လဲ…'

'စကားနည်းနည်း ပြောချင်လို့ပါ ရီရီတင့်…'

'အို… ကျွန်မက လူတစ်ယောက်ကို စောင့်နေတာရှင့်… တော်တော် အရေးပါအရာရောက်တဲ့ လူတစ်ယောက်ပါရှင်'

'ကျွန်တော် ခင်ဗျားကို ပြောချင်တဲ့ စကားတွေကလည်း… ဒီလိုပါပဲ အရေးပါအရာရောက်တာပါပဲ ရီရီတင့်…'

ထိုအခါမှပင် ရီရီတင့်သည် သက်ပြင်းကလေးတစ်ချက်ချလိုက်ကာ တံခါးဝမှ လမ်းဖယ်ပေးလိုက်သည်။

'ကဲ… မေးစရာရှိရင်လည်း မြန်မြန်ကလေးမေးပါရှင်… မကြာခင်ပဲ သူရောက်လာတော့မှာ'

တင်မောင်ဆွေက အကောင်းစား ဆိုဖာကြီးတစ်လုံးတွင် ဝင်ထိုင်မိလိုက်သည်နှင့် တပြိုင်နက်ပင် ရီရီတင့်က သူ့ရှေ့တွင်လာ

ရပ်ကာ အလောတကြီး ပြောလိုက်ခြင်း ဖြစ်သည်။ တင်မောင်ဆွေက တမင်တကာပင် အချိန်ယူလျက် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးမှ…

'ကျွန်တော်ခင်ဗျားကို မေးချင်တာကလေးတွေ ရှိနေတာပါဗျ… ဥပမာဆိုရင် ခင်ဗျားဟာ… အင်္ဂါနေ့ညက ကေသီမြိုင်ဟော်တယ်မှာများ ရှိနေခဲ့သလား ဆိုတာပဲ'

'ဟင့်အင်း… မရှိပါဘူး'

ရီရီတင့်က သွက်လက်စွာပင် ပြန်ဖြေလိုက်သည်။

'ဘာဖြစ်လို့ မရှိခဲ့တာလဲ…'

'အင်္ဂါနေ့ညဟာ ကျွန်မ အနားယူတဲ့ညရှင့်… ဒါ့ကြောင့် မရှိတာပေါ့၊ ကဲ ကဲ… နောက် ဘာမေးဦးမလဲလေ'

'ကေသီမြိုင်ဟော်တယ်မှာ ရှိမနေခဲ့ရင် ဘယ်မှာရှိနေသလဲ၊ ည၁၁–နာရီနဲ့ ၁၂–နာရီကြားမှာ ဆိုပါတော့'

'ကျွန်မ အပြင်ထွက်လည်နေတယ်၊ လူတစ်ယောက်နဲ့ပဲ'

'အဲဒီလူက ဘယ်သူလဲဆိုတာကို ကျွန်တော်သိပါရစေလား ရီရီတင့်…'

ရီရီတင့်သည် နှုတ်ခမ်းကလေးကိုစူကာ… တင်မောင်ဆွေအား အကဲခတ်သလို ကြည့်နေလိုက်သည်။ ပြီးမှ တင်မောင်ဆွေအား ဆိုဖာလက်ရမ်းပေါ်တွင် လာထိုင်ကာ တင်မောင်ဆွေ ပခုံးကို ဖက်ထားလိုက်သည်။

'ဒီမှာ… ကိုဆွေ ရှင့်မို့လို့ ကျွန်မပြောပြမှာနော်၊ ရှင်ဟာ ကျွန်မဆီက သိရတာကို ဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ဘူးဆိုတာကိုလည်း ကျွန်မ သိထားရလို့ပါပဲ…'

www.burmeseclassic.com

'ဒါကိုတော့ စိတ်ချပါ ရီရီတင့်…'

'ဒီလိုရှင့်… ကျွန်မနဲ့ ကိုရှိန်းဖေတို့ ကိစ္စကိုလည်း ရှင်သိပြီး ရောပေါ့၊ သူက ကျွန်မကို စရိတ်ထောက်ပြီး ကိပင်းလုပ်ထားတာ ကြာပါပြီ၊ အခုတော့ သူက ကျွန်မကို သူ့တပည့် စိန်ကုလားဆီမှာ လက်ပြောင်းပေးဖို့ ကြံနေပြီလေ၊ ဒါပေမယ့်… ကျွန်မက သူတို့လက်က လွတ်ရအောင် ကြိုးစားနေပါတယ်၊ ဘာပြုလို့လဲ ဆိုတော့… ကျွန်မမှာ ချစ်သူ ရှိနေပြီရှင့်…'

ရီရီတင့်က သူမမှာ ချစ်သူတစ်ယောက်ရှိနေပြီ ဆိုခြင်းမှာ ရယ်စရာလို ဖြစ်နေသော်လည်း တင်မောင်ဆွေက မရယ်ဘဲ မေးခွန်းတစ်ခုကိုသာ ပြန်ထုတ်လိုက်လေသည်။

'အင်္ဂါနေ့က ခင်ဗျားနဲ့ ထွက်လည်နေခဲ့တဲ့ လူဆိုတာ သူပဲလား…'

'ဟုတ်ပါတယ်… သူဟာလည်း တခြားမဟုတ်ပါဘူး… ဦးထွားမောင်ပါပဲ၊ သူအခုလည်း မကြာခင် ရောက်လာတော့မှာ… ဦးထွားမောင်က ကျွန်မကို တကယ်စွဲနေတာရှင့်၊ ကျွန်မကလည်း သူ့ကို တကယ်ချစ်မိတာပါပဲ၊ သူက ကျွန်မကို အတည်ယူလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားမိတယ် ကိုဆွေ'

'ခင်ဗျား သူနဲ့ အဲဒီညက ဘယ်ကို သွားခဲ့တာလဲ'

'ဒါကတော့… ရှင်နဲ့ မဆိုင်ပါဘူး ကိုဆွေ…'

ရီရီတင့်သည် ပြောပြောဆိုဆို ကုလားထိုင် လက်ရမ်းပေါ်မှ ပြန်ဆင်းလိုက်ကာ… လက်ပတ်နာရီ ကလေးကို မြှောက်ကြည့်လိုက်သည်။

'ကဲ… ကိုတင်မောင်ဆွေ… ရှင်ပြန်ပါတော့'


www.burmeseclassic.com

'မေးစရာကလေးတွေ ကျန်နေသေးတယ် ရီရီတင့်··· ခင်ဗျား ကိုခြူးစိန်ဆိုတာကိုများ သိသလား'

ရီရီတင့်က နီရဲစိုစွတ်သော နှုတ်ခမ်းများကို မဟာဘဲခေါင်းကိုသာ ခါပြသည်။

'ကိုဝီလီဆိုတာကိုကော···'

'မနေ့ညကမှ ရှင်တို့နဲ့အတူ တွေ့ခဲ့ရတာပဲရှင့်၊ အရင်တုန်းကတော့ တစ်ခါမှ မတွေ့ဖူးပါဘူး···'

'မစိန်စိန်ဆိုတာကိုကော···'

'ကြားဖူးသလိုလိုပါပဲရှင်··· ရုတ်တရက်တော့ မပြောတတ်ဘူး၊ ကဲ··· ရှင် မေးတာကလည်း မပြီးနိုင်တော့ဘူးလား··· ဟိုကလာတော့မယ်ရှင့်···'

တင်မောင်ဆွေသည် ထိုင်ရာမှ ထရင်းကပင် မေးခွန်းတစ်ခု ထပ်ထုတ်လိုက်ပြန်သည်။

'မော်လီဝိုင်းဆိုတာကိုကော···'

'ဟင့်အင်း···'

'ကိုထွန်းရီ ဆိုတာကိုကော···'

'အို··· မသိပါဘူးရှင်၊ သွားမှာသာ သွားစမ်းပါတော့'

ရီရီတင့်က တင်မောင်ဆွေအား တွန်းလွှတ်နေစဉ်မှာပင် တံခါးသည် ရုတ်တရက် ပွင့်လာ၏။

ဦးထွားမောင်သည် လက်ထဲတွင် သော့တစ်ချောင်းကို ကိုင်ကာ သူတို့နှစ်ယောက်အား လှမ်းကြည့်လိုက်သည်။

သူသည် တက်ထရွန် ရှပ်လက်ရှည် အဖြူတွင် ဘိုးတိုင်တပ်ကာ··· အညိုရောင် တက်ထရွန် ဘောင်းဘီရှည်ကို ဝတ်ထား

သည်။ တကယ့် လူကြီးလူကောင်း အသွင်ပင်တည်း။

'ဟော… ကိုကိုထွား၊ သူ… သူက အလွတ်စုံထောက် တင်မောင်ဆွေ ဆိုတာလေ၊ ရီ့ဆီကို မေးစရာကလေးတွေ ရှိလို့လာ တာပါ…'

ရီရီတင့်က ကပျာကယာမိတ်ဆက်ပေးတော့မှ ဦးထွားမောင် သည် ဟန်ပါပါနှင့် ခေါင်းတစ်ချက် ညိတ်လိုက်ကာ တိုက်ခန်းထဲသို့ လှမ်းဝင်လာသည်။

'အင်း… ဒီလူကတော့ နေရာတကာမှာ လိုက်စပ်စုနေတဲ့ လူတစ်ယောက်ပါပဲ၊ ကဲ… ကဲ… သူ့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံလိုက်ပါလား ရီရယ်၊ အရက်ကလေး ဘာကလေး သောက် တတ်ရင် ထုတ်တည်လိုက်ပါ၊ ကိုယ့်ဖို့လည်း ကိုယ့်အကြိုက်တစ်ခွက် စပ်ခဲ့ပါလား'

ရီရီတင့်သည် ထိုအခါမှ တော်တော်ပင် စိတ်သက်သာရာရ သွားဟန်နှင့် အိမ်အတွင်းခန်းဘက်သို့ ခပ်သုတ်သုတ် ဝင်သွားသည်။ ဦးထွားမောင်သည် အခန်းအလယ်သို့ ဝင်လာပြီးနောက် တင်မောင် ဆွေအား… ပြုံး၍ ကြည့်လိုက်၏။

'ညက ခင်ဗျားတို့ တော်တော် ပျော်ခဲ့ကြတာကို ကျုပ်တွေ့ ခဲ့ရပါတယ်၊ အငြိမ့်သမ မာလာတင့် ဆိုတာကလည်း တော်တော် သဘောကျစရာပဲနော်…၊ ကျုပ်မိတ်ဆွေကြီး ကိုရှိန်းဖေဆိုရင် တဟဲ ဟဲကို ဖြစ်နေတာပဲဗျ'

'ကိုရှိန်းဖေက ခင်ဗျား မိတ်ဆွေကိုဗျ ဟုတ်လား'

တင်မောင်ဆွေက မျက်ခုံးများကိုပင့်လျက် မေးလိုက်ရာ ဦးထွားမောင်က နှုတ်ခမ်းကို မသိမသာ မဲ့ပစ်လိုက်သည်။

'စကားအားဖြင့် ပြောတာပါ ကိုတင်မောင်ဆွေ…'

'အင်းလေ… ခင်ဗျားရဲ့ မိတ်ဆွေတွေကော ရန်သူတွေကောဟာ… ကျုပ်နဲ့ ဘာမှ မဆိုင်ပါဘူး ဦးထွားမောင်၊ အဲခင်ဗျားကို ကျုပ်ပြောရဦးမယ်၊ ရှိန်းဖေဟာ… ခင်ဗျားနဲ့ ကျုပ်ကို ဘယ်သူ့ကို ပိုမုန်းနေသလဲလို့ မပြောတတ်ပါဘူးဗျာ'

'အင်း… ကျုပ်လည်း ခင်ဗျားနဲ့ ရန်လို့ကိစ္စကို ကြားခဲ့ရပါရဲ့၊ ခင်ဗျားဟာ… နေရာတကာ ဝင်ပါတတ်တဲ့ လူတစ်ယောက်ပဲ၊ ပဲခူးမှာ… ခင်ဗျားကြောင့် ရန်လို့ လူနှစ်ယောက် ကြိုးမိန့်ကျသွားတယ် မဟုတ်လား…'

ထိုစဉ် ရီရီတင့် ထွက်လာကာ ရေခဲတုံးအပြည့်နှင့် ပယင်းရောင်ထနေသော ဖန်ခွက်ရှည်ကြီးတစ်ခွက်ကို ဦးထွားမောင်အား… လှမ်းပေးလိုက်သည်။

'ပဲခူးက ကိစ္စမှာ… ကျုပ်မပါပါဘူး…'

ဟု ဦးထွားမောင်သည် ဖန်ခွက်ကို ဆုပ်ကိုင်ပြီး တင်မောင်ဆွေအား… ပြန်ပြောလိုက်သည်။

'စကားစပ်မိတုန်း ခင်ဗျားကို ကျုပ်တစ်ခု ပြောလိုက်ပါရစေ၊ ရန်လိုရှိန်းဖေ ကိစ္စနဲ့ ပတ်သက်လာရင် ခင်ဗျားနဲ့ ကျုပ်ဟာ… မဟာမိတ်တွေလို ဖြစ်နေကြတယ်၊ ဒီတော့ သူ့ကိစ္စမှာတော့ ခင်ဗျားနဲ့ကျုပ် ပူးပေါင်းကြရင် မကောင်းဘူးလားဗျာ'

'ကျေးဇူးပါပဲ၊ ဒါပေမယ့် ခင်ဗျားနဲ့ ကျုပ် ပူးပေါင်းဖို့တော့ လိုမယ်မထင်ပါဘူး ဦးထွားမောင်'

ဦးထွားမောင်၏ ထူးကဲသော နှုတ်ခမ်းများသည် မဲ့သွားကြပြန်သည်။

'ကောင်းပြီလေ ခင်ဗျားသဘောပဲပေါ့၊ ကျုပ်ကလည်းတစ်ယောက်ထဲနဲ့ ရန်လို လို ကောင်မျိုးကိုတော့ ရင်ဆိုင်ရဲပါတယ်'

'ကဲ… သွားပြီ ဦးထွားမောင်'

တင်မောင်ဆွေသည် ရီရီတင့်က လှမ်းပေးသော အရက်ဖန်ခွက်ကို ခေါင်းခါ၍ ငြင်းလိုက်ကာ… တိုက်ခန်းထဲမှ ထွက်ရန် တံခါးကို ဆွဲဖွင့်လိုက်သည်။

ထိုစဉ်မှာပင် ကြီးမားသော ရှူးဖိနပ်ကြီး တစ်ဘက်က တံခါးကြားသို့ ထိုးဝင်လာသည်။ တင်မောင်ဆွေက တံခါးကို ပြန်ပိတ်ရန် ကြိုးစားသော်လည်း မရတော့၊ တံခါးရွက်သည် ဆောင့်၍ ပွင့်သွားကာ… ရှူးဖိနပ်ကြီး နောက်မှ စိန်ကုလား၏ တစ်ကိုယ်လုံးက လိုက်ဝင်လာသည်။

စိန်ကုလားကို တွေ့လိုက်ရသည်နှင့် တပြိုင်နက်ပင် ၄င်းသည် အရက်တော်တော် မူးနေကြောင်းကို တင်မောင်ဆွေက သတိပြုမိလိုက်သည်။ အရက်ပင် မူးနေသော်လည်း စိန်ကုလားသည် သွက်သွက်လက်လက်ပင် ရှိနေသည်။ ဖြုတ်ဆို သူ့ညာလက်သည် ဘောင်းဘီအိတ်ထဲမှ ပွိုင့် ၃၂-ပြောင်းတို သေနတ်ကလေးကို ထုတ်ယူလိုက်တော့သည်။ သေနတ်ပြောင်းဝကလေးသည် ခဏချင်းမှာပင် တင်မောင်ဆွေ၏ ရင်ဘတ်ဆီသို့ ချိန်လျက်သား ဖြစ်နေလေ၏။

'စုံထောက်စုတ် မင်းအတွက် ဒီအချိန်ဟာ… နောက်ဆုံးပဲ'

အရက်ခိုးတွေဝေလျက် နီရဲနေသော ၄င်း၏မျက်လုံးကြီးများသည် ပါးစပ်ကို လက်ကလေးတစ်ဖက်နှင့် ပိတ်ထားနေသော ရီရီတင့်ဆီသို့ ရောက်သွားကြပြန်သည်။


www.burmeseclassic.com

'မင်းကလည်း စောက်သုံးကျတဲ့ကောင် မဟုတ်ဘူး၊ ငါ့ကို ညာတယ်၊ ဒါပေမယ့် မင်းကိုတော့ ငါက နောက်မှ ကျကျနန ဆုံးမတော့မယ်၊ ဟောဟိုက ငနဲကြီးကတော့ နောက်တစ်ခါ အချောင်ဝင်နှိုက် နိုင်တော့မယ် မဟုတ်ဘူး'

'အို… ကိုစိန်၊ ရှင်အရမ်း ဒီလို မစွပ်စွဲပါနဲ့… ရီရီရှင်းပြတာကို နားထောင်စမ်းပါဦး'

'ဘာထပ်ညာဦးမလို့လဲ၊ ဒီကောင်ကြီး ဒီကိုလာနေတာ အခုလက်ပူးလက်ကြပ် တွေ့နေရပြီ မဟုတ်လား'

ရီရီတင့်သည် ရဲတင်းစွာပင် စိန်ကုလား၏ အပါးသို့ တိုးကပ်သွားရာက ဆတ်ခနဲ တင်မောင်ဆွေဆီကို လက်ညှိုးထိုးပြလိုက်သည်။

'ကိုစိန်၊ ရှင် သူ့ကို သိတယ် မဟုတ်လား'

'သိသားပဲ၊ သူ့ကိုယ်သူ ဘဝင်မြင့်နေတဲ့ အလွတ်စုံထောက်စုတ်ပဲကွ၊ အဲဒါ ဘာဖြစ်သလဲ'

'အင်း… ဟုတ်ပြီ၊ သူ့ကို သိရင် သူဟာအခု အရေးပါအရာရောက်တဲ့ အမှုတစ်ခုကို လိုက်နေတယ်ဆိုတာ ရှင့်ကို ကျွန်မပြောပါရစေ၊ အဲဒီ အမှုကလည်း ကိုရှိန်းဖေ လိုက်ခိုင်းထားတာ ကိုစိန်ရဲ့…'

စိန်ကုလား၏ မျက်လုံးများသည် မသိမသာ ပြူးကျယ်လာကြသည်။

'ဟင်… သူက ဆရာ ကိုရှိန်းဖေလူ ဖြစ်နေပြီလား'

'ဟုတ်တယ်လေ၊ ရှင်ဟာ တော်တော် ထူသေးတာပဲ၊ ညက ကိုရှိန်းဖေက သူ့ကို စကားပြောနေတာ ရှင်တွေ့နေသားပဲ

 www.burmeseclassic.com 

မဟုတ်လား၊ အဲဒီတုန်းကလည်း ကိုရှိန်းဖေက သူ့ကို တာဝန်ပေး လိုက်တာပဲ’

စိန်ကုလားသည် ဇဝေဇဝါ ဖြစ်သွားဟန်နှင့် ငိုင်ငိုင်ကြီးဖြစ် သွားပြီးမှ ငြိမ်သက်စွာ ရပ်နေသော ဦးထွားမောင်ဘက်သို့ ဆတ်ကနဲ မေးထိုးပြလိုက်ပြန်သည်။

‘နို့… ဒီငနဲကြီးကကော ဘာလုပ်နေတာလဲ’

‘သူ့ကို ကိုတင်မောင်ဆွေက ခေါ်လာတာရှင့်၊ သူတို့ နှစ် ယောက်အတူတူ ဒီကိုရောက်လာကြတာ၊ အမှန်ကတော့ ကိုရှိန်းဖေ ကိုယ်တိုင်က သူ့ကို ခေါ်လာခိုင်းတာပဲ၊ ကိုရှိန်းဖေနဲ့ ဦးထွားမောင် က တိုင်ပင်စရာ ကိစ္စရှိနေတယ်လေ…၊ ကိုရှိန်းဖေလည်း အခုမကြာ ခင် ရောက်လာတော့မှာ၊ ကဲ ရှင်းပြီလား ကိုစိန်…’

စိန်ကုလား… မိုက်တတ်ဖို့က လွဲ၍ စဉ်းစားဉာဏ် သိပ် ရှိသူ မဟုတ်ချေ။ ယခု ရီရီတင့်က ၎င်း၏ဆရာ ရန်ကိုရှိန်းဖေ၏ အမည်ကို သုံးလျက် ခပ်တည်တည် လိမ်လိုက်သည့်အခါတွင် စိန် ကုလားခမျာ အယုံကြီးယုံသွားရှာပြီး ချိန်ထားသော သေနတ်ကို ပြန်ချလိုက်ရှာသည်။

‘သူပြောတာ ဟုတ်ရဲ့လား ကိုတင်မောင်ဆွေ’

‘ဟုတ်ပါတယ်ဗျ…’

တင်မောင်ဆွေကလည်း သွက်လက်စွာပင် ထောက်ခံလိုက် သည်။ ရီရီတင့်သည် စိန်ကုလားနားသို့ ပို၍ တိုးကပ်သွားကာ… လက်ကလေးတစ်ဖက်နှင့် ၎င်း၏ပါးကို ပွတ်လိုက်လေ၏။

‘ကဲ… ကိုစိန်၊ ရှင့်လက်ထဲက သေနတ်ကြီး ရီ့ကိုပေးထား တော့နော်၊ အားလုံးမိတ်ဆွေတွေ ချည်းပဲဟာ… ရှင့်သေနတ်ကြီးကို


www.burmeseclassic.com

မလိုတော့ပါဘူး၊ ပြီးတော့ ရီရီက ကိုစိန့်အတွက် အရက်တစ်ခွက် စပ်ပေးမယ် ဟုတ်လား၊ ဝီစကီ ကြိုက်သလား··· ဘရန်ဒီကြိုက်သလား'

ရီရီတင့်သည် ပြောနေရာကပင် စိန်ကုလား၏ လက်ထဲမှ သေနတ်ကို ဆတ်ကနဲ ဆွဲကာ ဦးထွားမောင်ဆီသို့ ပစ်ပေးလိုက်ရာ ဦးထွားမောင်က ကျင်လည်စွာ ဖမ်းယူထားလိုက်သည်။

'သူ့သေနတ်ကို သူ့ကိုသာ ပြန်ပေးထားလိုက်ပါလေ၊ ကျွန်တော်တို့အားလုံး မိတ်ဆွေတွေချည်းပဲဆိုတော့··· သူဟာ သေနတ်ကို သုံးတော့မှာ မဟုတ်ပါဘူး၊ မဟုတ်ဘူးလား စိန်ကုလားရယ်'

ဦးထွားမောင်သည် လက်ထဲတွင် သေနတ်ကို ကိုင်ကြည့်ရာက စိန်ကုလားအား ခပ်ပြုံးပြုံး လှမ်းကြည့်ပြီး မေးလိုက်သည်။ စိန်ကုလား၏ အရက်ခိုးတွေပြန့်လျက် နီရဲသော မျက်နှာကြီးကလည်း ခပ်ပြုံးပြုံး ဖြစ်လာ၏။

'ဟဲ··· ဟဲ··· ကျုပ် မှားသွားတယ်ဗျာ၊ ကျုပ်က ရီရီ့ကို ခင်ဗျား အချောင်လာနှိုက်နေတာလို့ အထင်မှားမိတာကိုးဗျ၊ အခု ခင်ဗျားလာတာ အလုပ်ကိစ္စ သက်သက် ဆိုရင်တော့ ကျုပ်အနေနဲ့ ဘာမှုစရာ ရှိသလဲဗျ···'

ဦးထွားမောင်သည် သေနတ်ကို လက်ထဲတွင် ကိုင်ကာ ခပ်ပြုံးပြုံးပင် စိန်ကုလားအနီးသို့ တိုးကပ်လာသည်။

'ကျွန်တော်က ရီရီတင့်အပေါ်မှာ ဘယ်လိုအကြံအစည်မှ မရှိပါဘူး ကိုစိန်ကုလားရဲ့ မစိုးရိမ်ပါနဲ့··· ဒါနဲ့ ခင်ဗျားသေနတ်က တော်တော် ကောင်းတာပဲဗျ···'

'ဟဲ··· ဟဲ··· ကောင်းတာပေါ့ဗျာ··· ဒီသေနတ်ဟာ

www.burmeseclassic.com

ကျုပ်ရဲ့အကောင်းဆုံး မိတ်ဆွေကြီးတစ်ယောက်ပဲ... အရေးအကြောင်းရှိရင် သိပ်ကို အားကိုးရတာကလား... ဟား... ဟား... ဟား...'

စိန်ကုလားသည် ဦးထွားမောင်၏ လက်ထဲမှ ငွေး၏သေနတ်ကိုယူရန် လက်လှမ်းရင်းက ပါးစပ်ကြီးကို ဖြဲကာ အားရပါးရ အော်ရယ်လိုက်သည်။ ထိုစဉ်မှာပင် ဦးထွားမောင်က ဆတ်ခနဲ သေနတ်ပြောင်းဝကို မြှောက်ကာ စိန်ကုလား၏ ဖြဲရယ်နေသော ပါးစပ်ပေါက် တည့်တည့်သို့ ချိန်ရွယ်ပြီး သေနတ်မောင်းကို ဆွဲဖြုတ်ချလိုက်လေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၄-

ငှင်း၏ကိုယ်ခန္ဓာကြီးမှာလည်း အရုပ်ကြိုးပြတ်သည့်နှယ် ခင်းထားသော ကော်ဇောကြီး အပေါ်သို့ လဲကျ ငြိမ်သက်နေတော့သည်။

'တစ်ခါဖြင့် ကိုယ်ကျိုးနည်းကြပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ ဟင် ဘယ့်နှယ်လုပ်ကြတော့မလဲ...'

ရီရီတင့်သည် မျက်နှာကလေး ဖြူရော်စွာနှင့်တုန်တုန်ယင် ယင် မေးလိုက်သည်။ ဦးထွားမောင်သည် သေနတ်ကို လက်တွင် ကိုင်ထားရာမှပင် သူ့အရက်ခွက်ကို ကောက်ယူကာ တစ်ကျိုက် တည်း အကုန်မော့ချလိုက်၏။

'ကဲ... ခင်ဗျားတို့လုပ်နိုင်တာ တစ်ခုပဲရှိတယ်... သူ့ အလောင်းကို ကားပေါ်တင် သယ်ယူသွားပြီး တစ်နေရာရာမှာ ပစ်ချ လိုက်ဖို့ပဲ။ သေနတ်သံ သိပ်မကျယ်ဘဲ တိုက်ခန်းလုံတာကိုပဲ ကျေးဇူး တင်ကြပေတော့'

တင်မောင်ဆွေက ရီရီတင့်ကို တစ်လှည့်၊ ဦးထွားမောင်ကို တစ်လှည့် ကြည့်လိုက်ရာက ပြောလိုက်ခြင်းဖြစ်ရာ ဦးထွားမောင်


www.burmeseclassic.com

သည် တင်မောင်ဆွေကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ဒီကိစ္စကို ခင်ဗျား ဘယ်လိုလုပ်ချင်သလဲ ကိုတင်မောင်ဆွေ'

'ကျုပ်က ဒဏ္ဍာရီ ပုံပြင်ထဲက မျောက်သုံးကောင်လိုပါပဲ… ဘာမှ မကြားဘူး… ဘာမှ မမြင်ဘူး… ဘာမှ မပြောဘူး … ဒါပဲ…'

'အဲဒီလိုဆိုရင် ခင်ဗျားသွားပေတော့… ကျုပ်ကိစ္စကို ကျုပ်ဘာသာကျုပ် ကြည့်ရှင်းပါ့မယ်…'

တင်မောင်ဆွေလည်း အလျင်မြန်ဆုံး လစ်ထွက်ခဲ့တော့သည်။

သူသည် တိုက်ခန်းသို့ အမြန်ဆုံးပြန်လာကာ သူ၏လက်စွဲတော် လျှူဂါသေနတ်ကို သိမ်းထားရာက ထုတ်ယူကာ ပခုံးစလွယ်အိတ်ထဲတွင် ထည့်ပြီး ပခုံးစလွယ်ကို သိုင်းဝတ်လိုက်သည်။ ထို့နောက် ဆိုင်းလင့်ဆာခေါ် သေနတ်ပြောင်းထိပ်တွင် တပ်ရသည့်အသံတိတ် ကိရိယာကို အိတ်ထဲထည့်လိုက်သည်။ လက်ပတ်နာရီကို ကြည့်လိုက်ရာ ၅-နာရီခွဲကာနီး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ အချိန်သည် မီးရိုက၊လေးရှိမည် ဖြစ်ရာ ခပ်သွက်သွက်ပင် တိုက်ပေါ်မှ ပြန်ဆင်းလာခဲ့ပြီး တရုတ်တန်းသို့ သုံးဘီးကားနှင့် အမြန်ထွက်ခဲ့သည်။

သူ့တွင် အရေးတကြီးနှင့် ပြုလုပ်စရာ အကြံတစ်ခုက လည်း ရှိနေ၏။

ပီကင်းဟော်တယ် ရှေ့သို့ရောက်လာလျှင် တင်မောင်ဆွေသည် ဟော်တယ်နှင့် မျက်နှာချင်းဆိုင်တည့်တည့်ရှိ အဆောက်အဦး


www.burmeseclassic.com

တစ်ခု၏ အပေါ်ထပ်ရှိ တိုက်ခန်းသို့ တက်ခဲ့သည်။ တိုက်ခန်းပိုင်ရှင် ထောင်ကဲကြီးသည် တင်မောင်ဆွေကို တွေ့ရလျှင် ဝမ်းသာအားရဆီး ကြိုလိုက်သည်။ ထောင်ကဲကြီးသည် တင်မောင်ဆွေ၏ ကျေးဇူးခံ တစ်ယောက်ဖြစ်ကာ တရုတ်တန်းထဲမှ မိတ်ဆွေကောင်းကြီး တစ် ယောက်တည်း ဖြစ်လေသည်။

ထောင်ကဲကြီးထံတွင် တင်မောင်ဆွေသည် မိမိအလိုရှိသော အကြောင်းအရာကို ပြောပြရာ ၄င်းက အလွယ်တကူပင် သဘောတူ ညီလိုက်သည်။

'ဒီအခန်းကို ဆရာအလိုရှိသလို အသုံးပြုနိုင်ပါတယ်··· ဆရာ့ကျေးဇူးတွေ ချွန်နော့အပေါ်မှာ အများကြီး ရှိနေတာပဲ'

ဟု ထောင်ကဲကြီးသည် ပြောပြောဆိုဆို တင်မောင်ဆွေ အား ပီကင်းဟော်တယ် အဝင်ဝတည့်တည့်ကို မျက်နှာပြုနေသော အခန်းဆီသို့ ခေါ်သွားကာ အခန်းသော့ကိုပါ အပ်လျက် ရှောင်ထွက် သွားလေ၏။

တင်မောင်ဆွေသည် ပီကင်းဟော်တယ် အပေါက်ဝနှင့်မျက် နှာချင်းဆိုင် တည့်တည့်တွင်ရှိသော အခန်းပြတင်းပေါက်တွင် ကုလားထိုင်တစ်လုံးနှင့် ကျကျနန နေရာယူလိုက်ပြီး စောင့်နေလိုက် သည်။ သူ့ညာလက်ထဲတွင်တော့ ဆိုင်းလင့်ဆာအသံတိတ် ကိရိယာ အသင့်တပ်ထားပြီးသော လျူဂါသေနတ်ကို အသင့်ကိုင်ထားပြီး ဖြစ်နေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်သွားတော့သည်။

၆-နာရီထိုးဖို့ ၃-မိနစ်အလိုတွင် သုံးဘီးကားတစ်စီးသည် ပီကင်းဟော်တယ်ရှေ့ ပလက်ဖောင်းဘေးတွင် ထိုးရပ်လိုက်ကာ

ကားပေါ်မှ မော်လီဝိုင်း ဆင်းလာသည်ကို တင်မောင်ဆွေက တွေ့လိုက်ရလေ၏။ တင်မောင်ဆွေသည် လျှူဂါသေနတ်ကို ပြတင်း ပေါက် ဘောင်ပေါ်တွင်တင်ကာ မော်လီဝိုင်းအား မျက်ခြည်မပြတ် ကြည့်နေလိုက်သည်။

မော်လီဝိုင်းသည် ဂါဝန်ဝတ်ထားရကား ခွာမြင့်ဖိနပ်များကို စီးထားရာ တင်မောင်ဆွေက ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်သည်။ ကံအားလျော်စွာပင် ထိုအချိန်ကလေးတွင် ဟော်တယ် အပေါက်ဝ၌ လူရှင်းနေသည်။ မော်လီဝိုင်းသည် ဟော်တယ်အပေါက်ဝသို့ မဝင်မီ ခေတ္တမျှရပ်ကာ လက်ပတ်နာရီကို ငုံ့ကြည့်နေခိုက် တင်မောင်ဆွေလည်း လက်ထဲကသေနတ်ပြောင်းဝကို သူမ၏ ခွာမြင့်တစ်ဘက်ဆီသို့ တည့်မတ်စွာ ချိန်ရွယ်ကာ ခလုတ်ကို အသာကလေး ဆွဲဖြုတ်လိုက်လေသည်။

တင်မောင်ဆွေ အားလပ်တိုင်း သေနတ်ပစ်လေ့ကျင့်ထားသည်မှာ အလဟဿ မဟုတ်ချေ၊ မော်လီဝိုင်းညာဘက် ဖိနပ်မှခွာမြင့်ဆီသို့ ကျည်ဆံတည့်တည့် သွားမှန်ကာ ပြုတ်ထွက်သွားရာ သူမသည် ယိုင်လဲမတတ် ဖြစ်သွားသည်။

သူမသည် ဘေးဘီ ပတ်ဝန်းကျင်သို့ ထိတ်လန့်တကြား ကြည့်ပြီးနောက် ကပျာကယာ ဟော်တယ်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။ တင်မောင်ဆွေသည် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ကာ သေနတ်မှ အသံတိတ် ကိရိယာကို ပြန်ဖြုတ်လိုက်သည်။

၅-မိနစ်ခန့် စောင့်နေပြီးသော် အပြင်ခန်းသို့ ပြန်ထွက်လာပြီး တယ်လီဖုန်းကို ကောက်ယူကာ… ပီကင်းဟော်တယ်နှင့် ဆက်ပြီး မစ္စမော်လီဝိုင်း အခန်းနှင့် ဆက်ပေးရန် တောင်းလိုက်သည်။

ခေတ္တကြာလျှင်… မော်လီဝိုင်း၏ ငြိမ်သက်သော အသံက တယ်လီဖုန်းခွက်ထဲမှ ထွက်ပေါ်လာသည်။

'ဟလို… ဟလို… ဘယ်သူလဲ ဟင်…'

'တင်မောင်ဆွေပါ မော်လီရဲ့'

'ဪ… ဟုတ်လား၊ ဟောင်းအာယူ ကိုဆွေ'

'ကောင်းပါတယ်၊ မော်လီကော…'

'ဟုတ်ကဲ့ ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်'

'ဒီမှာမော်လီ ဒီည မော်လီနဲ့ တွေ့ချင်တယ်၊ တွေ့ပါရစေလား'

'အို… ကျွန်မ… ကျွန်မ… ရုပ်ရှင် သွားကြည့်မလို့ ရှင့်…'

'ဘယ်သူနဲ့လဲ'

'ကျွန်မ တစ်ယောက်တည်းပါ'

'ကိုခြူးစိန် ကိစ္စနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ မော်လီရဲ့ မော်လီ သိများ သိချင်မလားလို့ပါ'

'ကိုခြူးစိန် ကိစ္စ ဟုတ်လား၊ ဘယ်လိုများ အရေးကြီးတာလဲ ကိုဆွေ…'

'မော်လီဝိုင်း၏ အသံကလေးက ခပ်သွက်သွက် ပြန်ပေါ်လာသည်'

'အရေးကြီးတယ်ဆိုပေမယ့်လည်း သိပ်အရေးကြီးတာတော့ မဟုတ်ပါဘူး၊ ကျုပ်စုံစမ်းလို့ရတဲ့ အချက်နှစ်ချက်လောက်ပါ…'

'ဒီလိုဆိုလည်း ကျွန်မ ဟော်တယ်မှာပဲ ည ၈-နာရီအထိ ရှိနေမှာပဲ ကိုဆွေ… အဲဒီ မတိုင်မီ လာချင်တဲ့ အချိန်မှာ ကိုဆွေ

www.burmeseclassic.com

လာခဲ့ပါ’

‘ကောင်းပြီလေ… ကျွန်တော် အချိန်မှီ လာခဲ့နိုင်အောင် ကြိုးစားပါ့မယ် မော်လီ’

မော်လီဝိုင်းသည် ပြောပြောဆိုဆို ဖုန်းကို ချထားလိုက်တော့သည်။

ခုနက သေနတ်ပစ်ခံရသည့်အကြောင်းကို တစ်ခွန်းတလေ မှပင် မပါခဲ့ချေ။ သို့ရာတွင် သူမသည် တော်တော်ပင် ထိတ်လန့် တုန်လှုပ်လျက် ရှိနေမည်ကိုတော့ တင်မောင်ဆွေသည် တွေးကြည့်မိလေသည်။

တင်မောင်ဆွေသည် စီးကရက် တစ်လိပ်ကို မီးညှိကာ… ခေတ္တမျှ စဉ်းစားခန်းဝင်လိုက်လေသည်။ သူသည် တမင်သက်သက် ရေကန်ထဲသို့ ကျောက်ခဲ ပစ်ချလိုက်ခြင်း ဖြစ်ပေသည်။ ဖြစ်ပေါ်လာသော ရေလှိုင်းများကို စောင့်ကြည့်ရဦးမည် ဖြစ်လေ၏။

တင်မောင်ဆွေသည် တိုက်ခန်းကို သော့ပိတ်ခဲ့ကာ ကေသီမြိုင်၏ ကလပ်ဟော်တယ်သို့ ထွက်လာခဲ့ပြန်သည်။ လမ်းတစ်လမ်းလုံးတွင် သူသည် သေနတ်နှင့်ချောင်းအပစ်ခံရလျက်နှင့် ထိုအကြောင်းကို မြုံထားသော မော်လီဝိုင်းကိစ္စကို စဉ်းစားလာမိလေ၏။

ကေသီမြိုင်ဟော်တယ်၏ အရက်ခန်းထဲတွင် အရက်လာသောက်သူများနှင့် စည်ကားလျက်ပင် ရှိလေ၏။ ဘားခန်း၏ ထောင့်စွန်းမှ ထရံကာထားသော အခန်းငယ်ကလေးတစ်ခုတွင်ကား… ကေသီမြိုင်နှင့် ရန်လိုရှိန်းဖေတို့သည် ခေါင်းချင်းဆိုင်လျက် စကားတတွတ်တွတ် ပြောနေကြသည်။

တင်မောင်ဆွေသည် ၄င်းတို့ထံမသွားဘဲ စားပွဲတစ်လုံးတွင်


www.burmeseclassic.com

ဝင်ထိုင်လိုက်ကာ… ဝီစကီ ဝမ်းပက်မှာသောက်နေလိုက်သည်။ မကြာမီပင် သူ့ဘေးသို့ အဖော်တစ်ယောက် ရောက်လာ၏။ ထို အဖော်ကား… အဆိုတော် ရီရီတင့်ပင် ဖြစ်လေ၏။

'ကိုဆွေ… ရီ့ကိုလည်း အရက်တစ်ခွက်လောက် ဝယ် တိုက်စမ်းပါ'

တင်မောင်ဆွေကလည်း စားပွဲထိုးမကလေးထံတွင် ဂျင် တစ်ခွက် မှာပေးလိုက်လေသည်။ ရီရီတင့်သည် မျက်နှာတွင် မိတ် ကပ်လုပ်ထားသော်လည်း ဖြူဖပ်ဖြူရော်ကြီး ဖြစ်နေသေး၏။

'ကျွန်မလေ သေနတ်ချင်း လဲထားလိုက်ပြီ' ဟု သူမသည် တစ်ကျိုက် ကျိုက်ချလိုက်ပြီး ပြောလိုက်သည်။

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

ရီရီတင့်သည် တခစ်ခစ် ရယ်နေလိုက်သည်။ သူမ၏ အမူ အရာမှာ စိတ်တွေ ကတုန်ကယင် ဖြစ်နေဟန်တူ၏။

'ကိုရှိန်းဖေ သေနတ်နဲ့ စိန်ကုလားသေနတ်ကို လဲထားလိုက် တာကို ပြောတာပါ၊ ကိုရှိန်းဖေကလည်း စိန်ကုလားသေနတ်နဲ့အမျိုး အစားချင်းတူတဲ့ သေနတ်ကို ကိုင်တယ် ကိုဆွေရဲ့။ သူက ဒီကိုလာ ရင် သေနတ်ကို ဘားနောက်မှာ… ချွတ်ထားခဲ့ရတယ်၊ လူတိုင်း၊ လူတိုင်း ဒီကိုလာရင် ဒီလိုပဲ သေနတ်အပ်ထားရတယ် ဆိုတာကို ကိုဆွေ အသိပါပဲ၊ ဒါနဲ့ ဦးထွားမောင်က အကြံပေးလို့ ကျွန်မက စိန်ကုလား သေနတ်ကို ဒီယူလာခဲ့ပြီး ကိုရှိန်းဖေသေနတ်နဲ့ လဲထား လိုက်တာပေါ့ အကြံမပိုင်ဘူးလားဟင်…'

ရီရီတင့်သည် ပြောပြောဆိုဆို သဘောကျစွာ တခစ်ခစ် ရယ်နေလိုက်ပြန်၏။ တင်မောင်ဆွေကလည်း သူမအတွက် နောက်

ထပ်၍ ဂျင်တစ်ခွက် မှာပေးလိုက်ပြန်ရာ သူမက စကားဆက်နေပြန်၏။

'ကိုဆွေကိုလည်း ဦးထွားမောင်က တော်တော် သဘောကျနေပါတယ်၊ စိန်ကုလား ကိစ္စမှာ… ပြောတာပါ၊ အဲဒါ ကိုဆွေ ဆုငွေလိုချင်ရင် ဘယ်လောက်ဖြစ်ဖြစ် သူ့ဆီမှာ တောင်းပါတဲ့'

'ကျုပ် ဦးထွားမောင်ဆီက ငွေတစ်ပြားမှ မလိုချင်ပါဘူး'

ထိုစဉ် သူတို့အနီးသို့ ကေသီမြိုင်က ရောက်လာ၏။

'နှစ်ယောက်သား ဘာတွေပြောနေကြတာလဲဟင်'

ရီရီတင့်သည် ကေသီမြိုင့်ကို တွေ့သည်နှင့် တပြိုင်နက် 'အလကားပါ မမရယ်' ဟုဆိုကာ ဂျင်ခွက်ကို ကိုင်လျက် ထသွားလေ၏။ ကေသီမြိုင်သည် တင်မောင်ဆွေ့စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။

'ကိုဆွေရောက်လာတာကို တွေ့သားပဲ ကိုရှိန်းဖေနဲ့ သူ့အငြိမ့်သမ မာလာတင့်ကိစ္စပြောနေတာနဲ့ မာလာတင့်ကို ဒီမှာ စနေနဲ့တနင်္ဂနွေ ညတိုင်းလာကဖို့ စီစဉ်နေရတယ်လေ…'

ကေသီမြိုင်သည် ခေတ္တမျှ နှုတ်ဆိတ်နေပြီးနောက်မှ… တင်မောင်ဆွေအား… မော့ကြည့်ကာ စကားဆက်ပြန်သည်။

'ကိုဆွေ ကျွန်မလေ… ကိုချူးစိန်ကိစ္စကိုပဲ စဉ်းစားနေမိတယ်၊ သူ့ကိစ္စကို ကိုဆွေ ဘယ်လိုများ ယူဆသလဲဟင်… အမှန်အတိုင်း ပြောစမ်းပါ'

'ကိုဆွေလည်း မပြောတတ်သေးပါဘူးကွယ်၊ အမှန်ကတော့ တော်တော် ခေါင်းရှုပ်စရာကောင်းတာပဲ'

တင်မောင်ဆွေက ပခုံးကို တွန့်လျက် ပြန်ဖြေလိုက်ရာ

ကေသီမြိုင်သည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'ရဲဘက်ကတော့ သူ့ကိုယ်သူ သတ်သေသွားတာပဲလို့ အခိုင်အမာ ပြောနေတဲ့ဟာပဲ'

'မှန်တယ်လေ ဒီလိုပဲ ယူဆရမှာပဲ၊ လုံခြုံတဲ့ တိုက်ကြီးတစ်ခုအတွင်း တံခါးတွေအားလုံးကို အတွင်းကနေ ကန့်လန့်ပိတ်ထားပြီး သူတစ်ယောက်တည်း သေနတ်ဒဏ်ရာနဲ့ သေနေတယ်၊ လက်မှာလည်း သေနတ်ကိုင်လို့ဆိုတော့ အခြားလူဝင်သတ်သွားတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးပေါ့'

'နေစမ်းပါဦး ကိုဆွေရဲ့၊ သူ့ကို ဘယ်သူကကော သတ်ပစ်စရာအကြောင်းများ ရှိလို့လဲ'

ကေသီမြိုင်က မျက်မှောင်ကလေး ကုတ်လျက် မေးလိုက်ခြင်းဖြစ်ရာ တင်မောင်ဆွေက သူမအား စူးစိုက်၍ ကြည့်လိုက်လေသည်။

'ဘယ့်နှယ်ပြောပါလိမ့် ကေသီရယ်၊ ကိုခြူးစိန်ကို သတ်ပစ်စရာအကြောင်းရှိတဲ့ လူတွေဟာ တော်တော်များများ ရှိနေတာပဲ၊ ဥပမာဆိုရင် သူ့ပါတနာ ကိုဝီလီပေါ့၊ ကိုခြူးစိန် သေသွားတဲ့အတွက် သူတို့နှစ်ယောက်ရဲ့လုပ်ငန်းမှာ··· ကိုခြူးစိန်ရဲ့ ဝေစုတွေ ကို သူက လက်ဝါးကြီးအုပ်လိုက်နိုင်တာပဲ'

'အို··· ကိုဆွေရယ်၊ သူတို့လုပ်ငန်းက သိပ်အကျိုးရှိနေတဲ့ ဥစ္စာပဲ၊ ကိုဝီလီက သူ့ပါတနာကို ဘာဖြစ်လို့ သတ်ရမှာလဲ'

တင်မောင်ဆွေက ပခုံးကို တွန့်လိုက်သည်။

'မပြောတတ်ဘူးလေ··· ဖြစ်နိုင်တာကို ပြောတာပါ···၊ နောက်ပြီး ရှိသေးတယ် မော်လီဝိုင်း၊ သူကလည်း ကိုခြူးစိန်ကို

www.burmeseclassic.com

သတ်ပစ်ရင် အကျိုးရှိနိုင်စရာ အကြောင်းရှိနေတာပေါ့…၊ ပြီးတော့ စိန်စိန်ဆိုတဲ့ မိန်းမ၊ ကိုခြူးစိန်ကို သတ်ပစ်လိုက်ရင် ကိုခြူးစိန်က သူ့အတွက် လုပ်ထားခဲ့တဲ့ အသက်အာမခံ ငွေတစ်သောင်းကို နှစ်ဆ ပြန်အလျော်ရမှာပဲ'

'ဒီလိုဆိုရင် ကျွန်မကို ထည့်တွက်နိုင်တာပေါ့ ကိုဆွေရယ်'

တင်မောင်ဆွေသည် ကေသီမြိုင်၏ လက်ကလေးတစ်ဖက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်လေသည်။

'ကေသီမြိုင့်ကိုတော့ ကိုဆွေက ထည့်မတွက်ပါဘူး၊ ငွေနှစ်သောင်းလေး ရဖို့အတွက်နဲ့ ကေသီဟာ ကိုယ့်ရဲ့အခင်ဆုံးမိတ်ဆွေ တစ်ယောက်ကို သတ်ပစ်နိုင်မယ့် မိန်းမသား မဟုတ်ဘူးလို့ ကိုဆွေ ယုံကြည် ပါတယ်ကွယ်'

ကေသီမြိုင်သည် တင်မောင်ဆွေ၏ စကားများကြောင့်တော်တော် ကျေနပ်သွားပုံရလေ၏။ သူမသည် ခေတ္တမျှ တွေနေပြန်ပြီးမှ တင်မောင်ဆွေအား မော့ကြည့်လိုက်ပြန်၏။

'ဘာပဲဖြစ်ဖြစ် ကိုဆွေရယ်၊ ကိုခြူးစိန်ကို သူများက သတ်သွားတယ်ဆိုတာတော့ ဖြစ်နိုင်ဖို့ ခဲယဉ်းပါတယ်…၊ ကိုဆွေ ခုနက ပြောတဲ့အတိုင်းပေါ့၊ သူတစ်ယောက်ထဲ တိုက်ထဲမှာ ရှိနေပြီး တံခါးမကြီးကိုပါမက ပြတင်းပေါက်တွေအားလုံးကိုလည်း အတွင်းကနေ ကလန့်ချထားတယ်၊ ဒါတင်မကသေးဘူး သူ့ရဲ့အလုပ်ရုံးခန်းတံခါးကိုပါအတွင်းကနေ ကန့်လန့်ချထားတယ်။ ဒါတင် မကသေးဘူး။ သူ့ရဲ့ အလုပ်ရုံးခန်းတံခါးကိုပါ အတွင်းကနေ ကန့်လန့်ချထားပြန်တယ်။ ဒီတော့ကာ အခြားလူတစ်ယောက် အထဲဝင် သတ်ဖို့ ဆိုတာက ဖြစ်နိုင်စရာ အကြောင်းမရှိတော့ပါဘူး'


www.burmeseclassic.com

တင်မောင်ဆွေသည် ရုတ်တရက် တစ်စုံတစ်ခုကို စဉ်းစား လိုက်မိဟန်ဖြင့် မျက်လုံးများ ပြောင်လက်လာကာ ခပ်ငေးငေးကြီး ဖြစ်သွားလေ၏။ သူသည် ကေသီမြိုင် နောက်ဆုံးပြောလိုက်သော စကားများကို အကြောင်းပြု၍ အရေးကြီးသော အချက်တစ်ချက်ကို စဉ်းစားလိုက်မိခြင်း ဖြစ်လေ၏။

ကေသီမြိုင်သည် မကြာခင်ပင် ထသွားလေတော့သည်။ တင်မောင်ဆွေကမူ ခေါင်းထဲတွင် ပေါ်ပေါက်လာသော အတွေး တစ်ခုကို အဆုံးတိုင် ဆက်လက်၍ စဉ်းစားနေပြီးနောက်မှ ရုတ် တရက် စိတ်ဆုံးဖြတ်ချက်ချလိုက်ကာ အရက်ဖိုးရှင်းပေးပြီး ဟော် တယ်ထဲမှ ထွက်လာခဲ့လေ၏။

သူသည် ပထမဦးစွာ တိုက်ခန်းသို့ပြန်ကာ ယမန်နေ့က ကိုခြူးစိန်၏ စားပွဲပေါ်မှ လစ်ယူလာသော သော့ကိုယူလိုက်သည်။ ပြီးနောက် လန်ကပ်စတာလမ်းမှ ကိုခြူးစိန်တို့၏ ကုန်တိုက်ကြီးဆီသို့ ဆက်ထွက်ခဲ့ပြန်တော့၏။

တိုက်ကြီးတစ်ခုလုံးမှာ တံခါးတွေပိတ်လျက် မှောင်မဲတိတ် ဆိတ်နေ၏။ တင်မောင်ဆွေသည် တံခါးမကြီး၏ သော့ပေါက်ထဲသို့ ယူလာသော သော့တံကို ထိုးသွင်းကာ ဖွင့်ကြည့်လိုက်ရာ အလွယ် တကူပင် ပွင့်သွားပေတော့သည်။ တင်မောင်ဆွေသည် လေးလံသော တံခါးကြီးကို တွန်းဖွင့်လျက် အတွင်းသို့ ဝင်လိုက်ပြီးနောက် တံခါးကို ပြန်စေ့ထားလိုက်သည်။

တင်မောင်ဆွေသည် မျက်လုံးများက ကျင့်သားရလာပြီးမှ မီးခလုတ်ကို စမ်းဖွင့်လိုက်ရာ မျက်နှာကျက်ဆီမှ မီးလုံးတစ်ခုက လင်းလာသည်။ ထို့နောက် သူသည် ကိုခြူးစိန်၏အလောင်းကို

ရှာတွေ့ခဲ့ရသော ရုံးခန်းဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့လေ၏။

ရုံးခန်းကလေးသည် မှောင်မိုက်လျက်ရှိရာ တင်မောင်ဆွေက ဓာတ်မီးခလုတ်ကို ရှာ၍ ဖွင့်လိုက်ရပြန်သည်။ မီးလင်းလာသော အခါ တင်မောင်ဆွေသည် အခန်းအလယ်တွင် ရပ်လျက် လှည့်ပတ်ကြည့်ရှုနေလိုက်၏။

အခန်းအလယ်မှ စားပွဲကြီးဆီသို့ လျှောက်ခဲ့ပြန်ပြီးနောက် သူသည် စားပွဲအံဆွဲများကို ဆွဲကြည့်လိုက်ရာ အားလုံးပင် သော့ခတ်မထားသည်ကို တွေ့ရသည်။ သို့ရာတွင် အံဆွဲများအားလုံးကို လှန်လှောရှာဖွေကြည့်သည့်တိုင် စိတ်ဝင်စားစရာဆို၍ ဘာကိုမျှ မတွေ့ရချေ။ တင်မောင်ဆွေသည် စားပွဲကြီးနောက်ဘက်တွင် ရှိနေသော သံမဏိအံဆွဲ ဘီဒိုကြီးဆီသို့ သွားကြည့်ပြန်သည်။ အံဆွဲတိုင်းမှာပင် သော့ခတ်ထားရကား ပြန်လှည့်လာရ၏။ ဤနေရာတွင် ဆက်လက်နေ၍ အကြောင်းမထူးတော့ဟု ဆုံးဖြတ်ပြီး တင်မောင်ဆွေက အပြင်ဘက်သို့လှမ်းထွက်လိုက်လေသည်။ သို့ရာတွင် သူ့ခြေလှမ်းများက ချက်ချင်း တုံ့ခနဲ ရပ်သွားကြလေ၏။

အကြောင်းမူကား… တံခါးမကြီး၏ ဘေးတွင် ငြိမ်သက်စွာ ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။ ထိုလူကား ညာဘက်တွင် ပြောင်းတိုသေနတ်ကလေးတစ်လက်ကို ကိုင်လျက် သူ့အား ပြုံးပြုံးကြီးကြည့်နေသော ရန်လိုရှိန်းဖေပင် ဖြစ်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၅-

ရန်လိုရှိန်းဖေ၏ မျက်မှန်တွင်းမှ မျက်လုံးများသည် တင်မောင်ဆွေအား တလက်လက် တောက်ပစွာ စူးစိုက်ကြည့်လိုက်ကြလေ၏။ ၄င်း၏ ပါးလှပ်သော နှုတ်ခမ်းများကလည်း လှုပ်ရှား၍လာကြ၏။

'နေရာကလည်း နေရာကောင်းပဲ… အချိန်ကလည်း အချိန်ကောင်းပဲ၊ ခင်ဗျား ကျုပ်ကို ဒီကိုခေါ်လာတာ ကျေးဇူးတင်ပါတယ်ဗျာ'

တင်မောင်ဆွေသည် ရုတ်တရက် အာခေါင်များ ခြောက်သွားမိသော်လည်း အပြင်ပန်းကမူ ဣန္ဒြေမပျက် ခပ်အေးအေးပင် ရန်လိုရှိန်းဖေအား ပြန်ကြည့်လိုက်လေ၏။

'ဘယ်လိုလဲ ကိုရှိန်းဖေ… ခင်ဗျား ကျုပ်ကို နောက်ယောင်ခံ လိုက်လာတာလား'

'မှန်တာပေါ့… ကိုတင်မောင်ဆွေ… ကေသီမြိုင်ဟော်တယ်ကနေပြီး ကျုပ်က ခင်ဗျားနောက်ကနေ တကောက်ကောက်


www.burmeseclassic.com

လိုက်ခဲ့တာပဲ… ခင်ဗျားကို ကျုပ်ပြောထားတာ ရှိတယ်မဟုတ်လား၊ ခင်ဗျားနဲ့ ကျုပ် စာရင်းရှင်းစရာရှိသေးတယ် ဆိုတာလေ… အခု ရှင်းကြပါစို့'

တင်မောင်ဆွေသည် မိမိ၏ လက်စွဲတော် လျှူဂါသေနတ်ကို တရုတ်တန်းမှ တိုက်ခန်းထဲ၌ ချန်ထားခဲ့မိသည့် အဖြစ်အား နောင်တရလိုက်မိလေ၏။ သို့ရာတွင် သေနတ်မရှိတော့ ဦးနှောက်ကိုပဲ အားကိုးရပေမည်။

'စာရင်း ရှင်းတာကတော့ ဟုတ်ပါရဲ့… ဒါပေမယ့်… ခင်ဗျားသေနတ်က မှားနေတယ်ဗျ'

'ဘာပြောတယ်ဗျ'

'အခု ခင်ဗျားလက်ထဲက သေနတ်ဟာ… ခင်ဗျားရဲ့ တပည့်ကျော် စိန်ကုလားသေနတ်ဗျ'

'စိန်ကုလားသေနတ်… ဟုတ်လား၊ ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'ကျုပ်… မှန်တာတွေ ပြောနေတာပဲ'

တင်မောင်ဆွေသည် စကားပြောရင်းကပင် ရှေ့သို့ မသိမသာ တိုးလာသည်။

'ဟေ့လူ… ဉာဏ်မများနဲ့နော်…'

ရန့်လိုရှိန်းဖေက လက်ထဲက သေနတ်ကို ဆကာ ခပ်ဆတ်ဆတ် ပြောလိုက်သည်။

'ကျုပ် ဉာဏ်များတာ မဟုတ်ပါဘူး… ခင်ဗျားဟာ ကေသီမြိုင်ဟော်တယ်တုန်းက ခင်ဗျားသေနတ်ကို ဘားနောက်မှာ ချွတ်ထားခဲ့ရတယ် မဟုတ်လား… အဲဒီတုန်းက ခင်ဗျားသေနတ်

ကို သူတို့က စိန်ကုလားသေနတ်နဲ့ လဲထားလိုက်ကြတာပဲ··· ခုဆို ရင်တော့ ခင်ဗျားသေနတ်ဟာ မြစ်ထဲကို ရောက်နေပြီပေါ့'

တင်မောင်ဆွေသည် ပြောနေရင်းကပင် ရှေ့သို့တိုးလာပြန်ရာ ရန့်လိုရှိန်းဖေနှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။

'ဘာဖြစ်လို့ သူတို့က သေနတ်ချင်းလဲရတာလဲ··· သူတို့ ဆိုတာက ဘယ်သူလဲ'

ရန့်လိုရှိန်းဖေက မျက်မှောင်ကို မသိမသာ ကုပ်လျက်မေး လိုက်သည်။ သူသည် တင်မောင်ဆွေ့စကားများတွင် တော်တော် စိတ်ဝင်စားသွားပုံ ရလေ၏။

'သူတို့··· ဆိုတာက···'

တင်မောင်ဆွေသည် စကားပြောရင်းကပင် ရှေ့သို့တစ် လှမ်းခုန်ကာ ဘယ်လက်ဝါးစောင်းဖြင့် ရှိန်းဖေ၏ညာလက်ကောက် ဝတ်ကို ရိုက်ချလိုက်သည်။ ရှိန်းဖေကလည်း သေနတ်မောင်းကို ဆွဲဖြုတ်ချလိုက်ရာ 'ဒိုင်း···' ခနဲမြည်သံနှင့်အတူ သေနတ်ကျည်ဆံ သည် တင်မောင်ဆွေ၏ ပေါင်ဘေးမှ ပွတ်၍ ကြမ်းပြင်ထဲသို့ စိုက် ဝင်သွားလေ၏။

နောက်တစ်ခဏတွင် တင်မောင်ဆွေ၏ ညာလက်သီးက ၄င်း၏ မျက်နှာထဲသို့ 'ခွပ်···' ခနဲ အရှိန်ပြင်းစွာ စွပ်ဝင်သွားပြန် သည်။ ရှိန်းဖေသည် ဖင်ထိုင်ရက်လဲကျ၍ အသွား တင်မောင်ဆွေ က ၄င်း၏လက်ထဲမှ သေနတ်ကို ဆတ်ခနဲ ဆွဲယူထားလိုက်လေ၏။

ရှိန်းဖေကားပိုင်ပြီးသား ရန်သူက မိမိအပေါ် အငိုက်ဖမ်း လျက် တပန်းသာသွားခြင်း အဖြစ်ကို သတိလက်လွတ် ဒေါ်အဖောင်း ကြီး ဖောင်းသွားဟန်တူ၏။ အကြောင်းမူ တင်မောင်ဆွေ၏ လက်ထဲ

သို့ ရောက်သွားသော သေနတ်ကို အတင်းဝင်လုပြန်သောကြောင့် ဖြစ်၏။ နှစ်ယောက်သားလူချင်းပူးလျက် သေနတ်ကို လုရင်းဖြင့်ပင် 'ဒိုင်း…'ခနဲ သေနတ်ကျည်ဆံတစ်ချက်က ထွက်သွားပြန်သည်။

ရှိန်းဖေသည် ကြမ်းပြင်ပေါ်သို့ ခွေလျက်သားကလေး လဲကျသွားပြန်သည်။ သည်တစ်ခါ၌တော့ သူသည် ပြန်ထမလာတော့ချေ။ ထွက်သွားခဲ့သော သေနတ်ကျည်ဆံက သူ့နှလုံးသားကို တည့်တည့်ကြီး ဖောက်ထွင်းသွားခဲ့ပြီ ဖြစ်လေ၏။

တင်မောင်ဆွေသည် ခေတ္တမျှ အသက်ကို ပြင်းစွာရှူနေလိုက်သည်။ ထို့နောက်မှ ရှိန်းဖေ၏အလောင်းကို ပွေ့ချီကာ ရုံးခန်းထဲသို့ သယ်ယူလာခဲ့သည်။ ရှိန်းဖေ၏အလောင်းကို ကြမ်းပြင်ပေါ်သို့ ချပြီးနောက် တင်မောင်ဆွေသည် လက်ထဲက သေနတ်ကို ဖြုတ်ကြည့်လိုက်သည်။ ပစ်ပြီးသား ယမ်းတောင့်သုံးတောင့် ရှိနေသည်ကို တွေ့ရ၏။ စိန်ကုလားအတွက် တစ်တောင့်၊ ခုနက နှစ်တောင့် အံကိုက် ဖြစ်နေ၏။

တင်မောင်ဆွေသည် သေနတ်ကို စားပွဲပေါ်၌ ချထားခဲ့ကာ အပြင်သို့ ထွက်ခဲ့ပြန်၏။ အပြင်ခန်းကို ကိုဝီလီသည် ကုန်လှောင်ခန်းအဖြစ် အသုံးပြုထားရာ အခန်းထောင့်ဘက် တစ်နေရာတွင် အလုံပိတ်ထားသော ထင်းရှူးသေတ္တာကြီးများက စုပုံလျက်သားရှိနေ၏။

ထင်းရှူးသေတ္တာကြီးများနားမှ ကြမ်းပေါ်တွင်လည်း သံဂေါ်တစ်ချောင်းကို အဆင်သင့်ပင် တွေ့ရသဖြင့် တင်မောင်ဆွေက ကောက်ယူလိုက်သည်။

ပထမဦးစွာ တင်မောင်ဆွေသည် ထင်းရှူးသေတ္တာကြီးတစ်


www.burmeseclassic.com

လုံးကို သံငေါ်ဖြင့်ဖွင့်လိုက်ရာ အထဲတွင် စက္ကူညိုများဖြင့် ပတ်ထားသောယွန်းထည်များ ရှိနေကြောင်းကို တွေ့လိုက်ရသည်။ တင်မောင်ဆွေသည် ထိုယွန်းထည်များကို တစ်ခုချင်း ထုတ်ယူလျက် စိတ်ဝင်စားစွာ စစ်ဆေးကြည့်ရှုနေလိုက်၏။

ယွန်းထည်အားလုံး ကုန်သွားသည့်တိုင် သူ လိုချင်သောအရာကိုမတွေ့ရလျှင် တင်မောင်ဆွေက နောက်ထပ် ထင်းရှူးသေတ္တာတစ်လုံးကို ဖွင့်ပြန်၏။ ထို ထင်းရှူးသေတ္တာထဲတွင်ကား ဆေးပြင်းလိပ်ထည့်သော ယွန်းသေတ္တာကလေးများ ရှိနေသည်။ တင်မောင်ဆွေသည် ထိုယွန်းသေတ္တာကလေးများကို တစ်ခုချင်း စိတ်ဝင်စားစွာ ကြည့်ရှုစစ်ဆေးပြန်၏။

စတုတ္ထမြောက် ယွန်းသေတ္တာကလေးကျလျှင်ကား တင်မောင်ဆွေ၏ မျက်လုံးများသည် အရောင်တလက်လက် တောက်လာတော့သည်။ အကြောင်းမူ ထိုယွန်းသေတ္တာကလေး၏ အထဲတွင် လျှို့ဝှက်သော အံဖုံးကလေးတစ်ချပ် ရှိနေသည်ကို သူ၏ ကျင်လည်သော လက်ချောင်းများက သွား၍ စမ်းမိသောကြောင့် ဖြစ်လေ၏။

ခေတ္တကြာလျှင် သူသည် ထိုလျှို့ဝှက် အံဖုံးကလေးကိုပင် ဖွင့်ကြည့်လိုက်နိုင်သည်။ အံဖုံးထဲတွင် ရှိနေသောအရာများက သေသပ်စွာ ထုပ်ထားသော စက္ကူဘူးရှည် ကလေးများ ဖြစ်လေ၏။ တင်မောင်ဆွေသည် ထိုဘူးကလေးတစ်ခုကို ထုတ်၍ ဖွင့်ကြည့်လိုက်ရာ ဖန်ပြွန်ငယ်ကလေးတစ်ခု ထွက်လာ၏။ ပြွန်ကလေးထဲတွင်ကား ဝါကြင့်ကြင့် အရည်ကြည်ကလေးများ ရှိနေ၏။ ဖန်ပြွန်တွင် ပတ်ထားသော စက္ကူပတ်ပေါ်မှ ပုံနှိပ်ထားသော အင်္ဂလိပ်စာလုံးငယ်များကို ဖတ်ကြည့်မိလိုက်သည့်နောက်တွင် တင်မောင်ဆွေသည် လေချွန်

သံပြုလိုက်လေ၏။

'အလို… ဒါက ဘာလုပ်နေတာလဲ'

တင်မောင်ဆွေ၏နောက်မှ အံ့သြစွာ မေးလိုက်သံ တစ်ခုက ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ တင်မောင်ဆွေသည် ချာကနဲ လှည့်ကြည့်လိုက်ရာ တံခါးဝတွင် ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူကား ကိုဝီလီပင် ဖြစ်လေ၏။

ကိုဝီလီသည် တင်မောင်ဆွေထံသို့ ခပ်သုတ်သုတ်လျှောက် လာ၏။ ၎င်း၏ မျက်နှာကြီးမှာ ဒေါသဖြင့် နီရဲနေ၏။

'နေစမ်းပါဦးဗျ ခင်ဗျားဟာက ဘာသဘောလဲ ပထမ ခင်ဗျားက ကျုပ်အိမ်ကို ဖောက်ဝင်ခဲ့တယ်၊ အခုလည်း ခင်ဗျားကို ကျုပ် အလုပ်တိုက်မှာ တွေ့ရပြန်ပြီ'

'ကျုပ်… ဒီမှာ လာရှာတာ ဒါတွေ တွေ့တယ်ဗျ ကိုဝီလီ၊ အဲဒါကဘာ…'

တင်မောင်ဆွေသည်လက်ထဲက ဖန်ပြွန်ကလေးကို မြှောက် ပြပြီး ပြော၍မှ မဆုံးမီ ကိုဝီလီသည် ညာလက်သီးကြီး တစ်ဖက်ကို ၎င်း၏ မျက်နှာဆီသို့ တအားလွဲထိုး လိုက်လေ၏။ တင်မောင်ဆွေက ခေါင်းကို တစ်ဘက်သို့ တိမ်း၍ ရှောင်လိုက်သည့်တိုင် ကိုဝီလီ၏ ကြီးမားသော လက်သီးကြီးက သူ့မေးရိုးကိုရှပ်၍ ထိသွားရာ နောက် သို့ ယိုင်လဲကျသွားတော့သည်။ ကိုဝီလီကလည်း တမဟုတ်ချင်းပင် သူ့ပေါ်သို့ လွှားခနဲ ခုန်အုပ်ခွစီးလျက် လက်ကြီးနှစ်ဖက်ဖြင့် လည်မျို ကို တအားကုန် ညှစ်ထားလိုက်ပြန်တော့သည်။

ကိုဝီလီကား ကပြားပီပီ သန်မာလှတော့သည်။ ခဏချင်း


www.burmeseclassic.com

ပင် တင်မောင်ဆွေမှာ မျက်လုံးများ ပြာဝေလာမိပြီးတော့ အသက်ရှူ၍ မရဘဲရှိတော့၏။

တင်မောင်ဆွေ၏ လက်တစ်ဖက်သည် ကြမ်းပြင်ပေါ်တွင် စောစောက ချထားခဲ့သော သံဂေါ်ကြီးကို သွား၍ ဆုပ်ကိုင်လိုက်မိသည်။

ထို့ကြောင့်··· ရှိသမျှ အင်အားကို ဖျစ်ညှစ်ထုတ်ကာ··· သံဂေါ်ကြီးကို ကိုဝီလီ၏ ချိုစောင်းသို့ တအားလွှဲရိုက်ချလိုက်လေ၏။

ကိုဝီလီသည် ချိုစောင်းမှ သွေးများ ရဲကနဲ ကျလာကာ ဘေးသို့ ယိမ်းထိုး ကျသွားပြီး··· ငြိမ်သက်နေလေတော့၏။

တင်မောင်ဆွေသည် အားယူ၍ ထထိုင်ကာ အဆုတ်တွင်းသို့ အားရပါးရ လေရှူသွင်း နေလိုက်သည်။ မျက်လုံးများပြန်၍ ကြည်လင်လာကာမှပင် သူသည် ကိုဝီလီအား ငုံ့ကြည့်လိုက်ရာ··· ပါးစပ်ကြီး ဟလျက် သတိလစ်နေသည်ကို တွေ့ရလေသည်။

တင်မောင်ဆွေသည် အခန်းထဲတွင် လိုက်၍ ရှာကြည့်ရာ အဆင်သင့်ပင် ကြေးနန်းကြိုး တစ်ခွေကို ရှာတွေ့သည်။ ထိုကြေးနန်းကြိုးခွေဖြင့်ပင် သူသည် ကိုဝီလီအား ဘယ်လိုမှ မလှုပ်နိုင်အောင် တုပ်နှောင်ထားလိုက်သည်။

ထို့နောက်··· ကိုဝီလီ၏ ကိုယ်ခန္ဓာကြီးကို ရုံးခန်းထဲသို့ ဆွဲသွင်းခဲ့ပြီး ရန်လို ရှိန်းဖေ၏အလောင်းနှင့် ယှဉ်လျက်သား ချထားလိုက်လေသည်။

တင်မောင်ဆွေသည် အပြင်သို့ပြန်ထွက်ခဲ့ကာ··· ခုနက ယွန်းသေတ္တာ အံဖိုးထဲမှ ရှာတွေ့ခဲ့ရသော ဖန်ပြွန်ကလေး သုံး၊

www.burmeseclassic.com

လေးခုကို အိတ်ထဲတွင် ထည့်ခဲ့ပြီး… ကုန်တိုက်ထဲမှ ခပ်သွက်သွက် လျှောက်ထွက်ခဲ့လေသည်။

သုံးဘီးကားတစ်စင်းကို ရှာတွေ့ရလျှင် စုံထောက်ဌာနချုပ်သို့ မောင်းရန် အမိန့်ပေးလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၆-

'ကဲ… တင်မောင်ဆွေ၊ တို့ စောင့်နေတုန်း မင်းပြောတဲ့ ဆရာဝန်လေးယောက် အကြောင်း ရှင်းပါဦးကွာ၊ သူတို့လေးယောက် စလုံးက သေနေကြပြီဆိုကွ'

စုံထောက်ဌာနချုပ်မှ ကိုသောင်းဖေ၏ ရုံးခန်းထဲတွင် ဖြစ်၏။ ကိုသောင်းဖေသည် သူ့ရှေ့ကုလားထိုင် တစ်လုံးတွင် စီးကရက်တစ်လိပ်ကို အားရပါးရ ရှူရှိုက်နေသော တင်မောင်ဆွေအားမေး လိုက်ခြင်း ဖြစ်သည်။

'နေစမ်းပါဦးဗျာ…'

'ဘာဖြစ်လို့လဲကွ၊ မင်းက ခုထက်ထိ မြုံစေ့စေ့ လုပ်နေတုန်းပဲလား'

'မဟုတ်ပါဘူးဗျ… ကျုပ်ကိုယ်တိုင်ကိုက ဒီဆရာဝန်လေး ယောက် ကိစ္စကို သဘောမပေါက်သေးလို့ပါဗျ'

ကိုသောင်းဖေသည် နှုတ်ခမ်းကြီးကို ထော်ကာ တင်မောင် ဆွေအား မကျေမနပ် ကြည့်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

'ကိုခြူးစိန် ကိစ္စကိုကောကွာ၊ မင်း ကိုယ်တော်မြတ်က ပိတ်လိုက်ပြီလား…'

'ဒီကိစ္စကို ခင်ဗျားတို့ ပိတ်ပြီးသား မဟုတ်လားဗျ'

ကိုသောင်းဖေသည် သက်ပြင်းကြီးတစ်ချက်ကို ဟင်းကနဲ ချလိုက်ကာ မေးခွန်းတစ်ခု ဆက်ထုတ်ပြန်သည်။

'နို့… မင်း ယူလာတဲ့ ဟာတွေ ကိစ္စကကောကွ'

တင်မောင်ဆွေက စီးကရက်ကိုသာ ဖွာလျက် နှုတ်ဆိတ်နေရာ… ကိုသောင်းဖေမျာသည် ဆံပင်များကို တဖြစ်ဖြစ်နေအောင် ဆွဲကုတ်လိုက်ရှာ၏။

'ကောင်းပြီ… ကောင်းပြီ၊ မင်း ရှင်းပြဖို့ အချိန်မရောက်သေးဘူး ဆိုပါတော့ ဟုတ်လား၊ တောက်… မင်းကို ငါ ဘာဖြစ်လို့ သည်းခံနေတယ်ဆိုတာ မပြောတတ်တော့ပါဘူးကွာ'

ထိုအခါမှ တင်မောင်ဆွေသည် ထိုင်ရာမှ ထလျက် ကိုသောင်းဖေ၏ ပခုံးကို ပုတ်လိုက်၏။

'အချိန်ကျတော့… ခင်ဗျားကို ကျေနပ်အောင် ကျုပ်ရှင်းပြပါ့မယ်ဗျာ၊ ခင်ဗျား ဒီည ဒီမှာပဲ ရှိမယ်မဟုတ်လား'

'အေး… ရှိပါ့မယ်ကွာ… ရှိပါ့မယ်'

ထိုစဉ် အခန်းတံခါး ပွင့်လာကာ… ရဲကြပ်တစ်ဦးက ဝင်ရောက်လာပြီး… လက်ထဲတွင် ကိုင်လာသော ဖန်ပြွန်ကလေးတစ်ခုနှင့် စာရွက်တစ်ရွက်ကို ကိုသောင်းဖေရှေ့၌ ချပေးလိုက်သည်။

'ဘယ့်နှယ်လဲဟေ့… ဒေါက်တာ ဦးမောင်မောင်ထိုက်နဲ့ တွေ့ခဲ့တယ် မဟုတ်လား'

'တွေ့ခဲ့ပါတယ်… ဆရာ၊ သူက ရီးပို့ဒ် တစ်ခါထဲရေးပေး


www.burmeseclassic.com

လိုက်ပါတယ်’

ဒေါက်တာ ဦးမောင်မောင်ထိုက်ကား… ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီး ဖြစ်၏။

ကိုသောင်းဖေသည် တင်မောင်ဆွေ ယူလာခဲ့သော ဖန်ပြွန် ချောင်းများကို ညတွင်းချင်း စစ်ဆေးကြည့်ရှုရန် ပို့ခိုင်းလိုက်ခြင်း ဖြစ်လေ၏။

ကိုသောင်းဖေက ဒေါက်တာ မောင်မောင်ထိုက် ပေးလိုက် သော အစီရင်ခံစာကို ဖတ်ကြည့်နေစဉ် တင်မောင်ဆွေက စိတ်မရှည် သလို မေးလိုက်၏။

‘ကဲ… ကိုသောင်းဖေ ဘာတဲ့လဲဗျ…’

ကိုသောင်းဖေသည် တင်မောင်ဆွေအား တစ်ချက်စူးစိုက် ကြည့်လိုက်ပြီးမှ ခေါင်းညိတ်လျက် ပြန်ဖြေလိုက်သည်။

‘မင်းထင်တဲ့ အတိုင်းပါပဲ၊ မင်းယူလာတဲ့ ဖန်ပြွန်ကလေး တွေ အားလုံးထဲမှာ မော်ဖင်း (Mor phine)တွေပါတယ်ကွ…’

တင်မောင်ဆွေသည် ကျေနပ်အားရစွာ ခေါင်းညိတ်လိုက် တော့သည်။

မောဖင်းဆိုသည်ကား… မောဖီယား ခေါ် ယစ်မူးစွဲလန်း စေသည့် ယစ်မျိုး ဆေးတစ်မျိုး ဖြစ်လေ၏။

‘ကဲ… တင်မောင်ဆွေ၊ မော်ဖီယားဆိုတော့ ဒီကိစ္စဟာ ယစ်မျိုးဘက်နဲ့တောင် အကျုံးဝင်လာပြီကွ၊ မင်းရှင်းပြဖို့ ကောင်းပြီ ထင်တယ်ကွာ…’

တင်မောင်ဆွေသည် ခပ်တွေတွေကြီး ဖြစ်နေပြီးမှ တံခါးဝ ဆီသို့ ခြေလှမ်းလိုက်သည်။

www.burmeseclassic.com

'ဒီမှာ··· ကိုသောင်းဖေ၊ ကျွန်တော် ဒီကိစ္စတွေ အားလုံးကို အချိန်ကျတော့ အားလုံးရှင်းပြပါ့မယ်ဗျာ··· ကျွန်တော့်ကို အချိန်တော့ နည်းနည်းပေးပါဦး၊ လုပ်စရာကလေးတွေက··· ကျန်နေသေးလို့ပါဗျ၊ ဟုတ်လား···'

တင်မောင်ဆွေသည် ပြောရင်းကပင် အခန်းတံခါးဝဆီသို့ ခြေလှမ်းသွားကာ··· လှစ်ခနဲ ထွက်သွားတော့ရာ··· ကိုသောင်းဖေ ခမျာမှာ ပါးစပ်ကြီး အဟောင်းသားဟလျက် ကျန်နေရစ်ခဲ့လေတော့သည်။

တင်မောင်ဆွေသည် စုံထောက်ဌာနချုပ်မှ ထွက်ခဲ့သည့်နောက် မစိန်စိန်နေထိုင်ရာ အိမ်သို့ သုံးဘီးကားတစ်စင်းဖြင့် လိုက်ခဲ့ပြန်သည်။ ညဉ့်ကနက်နေပြီ ဖြစ်ရာ တစ်အိမ်လုံးမှာ··· မှောင်မိုက်တိတ်ဆိတ်နေသည်။ သို့ရာတွင် သေသေချာချာ ကြည့်လျှင်တော့ ပြတင်းပေါက်တစ်ခု နောက်တွင် မီးရောင်လဲ့လဲ့ လင်းနေသေးသည်ကို တွေ့ရနိုင်သေးသည်။

တင်မောင်ဆွေသည် အိမ်ရှေ့တံခါးဆီသို့ အသာချွတ်နင်းတက်ခဲ့ကာ··· ပိတ်ထားသော တံခါးချပ်တွင် နားအသာကပ်လျက် စွင့်ထားလိုက်သည်။ အထဲမှ စကားတတွတ်တွတ် ပြောသံလိုလို ကြားရသဖြင့် တင်မောင်ဆွေသည် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ခါးကိုပြန်ဆန့်ကာ··· တံခါးရွက်ကို လက်သီးနှင့် တဘုံးဘုံးပုတ်လိုက်သည်။

'တံခါးဖွင့်စမ်း··· တံခါးဖွင့်စမ်း'

တင်မောင်ဆွေသည် ခပ်ကျယ်ကျယ် အော်ရာက တံခါး


www.burmeseclassic.com

ရွက်ကို ထပ်ထုလိုက်ပြန်သည်။

'ဘယ်သူလဲ ဟင်… ဘယ်သူလဲ'

အိမ်တွင်းမှ ပြန်၍ မေးလိုက်သံသည် ယောကျာ်းသံကြီး တစ်ခု ဖြစ်နေသည်။

'ရဲဘက်ကပဲ၊ မြန်မြန်ဖွင့်စမ်း၊ ခင်ဗျားတို့ကို စစ်ဆေးစရာ ရှိလို့…'

တင်မောင်ဆွေက တံခါးကို ထပ်ထုပြန်ကာ အာဏာသံ ပါပါနှင့် ပြန်အော်လိုက်သည်။

ခေတ္တကြာလျှင် ဂျောက်ခနဲ တံခါးဂျက်ချသံနှင့် အတူတံ ခါးရွက်သည် ကျွီခနဲ ပွင့်သွားသည်။ အိမ်ခန်းထဲတွင် မီးက ခပ်မှိန်မှိန်လင်းနေရာ တံခါးလာဖွင့်ပေးသူသည် အသက်အာမခံ ကိုယ်စား လှယ် ကိုထွန်းရီပင် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

၄င်းသည် စွပ်ကျယ် လက်ပြတ်ကလေးတစ်ထည်ကိုသာ ဝတ်ထားကာ… ခါးတွင်တော့ လုံချည်တစ်ထည်ကို ကပိုကရို ဝတ်ထားသည်။ တင်မောင်ဆွေသည် ၄င်းကို တွန်းဖယ်လိုက်ကာ အိမ်တွင်းသို့ လှမ်းဝင်ပြီး တံခါးကို ပြန်ဆွဲပိတ်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

-၁၇-

'ဟင်··· လက်စသတ်တော့ ခင်ဗျားကိုး'

ကိုထွန်းရီသည် ထိတ်ထိတ်ပျာပျာ အမူအရာပျောက်သွားကာ တင်မောင်ဆွေအား မျက်မှောင်ကြီးကြုတ်ကြည့်လျက် ပြောလိုက်သည်။ တင်မောင်ဆွေကလည်း ၎င်းကို ပြန်ကြည့်ကာ သဘောကျစွာပြုံးလိုက်မိလေ၏။ အကြောင်းမူ ကိုထွန်းရီ၏ခါးတွင် ကတိုက်ကရိုက် ဝတ်လာခဲ့သည်မှာ ယောကျ်ားဝတ်လုံချည် မဟုတ်ဘဲ ထမီတစ်ထည်သာ ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

'ဟုတ်တယ်လေ··· ကျွန်တော်ပါဗျ ကိုထွန်းရီ'

'ခင်ဗျား တော်တော် လူပါးဝပါကလားဟင်···'

ကိုထွန်းရီသည် ဒေါသတကြီး ကြိမ်းဝါးလိုက်ရာက လက်သီးတစ်လုံးနှင့် တင်မောင်ဆွေအား အာရပါးရ လွှဲထိုးလိုက်လေတော့သည်။ တင်မောင်ဆွေက အသာခါးညွတ်လျက် ခေါင်းကို ငုံ့ပေးလိုက်ရာ လက်သီးကြီးသည် ဗိုးခနဲ ခေါင်းပေါ်မှ ဖြတ်ကျော်သွားတော့သည်။


www.burmeseclassic.com

တင်မောင်ဆွေသည် နောက်ထပ်၍ လက်သီးတစ်လုံး ဝင်လာပြန်သည်၌ စိတ်မရှည်တော့ ထိုလက်သီးကို ဘယ်လက်မောင်းနှင့် ဖမ်းတားလိုက်ကာ ညာလက်သီးကို ဘေးမှပိုက်၍ ကိုထွန်းရီ၏ ပါးရိုးသို့ ပစ်သွင်းလိုက်ရာ ဘုံးခနဲ ကြမ်းပြင်ပေါ်သို့ ယိုင်လဲကျသွားတော့သည်။

တင်မောင်ဆွေသည် ကိုထွန်းရီ ကိုယ်ပေါ်မှ ကျော်ကာအိမ်ခန်းတွင်းထဲသို့ ဝင်ခဲ့ပြီး ပထမဦးဆုံးတွေ့ရသော အခန်းမှ ခန်းဆီးကို တွန်းဖယ်ပြီးအတွင်းသို့ လှမ်းကြည့်လိုက်သည်။

ထိုအခန်းမှာ အိပ်ခန်း ဖြစ်နေသည်။ ကုတင်ကြီးဘေးတွင်ကား… စိန်စိန်သည် ပုံ့ပုံ့ကလေး ရပ်နေသည်။ သူမ၏ တောင့်တင်းသော ကိုယ်တွင် အဝတ်အစား မရှိချေ။ စောင်တစ်ထည်ကိုသာ ရင်သားများကို ဖုံးလျက် ကိုယ်ခန္ဓာတွင် ရစ်ပတ်ထားသည်။

သူမသည် တင်မောင်ဆွေကို ဣန္ဒြေမပျက်ပင် ကြည့်နေသည်။ သူမ၏ မျက်လုံးများသည် ဒေါသရောင်ဖြင့် တောက်ပပြောင်လက်နေကြသည်။

'ရှင်ဘာလာလုပ်တာလဲ၊ ကိုထွန်းရီ တစ်ယောက် ဘယ်မှာလဲ'

သူမက ခပ်တည်တည်ကလေးပင် တင်မောင်ဆွေအား မေးနေလိုက်သည်။ တင်မောင်ဆွေက တံတွေးကို မျိုချလိုက်ပြီးမှ ပြန်ဖြေနိုင်သည်။

'ကိုထွန်းရီ အပြင်ဘက်မှာ ရှိပါတယ်၊ ခင်ဗျားလည်း အဝတ်ကလေး ဘာလေးဝတ်ပြီး ထွက်ခဲ့ပါဦး၊ စကားပြောစရာရှိလို့ဗျ'

တင်မောင်ဆွေသည် စိန်စိန်ထံမှ မျက်လုံးများကို အားယူ၍ လွှဲလိုက်ကာ ပြန်လှည့်ထွက်လာခဲ့ရ၏။ အပြင်ခန်းထဲတွင်ကား ကိုထွန်းရီသည် ကြမ်းပြင်ပေါ်မှ ပြန်ထလာနေကာ လက်တစ်ဖက်ဖြင့် သူ့မေးရိုးကိုပွတ်ပြီး မဲ့နေသည်။ တင်မောင်ဆွေက ၄င်းနားသို့ ကပျာကရာ လျှောက်သွားကာ တွဲယူပြီး ကုလားထိုင်တစ်လုံးတွင် အထိုင် ခိုင်းလိုက်ရ၏။

'ခင်ဗျားလက်သီးက ပြင်းလှချေကလား ကိုယ့်လူ'

'ဆောရီးပဲ ကိုထွန်းရီရာ… တကယ်တော့ ကျွန်တော် ခင်ဗျားကို မထိုးချင်ပါဘူး'

'မထိုးချင်လို့ပဲ တော်သေးတာပေါ့၊ ထိုးချင်ရင် ကျုပ် ဆေးရုံတက်နေရပြီ'

'ဖြစ်နိုင်ပါတယ်၊ အခုလည်း ခင်ဗျားက ကျွန်တော့်ကို စထိုးလို့ ပြန်ထိုးရတာပါ ကိုထွန်းရီ'

ကိုထွန်းရီသည် သူ့မေးရိုးကို အသာစမ်းကြည့်လိုက်ပြန်ရာမှ–

'ဒါကတော့ဗျာ ခင်ဗျားပဲ စဉ်းစားကြည့်၊ ခင်ဗျားက ရဲဘက်ကလေးဘာလေးနဲ့ ထိတ်လန့်တကြား လာလုပ်ခဲ့တော့ ဒေါပွမိတာပေါ့ဗျ'

ဟု ပြန်ဖြေလိုက်သည်။

'ဒါကလည်း ကျွန်တော် ခင်ဗျားမှန်းမသိပါဘူး၊ ကျွန်တော် အပြင်ကနေ နားထောင်တော့ ယောကျ်ားသံတစ်ခု စကားပြောနေသံ ကြားရတယ်၊ ဒါနဲ့ မစိန်စိန်ရဲ့သူဌေးမှတ်ပြီး ကျုပ်ကလည်း အထဲကို ဝင်ချင်တာနဲ့ ပရိယာယ်သုံးရတာပါ၊ ခင်ဗျားကို ကျုပ် ဒီမှာတွေ့ရ


www.burmeseclassic.com

လိမ့်မယ်လို့ မမျှော်လင့်မိခဲ့တာ အမှန်ပါဗျာ'

တင်မောင်ဆွေသည် ပြောပြောဆိုဆို ကိုထွန်းရီ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

'ဘာဖြစ်လို့ ခင်ဗျားက ကျုပ်ကို ဒီမှာတွေ့ရဖို့ မမျှော်လင့်ရတာလဲ၊ အမှန်က ကျုပ် ဒီမှာ လာနေတာဟာ ခင်ဗျားထင်သလို ရှုပ်ရှုပ်ယှက်ယှက် မဟုတ်ပါဘူးဗျ၊ ကျုပ်ဟာ တကယ်တော့...'

'ကျွန်မရဲ့ တရားဝင်လင်ယောကျ်ားပါပဲရှင်'

ထိုစကားများကို ပြောလိုက်သူကား အခန်းထဲသို့ လှမ်းဝင်လာသော စိန်စိန်ပင် ဖြစ်လေသည်။

သူမသည် ပိုးသားအဖြူရောင်ဘလောက်(စ)လက်တိုအင်္ကျီနှင့် ပိုးထမီပျော့ကလေးကို ဝတ်ဆင်ထားပြီး ဆံပင်များကို ဖြန့်ချထား၍ တစ်မျိုးကြည့်ကောင်းနေပြန်တော့သည်။ ရင်သားများသည် ပိုးသားအင်္ကျီမှ ရုန်းကန်ထွက်ကြတော့မည့်အလား မို့မောက်ဖောင်းကြွနေကြ၏။

တင်မောင်ဆွေသည် သူမထံမှ မျက်လုံးများကို အားယူ၍ ခွာကာ ကိုထွန်းရီဘက်သို့ အားယူ၍ကြည့်ပြန်၏။

'သူပြောတာ အမှန်ပဲလား ကိုထွန်းရီ'

'ဟုတ်ပါတယ်ဗျ၊ ကျွန်တော်နဲ့သူဟာ လက်ထပ်ပြီးသားပါ၊ ခင်ဗျားကို ကျွန်တော် အသိမပေးတာက ဒီကိစ္စကို လူမသိစေချင်လို့ပါပဲ'

'ဘာဖြစ်လို့လဲ ခင်ဗျ'

'သူ့အလုပ်ရှင် ဦးထွားမောင်ကြောင့်ပေါ့ဗျ၊ ဦးထွားမောင်က အိမ်ထောင်သည်မိန်းမဆိုရင် အလုပ်မပေးဘူးလေ၊ သူ့ဆီမှာ

အလုပ်လုပ်နေတဲ့ မိန်းမတွေ အိမ်ထောင်ပြုတာနဲ့ တစ်ပြိုင်နက် ဖြုတ်ပစ်တတ်တယ်၊ ကျုပ်နဲ့ စိန်စိန် လက်ထပ်ပြီးတာ ၅-လ ရှိပါပြီ၊ ဒါပေမယ့် ဦးထွားမောင်ကြောင့် တစ်အိမ်စီခွဲနေရပြီး တစ်ခါတစ်ခါမှ အခုလို ချိန်းတွေ့ကြရတာဗျ'

ကိုထွန်းရီသည် စကားအဆုံးတွင် သူ့ကိုယ်သူ ပြန်ကြည့်ပြီး ထမီဝတ်ထားမိသည်ကိုတွေ့သွားကာ 'ဟာ' ဟုဆိုလျက် ရှက်ကိုးရှက်ကန်း အိမ်ခန်းထဲသို့ပြေးဝင်သွားလေသည်။

ပြန်ထွက်လာသည့်အခါတွင်ကား အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်ကို လဲဝတ်လာသည်။ ပြီးလျှင် စိန်စိန့်ဘေးတွင် ထိုင်ကာ စကားဆက်ပြန်သည်။

'အသက်အာမခံအလုပ်က အခုခေတ်မှာ သိပ်ကောင်းတော့တာ မဟုတ်ဘူးဗျ၊ ဒီတော့ ကိုယ့်မိန်းမက တစ်လ ၄၀၀ ရနေတဲ့ အလုပ် လုပ်နေရတာကို ကြည့်နေရတာပဲ၊ နို့ မဟုတ်ရင်တော့လားဗျာ စိန်စိန်ဟာ ကျုပ်မိန်းမပါပဲဆိုတာ ကြွားကြွားဝင့်ဝင့်ကြီး ထုတ်ပြောရဖို့ကို ကျုပ်က ဝန်မလေးပါဘူး ကိုတင်မောင်ဆွေ'

တင်မောင်ဆွေကလည်း ကရုဏာသက်သော အမူအရာနှင့် ခေါင်းညိတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိနေလိုက်သည်။ ကိုထွန်းရီသည် တင်မောင်ဆွေအား အကဲခတ်သလို လှမ်းကြည့်ရင်း မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'ဒါနဲ့ ကိုတင်မောင်ဆွေ၊ ကိုချြူးစိန့်ကိစ္စကို ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ရဲဘက်ကတော့ ကိုယ့်ကိုယ်ကို သတ်သေမှုလို့ တစ်ထစ်ချ ယုံကြည်နေကြတာပဲ မဟုတ်လား'

'ကျွန်တော့်သဘောကို ဘာပြုလို့ ခင်ဗျားက သိချင်ရတာလဲ'

တင်မောင်ဆွေက ပြန်မေးလိုက်ရာ ကိုထွန်းရီသည် စိန်စိန့် ဘက်သို့ လှည့်ကြည့်လိုက်ပြီး နောက်မှ ပြန်ဖြေလိုက်သည်။

'ကျွန်တော် ရှင်းရှင်းပဲပြောမယ်ဗျာ၊ ကျွန်တော်ပြောတာက ဆိုးချင်လည်းဆိုးမယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာရှိတာကို ပြောတာဗျ'

'ဆိုစမ်းပါဦးလေ'

'ကိုခြူးစိန်သေရတဲ့အတူတူတော့ဗျာ... သူသေရတာဟာ ကိုယ့်ကိုယ်ကို သတ်သေတာမဟုတ်ဘဲ သူများသတ်လို့သေရတာ ဖြစ်ပါစေတော့၊ ကျွန်တော် ဘာကြောင့် ဒီလိုပြောရတယ်ဆိုတာကို နားလည်ရဲ့လား ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ စိန်စိန့်ဘက်သို့ မသိမသာ မေးငေါ့ပြလိုက်သည်။

'ကိုခြူးစိန်ဟာ သူများအသတ်ခံရတာဆိုရင် သူ လုပ်ထားခဲ့တဲ့ အသက်အာမခံစာချုပ်အရ ခင်ဗျားရဲ့ဇနီးမစိန်စိန်ဟာ အသက်အာမခံလျော်ကြေးငွေ နှစ်သောင်းရမှာမို့လို့ မဟုတ်လား'

ကိုထွန်းရီကလည်း အားရပါးရကြီး ခေါင်းကိုညိတ်လိုက်သည်။

'ဒါပေါ့ဗျာ... ဒီလိုသာရမယ်ဆိုရင်တော့ စိန်စိန်ဟာ သူ့အလုပ်ကို ဆက်လုပ်နေစရာမလိုတော့ဘူး၊ ကျွန်တော်တို့လည်း ထင်ထင်ပေါ်ပေါ် နေနိုင်ကော'

ကိုထွန်းရီသည် ကုလားထိုင်လက်ရမ်းကို လက်သီးတစ်ဖက်နှင့် ရုတ်တရက်ထုလိုက်ကာ မချင့်မရဲရှိလှသောအသံကြီးနှင့် စကားဆက်ပြန်သည်။

'ကိုခြူးစိန်… ကိုယ့်ကိုယ်ကို သတ်သေသွားတယ်ဆိုတာကို ကျွန်တော်တော့ တော်တော့်ကို မကျေမနပ်ဖြစ်မိပါတယ်ဗျာ၊ ကိုခြူးစိန်ဟာ အသက်အာမခံကိုယ်စားလှယ်ဟောင်းတစ်ယောက်ဗျ၊ အသက်အာမခံ စည်းမျဉ်းဥပဒေတွေကို ကောင်းကောင်းနားလည်နေတဲ့ လူတစ်ယောက်ပါ'

'အသက်အာမခံလုပ်တဲ့လူတစ်ယောက်ဟာ လုပ်ပြီး နှစ်နှစ်ကြာလို့ သေရင် ဘယ်နည်းနဲ့သေသေ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုဦးတော့ အသက်အာမခံကုမ္ပဏီက သူ့အမွေခံကို လျော်ကြေးပေးရတယ်ဗျ၊ ဒါပေမယ့် နှစ်နှစ်မပြည့်မီအတွင်းမှာတော့ ဒီလူဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတာဆိုရင် လျော်ကြေးမရနိုင်တော့ဘူး'

'ဒါကို ကိုခြူးစိန်ကလည်း ကောင်းကောင်းသိထားမှာပါပဲ၊ ဒါနဲ့တောင် သူအသက်အာမခံလုပ်ခဲ့တဲ့နေ့ရဲ့ညမှာပဲ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်ဆိုတာ စဉ်းစားကြည့်လိုက်ရင် အဓိပ္ပာယ်ကို မရှိပါဘူး ကိုတင်မောင်ဆွေရာ၊ သူ့ကိုယ်သူ သတ်သေသွားတော့မယ်ဆိုရင် သူဟာ ဘာပြုလို့ မနက်ပိုင်းကလာပြီး အသက်အာမခံလုပ်သွားသတဲ့လဲ၊ ဒီလို အသက်အာမခံလုပ်တာ ဘာမှအကျိုးမရှိဘူးဆိုတာကို သူ ကောင်းကောင်းကြီးသိတာပဲဗျာ'

ကိုထွန်းရီသည် ခေါင်းတယမ်းယမ်းနှင့် မချင့်မရဲပြောရာကက တင်မောင်ဆွေအား လှမ်းကြည့်လိုက်သည်။

'ကဲ… ကိုတင်မောင်ဆွေ… ခင်ဗျားကကော ဘယ်လိုသဘောရသလဲဗျ'

'ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ ကိုထွန်းရီ၊

စဉ်းစားပြီးတော့လည်း ကျွန်တော့်မှာ စိတ်ကူးကလေးတွေတော့ ရလာခဲ့တယ်ဗျာ'

ကိုထွန်းရီ၏မျက်လုံးများသည် ပြောင်လက်တောက်ပလာကာ ထိုင်ရာမှထလိုက်ပြီး တင်မောင်ဆွေ့ထံပါးသို့ လျှောက်လာသည်။

'ကိုတင်မောင်ဆွေ… ခင်ဗျား ဘာကိုဆိုလိုတာလဲဗျာ၊ ကိုခြူးစိန်ဟာ သူ့ကိုယ်သူ သတ်သေသွားတာမဟုတ်ဘူးလို့ ခင်ဗျားက ယူဆနေသလား၊ ဒီလိုယူဆစရာ အထောက်အထားတွေကိုကော ခင်ဗျား ရှာတွေ့ထားလို့လားဗျ'

စိတ်အားထက်သန်စွာ မေးနေသော ကိုထွန်းရီကို တင်မောင်ဆွေက ခပ်အေးအေးအမူအရာနှင့် မော့ကြည့်ကာ ပခုံးများကို မသိမသာတွန့်လိုက်၏။

'ဒီလိုယူဆစရာ အထောက်အထားတွေကို ကျုပ်က ရှာတွေ့နိုင်တယ်ဆိုရင်ကော ကိုထွန်းရီ၊ ခင်ဗျား သိထားရမှာက ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်ပဲ၊ အမှုသည်တစ်ယောက်ရှိရင်တော့ ဒီလိုယူဆနိုင်တဲ့ အထောက်အထားတွေကို ကျွန်တော် လိုက်ရှာပေးနိုင်တာပေါ့'

ကိုထွန်းရီသည် အားရသောအမူအရာနှင့် စိန်စိန့်ဘက်သို့ လှည့်ကြည့်လိုက်ကာ–

'သူပြောတာကြားသလား စိန်စိန်၊ ကိုခြူးစိန်ဟာ သူ့ကိုယ်သူသတ်သေသွားတာ မဟုတ်ဘူးဆိုတဲ့ အထောက်အထားတွေကို ငှားမယ့်သူရှိရင် လိုက်ရှာပေးနိုင်တယ်တဲ့'

ဟု မေးလိုက်သည်။

ပြီးမှ တင်မောင်ဆွေဘက်သို့ ပြန်လှည့်လိုက်ပြန်ကာ–

'ကဲ… ကိုတင်မောင်ဆွေ… ခင်ဗျားကို ကျုပ်တို့ဌားမယ်ဗျာ၊ အမှုလိုက်ခ ဘယ်လောက်ပေးရမယ်ဆိုတာကိုသာ ပြောပေတော့'

'ဒီလိုလုပ်ပါလား ကိုထွန်းရီ၊ ခင်ဗျားရဲ့ဇနီးရမယ့် အသက်အာမခံလျော်ကြေးငွေရဲ့ တစ်ဆယ်ရာခိုင်နှုန်းကို ပေးပေါ့ဗျာ၊ ဒီလိုဆိုရင် ခင်ဗျားတို့လည်း မနာဘူးပေါ့၊ ကိုခြူးစိန်ဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတာမဟုတ်ပါဘူးဆိုတာကို ကျွန်တော်က အထောက်အထားရှာမရရင် ခင်ဗျားတို့ ကျွန်တော့်ကို တစ်ပြားမှပေးဖို့ မလိုတော့ဘူးပေါ့'

ကိုထွန်းရီက စိန်စိန်ဘက်သို့ ဘယ့်နှယ်လဲဟူသော အမူအရာနှင့် လှည့်ကြည့်လိုက်ရာ စိန်စိန်ကလည်း ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီ၊ ကျုပ်တို့ သဘောတူပါတယ်ဗျာ'

'ဒီလိုဆိုရင် ဒီသဘောတူညီမှုကို စာရေးထားရင် မကောင်းဘူးလား'

'အိုကေ… ကိုတင်မောင်ဆွေ'

စိန်စိန်က စက္ကူနှင့်ကလောင်တံကို သွက်လက်စွာယူလာပေးလိုက်သည်။ ကိုထွန်းရီကပင် တင်မောင်ဆွေပြောသည့်အတိုင်း သဘောတူညီမှုစည်းကမ်းကို စာရွက်ပေါ်တွင် ရေးချလိုက်ရာ စိန်စိန်က လက်မှတ်ရေးထိုးလိုက်တော့သည်။

တင်မောင်ဆွေသည် စာရွက်ကိုခေါက်ခါ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးလျှင် စိန်စိန့်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ကဲ… ခင်ဗျားဟာ ကျွန်တော့်အမှုသည် ဖြစ်သွားပြီ ဆိုတော့ ကျွန်တော်သိချင်တဲ့ အချက်တစ်ခုကိုတော့ ခင်ဗျား ပြော ပြနိုင်မယ် ထင်ပါရဲ့ မစိန်စိန်'

'ဘာသိချင်တာလဲရှင့်'

စိန်စိန်က တင်မောင်ဆွေအား ခပ်တည်တည်ကြည့်ကာ ပြန်မေးလိုက်သည်။

'ခင်ဗျားဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက စင်ကာပူ ကိုသွားပြီး သေဆုံးသူ ကိုခြူးစိန်ကို သူ့အလုပ်တိုက်မှာ သွားတွေ့ ခဲ့တယ် မဟုတ်လား၊ အဲဒါက ဘယ်လိုလဲဆိုတာ ကျွန်တော် သိ ချင်တာပါပဲ မစိန်စိန်'

တင်မောင်ဆွေ၏မေးခွန်းကြောင့် လင်မယားနှစ်ယောက် စလုံးပင် တော်တော်အံ့အားသင့်သွားကြသည်။ တင်မောင်ဆွေက လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။ သူ့တွင် အချိန် သိပ် မရှိတော့။

'ဒီမှာ မစိန်စိန်၊ ခင်ဗျားဟာ ကိုခြူးစိန်နဲ့ တော်တော် ခင်မင်ရင်းနှီးနေတယ်ဆိုတာကို ခင်ဗျားရဲ့ အလုပ်ရှင်က သိထား သလားဗျ'

'ဟုတ်ကဲ့… ဦးထွားမောင်က သိထားပါတယ်၊ ဦးထွား မောင်သိထားတဲ့ အကြောင်းအရာတွေက အများကြီးပါပဲရှင်'

'ကောင်းပြီ၊ စင်ကာပူကိုသွားပြီး ခင်ဗျားက ကိုခြူးစိန်နဲ့ တွေ့ခဲ့တာဟာ ဦးထွားမောင်ခိုင်းခဲ့လို့ပဲ မဟုတ်လား၊ ခိုင်းခဲ့တဲ့ကိစ္စ ကလည်း အဲ… ခင်ဗျားတို့ ထုတ်ပြောရမှာခက်တဲ့ကိစ္စပဲ မဟုတ် လား'

www.burmeseclassic.com

'ဟုတ်ပါတယ်'

ဟု ကိုထွန်းရီက ဝင်ဖြေလိုက်သည်။

'ဒီကိစ္စဟာ ရန်ကုန်ကနေ စင်ကာပူကို မော်မင်းလို့ခေါ်တဲ့ ယစ်မျိုးဆေးတွေပို့တဲ့ကိစ္စနဲ့ ပတ်သက်နေတယ် မဟုတ်လားဗျ'

ကိုထွန်းရီနှင့်စိန်စိန်တို့မှာ ပါးစပ်အဟောင်းသားဖြစ်နေကြတော့သည်။ ပြီးမှ စိန်စိန်က တုန်ယင်သောအသံကလေးနှင့် ပြန်မေးလိုက်သည်။

'ရှင်… ရှင်… ဒီကိစ္စကို ဘယ်လိုသိသွားတာလဲဟင်'

'ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်ပဲ မစိန်စိန်၊ ဒီကိစ္စမျိုးတွေကို သိအောင်စုံစမ်းဖို့က ကျွန်တော့်အလုပ်ပဲဗျ'

တင်မောင်ဆွေသည် စိန်စိန့်ကိုပြန်ဖြေရာကပင် ကိုထွန်းရီဘက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်ပြန်၏။

'ကိုထွန်းရီ… ဒီညနေပိုင်းကကော ခင်ဗျားက မဂိုလမ်းမှာ ဘာလာလုပ်တာလဲ'

ကိုထွန်းရီသည် တင်မောင်ဆွေအား မျက်လုံးကြီးတွေအပြူးသားနှင့်ကြည့်ကာ နှုတ်ဆွံ့နေတော့၏။

'ခင်ဗျား သီဟဆေးတိုက်ကိုလာကြည့်တာ မဟုတ်လား ကိုထွန်းရီ'

ကိုထွန်းရီမှာ မျက်စိမျက်နှာတွေ ပျက်နေ၏။ တင်မောင်ဆွေက စိတ်မရှည်သလို သူ့နာရီကို မြှောက်ကြည့်လိုက်သည်။

'ကဲ… ကိုထွန်းရီ၊ ကျွန်တော့်မှာ အချိန်သိပ်ရှိတာ မဟုတ်ဘူးဗျ၊ ပြောစမ်းပါဗျာ၊ ကျုပ် သွားစရာတွေရှိနေသေးတယ်'

ထိုအခါမှ ကိုထွန်းရီသည် အသံထွက်လာလေ၏။


www.burmeseclassic.com

'ဒီလိုပါ ကိုဆွေ၊ အမှန်က စိန်စိန်နဲ့ပတ်သက်ပြီး ကျွန်တော် သွားရတာပါ၊ ဦးထွားမောင်ဆီမှာ စာရင်းတစ်ခုရှိတယ်ဗျ၊ အဲဒီ စာရင်းအရ ဦးထွားမောင်က စိန်စိန့်ကိုလိုက်ပြီး ချက်ကင်လုပ်ခိုင်း ခဲ့တယ်၊ စင်ကာပူကို စိန်စိန့်ကိုလွှတ်တဲ့ ခင်ဗျား ခုနကပြောတဲ့ မော်ဖင်းကိစ္စနဲ့ပတ်သက်နေတယ်တဲ့၊ ဒါနဲ့ ကျွန်တော်က စိန်စိန့်ကိုယ် စားလိုက်ပြီး ချက်ကင်လုပ်ပေးခဲ့တာပါ၊ ဒါပေမယ့် ဘာမှမသိခဲ့ရပါ ဘူး၊ လူတောင်မတွေ့ခဲ့ရပါဘူး'

'ခင်ဗျားပြောတဲ့အထဲမှာ ဆရာဝန်လေးယောက်ကော ပါ သေးသလား'

ကိုထွန်းရီသည် ပါးစပ်ကြီးဖွင့်လျက် အံ့အားသင့်သွားပြန် သည်။ ပြီးမှ ခေါင်းညိတ်လိုက်၏။

'ပါပါတယ်ဗျာ… ကျွန်တော် သူတို့ကိုလည်း မတွေ့ခဲ့ရ ပါဘူး'

'ခင်ဗျားပြောတာတွေ အမှန်ပဲနော်'

'အမှန်ပါပဲဗျ'

တင်မောင်ဆွေသည် စိန်စိန့်ဘက်သို့ လှည့်လိုက်ပြန်သည်။

'မစိန်စိန်… ခင်ဗျားအိမ်မှာ ဖုန်းရှိတယ်မဟုတ်လား'

စိန်စိန်က ခေါင်းညိတ်ကာ အခန်းထောင့်တစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။ တင်မောင်ဆွေသည် ထိုနေရာမှ ဖုန်းဆီသို့ လျှောက်သွားကာ စုံထောက်ဌာနချုပ်နံပါတ်ကို ဒိုင်ခွက်ထဲတွင် လှည့် လိုက်၏။

'ကိုထွန်းရီ၊ မစိန်စိန် ခင်ဗျားတို့ကို ကျုပ် ရဲဘက် အပ် တော့မယ်'

'ဗျာ…'

'ခင်ဗျားတို့ သိထားတာတွေကို ရဲဘက်မှာ အားလုံးဖွင့်ပြောလိုက်တာ ခင်ဗျားတို့အတွက် အကောင်းဆုံးနေမှာပဲ၊ ဟလို… စုံထောက်ရဲမှူးကြီး ကိုသောင်းဖေနဲ့ ကျွန်တော် စကားပြောချင်ပါတယ်'

မျက်စိမျက်နှာ မကောင်းကြသော ကိုထွန်းရီတို့လင်မယားသည် တင်မောင်ဆွေက ဖုန်းထဲသို့ပြောနေသည်ကို တိတ်ဆိတ်စွာကြည့်နေလိုက်သည်။

'ဖုန်းကို ခဏထိုင်ထားပါဗျာ၊ ကိုသောင်းဖေရဲ့ဖုန်း မအားသေးဘူးဗျ…'

တယ်လီဖုန်းနားခွက်ထဲမှ ပြန်ကြားသံ ထွက်ပေါ်လာရာ တင်မောင်ဆွေက ဖုန်းစကားပြောခွက်ကို လက်တစ်ဖက်နှင့်အုပ်ထားလိုက်ပြီး ကိုထွန်းရီတို့လင်မယားကို လှမ်းကြည့်လိုက်ပြန်သည်။

'ခင်ဗျားတို့ အခု စုံထောက်ဌာနချုပ်ကို လိုက်သွားကြပါ၊ ဟိုကျတော့ စုံထောက်ရဲမှူးကြီး ကိုသောင်းဖေကို တွေ့ရလိမ့်မယ်၊ သူက ကျွန်တော့်မိတ်ဆွေပဲ၊ ခင်ဗျားတို့ အဲဒီကနေ ကျွန်တော့်ကို စောင့်နေကြပါ ဟုတ်လား'

နားခွက်ထဲမှ ကိုသောင်းဖေ၏အသံက ထွက်ပေါ်လာ၏။

'ဟလို… စုံထောက်ရဲမှူး သောင်းဖေ စကားပြောနေတယ်လေ'

'ကိုသောင်းဖေ… တင်မောင်ဆွေလေ'

'ဆိုစမ်း… တင်မောင်ဆွေ၊ ဘာများလဲ'

'ဟို… လူသတ်မှုကိစ္စလေ'

'ဘာ လူသတ်မှုကိစ္စလဲကွ'

'ကိုခြူးစိန် အသတ်ခံရတဲ့ ကိစ္စပေါ့ဗျ'

'ဟော့ကောင် တင်မောင်ဆွေ၊ မင်းကတော့ လုပ်တော့မယ်၊ ကိုခြူးစိန်က ဘယ်ကလာ…'

'ကျွန်တော်ပြောတာကိုသာ လုပ်စမ်းပါဗျ၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင် လာရှင်းပါ့မယ်၊ အခု ကျွန်တော် ကိုထွန်းရီနဲ့ မစိန်စိန်ဆိုတာကို ခင်ဗျားဆီ လွှတ်လိုက်မယ်၊ ကျွန်တော်ကတော့ ဦးထွားမောင်ဆိုတာကို သွားရှာဦးမယ်၊ သူ့ကို ကျွန်တော် ခေါ်လာခဲ့မယ်၊ နောက်တစ်ယောက်လည်း ရှိသေးတယ်၊ ရီရီတင့်ဆိုတာ‥'

'အဆိုတော်ရီရီတင့်ကို ပြောတာလားကွ…'

'ဟုတ်တယ်လေ၊ ကေသီမြိုင်ဟော်တယ်က…'

'သူ တို့ဆီမှာ ရောက်နေပြီ၊ ငါ သူ့အိမ်က သွားရှာခဲ့တာပဲ'

'အလို… ဘာကိစ္စနဲ့ ခင်ဗျားက သူ့ကိုခေါ်ခဲ့ရတာလဲ'

'အရေးပါအရာရောက်တဲ့ သက်သေတစ်ယောက်အဖြစ်နဲ့ပေါ့ကွ၊ မင်းလာတော့ ငါပြောပြမယ်လေ'

'ကောင်းပြီလေ၊ ဒီလိုဆို ဦးထွားမောင်ကိုလည်း ခင်ဗျားအခုညတွင်းချင်း သွားရှာပြီးခေါ်ခဲ့ပါ၊ သူ့အိမ်ကိုတော့ ကျွန်တော် မသိဘူး၊ သူ့အလုပ်တိုက်က စစ်ကဲမောင်ထော်လေးလမ်း တိုက်နံပါတ် (     ) ပဲ'

'သူ့အိမ်ကို ငါသိပါတယ်၊ ခေါ်ထားပြီး ဘာလုပ်ရမှာလဲ'

'ကျွန်တော့်ကို စောင့်နေပေါ့၊ ကျွန်တော် အမြန်ဆုံးလာခဲ့ပါ့မယ်၊ ဩော်… ဦးထွားမောင်နဲ့ရီရီတင့်ကို တွေ့ခွင့်မပေးနဲ့ဗျို့၊

သတ်သတ်စီ ခွဲထားပါ ဟုတ်လား၊ ဒါပါပဲ'

တင်မောင်ဆွေသည် ဖုန်းကိုချထားလိုက်ကာ တိတ်ဆိတ်စွာ ရပ်လျက် သူ့အားကြည့်နေသော ကိုထွန်းရီတို့လင်မယားဆီသို့ ပြန်လျှောက်ခဲ့သည်။

ကဲ... ကိုထွန်းရီ ခင်ဗျားမိန်းမကိုပါခေါ်ပြီး စုံထောက်ဌာနချုပ်ကိုသွားပေတော့၊ ဟိုကျတော့ ကိုသောင်းဖေကို တွေ့ရလိမ့်မယ်၊ ခင်ဗျားတို့လည်း သူ့ကို တစ်ခါတွေ့ဖူးပြီးပြီမဟုတ်လား၊ အဲဒီကနေ ကျွန်တော့်ကိုစောင့်နေကြ၊ ကျွန်တော် မကြာခင်လာခဲ့မယ်'

ကိုထွန်းရီက ခေါင်းညိတ်ပြလိုက်လျှင် တင်မောင်ဆွေလည်း လက်ပတ်နာရီကိုကြည့်ကာ အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့လေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၁၈-

တင်မောင်ဆွေသည် လမ်းပေါ်တွင် ပြေးသွားသော သုံးဘီးကားတစ်စင်းကို လက်ခုပ်တီးခေါ်ကာ တရုတ်တန်းသို့ အမြန်မောင်းခိုင်းလိုက်သည်။

တရုတ်တန်းမှ ပီကင်းဟော်တယ်ရှေ့သို့ရောက်လာလျှင် သူ့လက်ပတ်နာရီက ၈ နာရီထိုးဖို့ ၁၅ မိနစ်သာ လိုတော့၏။

တင်မောင်ဆွေသည် ခပ်သုတ်သုတ် ပီကင်းဟော်တယ်နှင့် မျက်နှာချင်းဆိုင်ရှိ သူ့မိတ်ဆွေထောင်ကဲကြီး၏တိုက်ခန်းပေါ်သို့ ပြေးတက်ခဲ့သည်။

ထောင်ကဲကြီးအား ညနေကတည်းကပင် တစ်ညလုံး တိုက်ခန်းကို အသုံးပြုလိုသည်ဟု ပြောထားရကား ၎င်းသည် ပြန်မလာသေးချေ။

တင်မောင်ဆွေသည် တိုက်ခန်းတံခါးကို သော့ဖွင့်ဝင်ခဲ့ပြီးနောက် တံခါးကို ပြန်ပိတ်လိုက်သည်။

ပြီးနောက် ပီကင်းဟော်တယ်၏ အပေါက်ဝကို တည့်တည့်ကြီးမြင်ရသော ပြတင်းပေါက်ရှိရာ အခန်းထဲသို့ ဝင်ခဲ့ပြန်ကာ ညနေ


www.burmeseclassic.com

က ဗီရိုတစ်ခု၏ အံဆွဲထဲတွင် ထည့်ထားခဲ့သော သူ၏လျှို့ဂါသေနတ်ကို ထုတ်ယူလျက် ပြောင်းထိပ်တွင် ဆိုင်းလင့်ဆာကရိယာကို တပ်ထားလိုက်သည်။

ပြတင်းပေါက်ရှေ့တွင် ကုလားထိုင်တစ်ခုကို ဆွဲယူပြီးထိုင်လိုက်သည့်အခါတွင်ကား... ဟော်တယ်ရှေ့တွင် ရပ်ထားသော သုံးဘီးကား သုံးစီးမှအပ... လူရှင်းနေသည်ကို တွေ့လိုက်ရလေ၏။

တင်မောင်ဆွေသည် လက်ပတ်နာရီကို ကြည့်လိုက်ပြန်ရာ... ၈–နာရီ ထိုးဖို့ ၅–မိနစ်သာ လိုတော့သည်ကို တွေ့လိုက်ရ၏။

မော်လီဝိုင်းက သူမသည် ၈ နာရီအထိသာ ဟော်တယ်တွင် ရှိမည်ဟုဆိုခဲ့ရာ သူမထွက်လာချိန်နီးနေပြီ ဖြစ်လေ၏။

တင်မောင်ဆွေသည် ပီကင်းဟော်တယ်တံခါးဝကို မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်လေသည်။

၈–နာရီထိုးဖို့ သုံးမိနစ်အလိုတွင်ကား ဟော်တယ် အပေါက်ဝမှနေ၍ မော်လီဝိုင်းထွက်လာသည်ကို တွေ့လိုက်ရသည်။

သူမသည် သည်တစ်ခါတွင်တော့... မြန်မာအဝတ်အစားများဝတ်ကာ... အကြော့ ပြင်ဆင်ထားလေသည်။

သူမသည် ဟော်တယ်တံခါးဝနားတွင် ဘေးဘီကို လှမ်းကြည့်နေလိုက်သည်။

ရပ်ထားသော သုံးဘီးကား သုံးစီးအနက်မှ ဒရိုင်ဘာများက သူမအား...

'ကား ယူမလား...' ဟု လှမ်းမေးကြသည်။

တင်မောင်ဆွေသည် လက်ထဲက သေနတ်ကို သေချာစွာ ချိန်ကာ မောင်းခလုတ်ကို ညင်သာစွာ ဆွဲဖြုတ်လိုက်ပြန်၏။

သေနတ်ပြောင်းဝတွင် အသံတိတ်ကိရိယာ တပ်ထားရကား… ဖောင်းခနဲအသံ ဆော်ဒါပုလင်း ဖွင့်လိုက်သံလို မြည်သွားသည်။

သုံးဘီးကားတစ်စင်းအား လှမ်းခေါ်မည် ပြုနေသော မော်လီဝိုင်းသည် ရုတ်တရက် သူမ၏ မျက်နှာရှေ့မှ ဖြတ်၍ ကျည်ဆံတစ်ခုက ဝီခနဲ အော်မြည်သွားပြီး သူမ၏ ဘေးရှိ အုတ်နံရံကို အင်္ဂတေဖတ်များ ဖွာခနဲ ကွာကျလာအောင် ထိမှန်သွားသည်ကို တစ်စက္ကန့်မျှ ကြောင်ကြည့်နေလိုက်သည်။ ပြီးလျှင် မျက်နှာတွင် သွေးဆုတ်ဖြူရော်သွားရာက ထိတ်လန့်တကြားအမူအရာနှင့် ဟော်တယ်ထဲသို့ ပြန်လှည့်ဝင်ပြေးသွားလေတော့၏။

ကားတံခါးကို ဖွင့်ကြိုနေသော သုံးဘီးကားသမားသည် အူကြောင်ကြောင် ဖြစ်ကျန်ခဲ့ရာက…

'ဒီတရုတ်မက ဘာကြောင်သွားတာလဲ မသိပါဘူးကွာ'

ဟု ညည်းလိုက်လေသည်။

တင်မောင်ဆွေသည် သူ့ပြတင်းပေါက်တွင် ငြိမ်သက်စွာ ထိုင်ကာ စောင့်ကြည့်နေလိုက်သည်။ မော်လီဝိုင်းကား ပြန်ထွက်မလာတော့ချေ။

တစ်ညနေထဲတွင် နှစ်ကြိမ်တိုင်တိုင် သေနတ်နှင့်ချောင်းအပစ်ခံရသော မော်လီဝိုင်းသည် အဘယ်မျှ စိတ်တုန်လှုပ်ချောက်ချားလျက်ရှိနေမည်ကို သူသည် တွေးကြည့်မိရင်းက ကျေနပ်စွာ ပြုံးလိုက်မိသည်။ ယခုလောက်ရှိ မော်လီဝိုင်းသည် သူမ၏ ဟော်တယ်ခန်းထဲတွင် ကော့ညက် ဘရန်ဒီတွေကို ခွက်ဆင့်လျက် ချနေမည်ဖြစ်လေတော့၏။

www.burmeseclassic.com

တင်မောင်ဆွေသည် နောက်ထပ်၍ ၁၅-မိနစ်ကြာအောင် စောင့်နေလိုက်သည်။ သို့တိုင်အောင်လည်း မော်လီဝိုင်းက ဟော်တယ်ထဲမှ ထွက်မလာသေးလျှင်ကား… သူသည် အခန်းအပြင်ဘက်သို့ ထွက်ခဲ့ကာ တယ်လီဖုန်းကို ကောက်ယူလျက် ပီကင်းဟော်တယ်သို့ ဆက်လိုက်၏။

ဟော်တယ်ဆွစ်(ချ)ဘုတ်မှ တင်မောင်ဆွေကို မော်လီဝိုင်းအခန်းမှ ဖုန်းနှင့်ဆက်ပေးလိုက်လျှင်…

'ဟလို… ဟလို… မော်လီလား… ကျွန်တော်ပါ မော်လီ၊ တင်မောင်ဆွေပါ… မော်လီဆီ တစ်နာရီအမီလာဖို့ဟာ မမီတာနဲ့ ဖုန်းဆက်ကြည့်တာပဲ… မော်လီ အပြင်ထွက်မလို့ဆိုတာ မထွက်သေးဘူးလား…'

'ကျွန်မ… ကျွန်မ… အပြင်ကို မသွားတော့ဘူး ကိုတင်မောင်ဆွေ…'

နားခွက်ထဲမှ ပြန်လည်ထွက်ပေါ်လာသော မော်လီဝိုင်း၏ အသံမှာ သိသိသာသာကြီး တုန်ယင်နေသည်။

တင်မောင်ဆွေသည် သူမအား စိတ်ထဲတွင် တနည်းအားဖြင့်တော့ သနားသွားမိ၏။

'ဒီည ဘယ်ကိုမှ မသွားတော့ဘူးလား မော်လီ…'

'ဘာ… ဘာဖြစ်လို့လဲရှင့်…'

'ကိုခြူးစိန်သေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မော်လီစိတ်ဝင်စားမယ့် အချက်ကလေးတွေ ပြောပြစရာရှိနေလို့ပါ မော်လီရဲ့…၊ အခြေအနေက တော်တော်ကို ပြောင်းလဲလာနေတယ်…'

'အို… ဟုတ်လား… ဘယ်လိုပြောင်းလဲ လာနေတာ


www.burmeseclassic.com

လဲ…’

‘အဲ… ဒါကို ကျွန်တော် မော်လီနဲ့ တွေ့ပြီး ပြောချင်တယ်လေ…’

‘ဒီလိုဆို လာခဲ့ပါရှင်… ကျွန်မ… ကျွန်မ… ရှင့်ကို စောင့်နေပါမယ်…’

‘ကျွန်တော် တစ်နာရီအတွင်းရောက်အောင်လာခဲ့ပါ့မယ်လေ… ဩော်… မော်လီ့ကို တစ်ခုမှာခဲ့ပါရစေ… မော်လီ အခုည အပြင်ကို မထွက်ရင်ကောင်းလိမ့်မယ်…၊ ပြီးတော့လည်း တံခါးကို အလုံပိတ်ထားပါ… ပြတင်းပေါက် တရုတ်ကပ်တွေကိုပါစေ့ထားရင် ကောင်းမယ်…’

တယ်လီဖုန်းနားခွက်ထဲမှ မော်လီ ရုတ်တရက်ပင့်သက်ရှိုက်သံကို တင်မောင်ဆွေက အတိုင်းသားကြားလိုက်ရသည်။ မော်လီ့စိတ်ထဲ ဘယ်လိုနေမည်ကို သူက ခန့်မှန်းကြည့်နိုင်၏။

‘ရှင်… ရှင်… ဘာပြောတယ်၊ ကျွန်မ အခန်းတံခါးကို ဘာပြုလို့ အလုံပိတ်ထားရမှာလဲ… ကျွန်မမှာ… ကျွန်မမှာ ဘေးအန္တရာယ်ရှိလို့လားဟင်…’

‘ကျွန်တော် ဖုန်းထဲကနေတော့ မပြောပါရစေနဲ့၊ မော်လီ့ဆီကိုရောက်လာတော့ ရှင်းပြပါ့မယ်ဟုတ်လား…၊ ဒီအတောအတွင်းမှာ မော်လီ့အခန်းထဲကနေ ဘယ်ကိုမှ မထွက်ပါနဲ့… ကျွန်တော် တစ်နာရီအတွင်း လာခဲ့ပါ့မယ်…’

တင်မောင်ဆွေသည် ဖုန်းကို ချပစ်လိုက်သည်။ ပြီးနောက် သွားရဦးမည့် ကောသီမြိုင် ဟော်တယ်သို့ ထွက်ခဲ့ရပြန်လေ၏။

❖ ❖ ❖

www.burmeseclassic.com

-၁၉-

ဟော်တယ်၏ ထမင်းစားခန်းမကြီးထဲတွင် ကေသီမြိုင်သည် ဧည့်သည်တစ်စုနှင့် စကားပြောနေသည်။ အခန်းထဲသို့ တင်မောင်ဆွေ ဝင်လာသည်ကို တွေ့လိုက်ရလျှင်ကား သူမသည် ဧည့်သည်များကို ခွင့်ပန်ကာ တင်မောင်ဆွေထံသို့ လျှောက်လာပြီး အပြုံးကလေးနှင့် ကြိုဆိုလိုက်သည်။

'ဟော… ကိုဆွေ ရောက်လာပြန်ပြီကိုး… ခုနက ထွက်သွားလိုက်တာတော့ အလောသုံးဆယ်ပါပဲ… အခုတော့ အေးအေးဆေးဆေး နေနိုင်မယ် မဟုတ်လား ကိုဆွေ…'

'ဆောရီးပဲ… ကေသီ… ကိုဆွေ အခုချက်ချင်း ဆိုသလို ပြန်သွားရလိမ့်မယ်…၊ ပြီးတော့ ကေသီလည်း ကိုဆွေနဲ့ အတူ လိုက်ခဲ့လိုက်ရလိမ့်မယ်…'

ကေသီမြိုင်၏ လှပသော မျက်လုံးကလေးများသည် မသိမသာ ပြူးကျယ်သွားကြလေ၏။

'ဘာပြုလို့လဲ ကိုဆွေ… ကေသီက ဘယ်ကို လိုက်ခဲ့ရမှာလဲ…'


www.burmeseclassic.com

'ပထမ ကိုဆွေ ကေသီနဲ့ စကားပြောချင်သေးတယ်၊ သွား ရမယ့်အကြောင်းကတော့ တော်တော် အရေးကြီးပါတယ်…'

ကေသီမြိုင်သည် နဖူးရေကလေးများတွန့်ကာ တင်မောင် ဆွေအား ခေတ္တကြည့်နေလိုက်သည်။ ပြီးမှ သက်ပြင်းကလေးတစ် ချက်ချလိုက်ကာ တင်မောင်ဆွေအား အခန်းတစ်ဘက်တွင် ရှိသော သီးသန့်အခန်းကလေးတစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။

'ကဲ… ကိုဆွေ ဘာသောက်မလဲ စကော့(ချ) ဝီစကီပဲ လား…'

စားပွဲကလေး၌ မျက်နှာချင်းဆိုင် ထိုင်မိကြလျှင် တင်မောင် ဆွေကို ကေသီမြိုင်က မေးလိုက်ခြင်းဖြစ်သည်။

'ကိုဆွေ… ဒီည ဘာမှ မသောက်တော့ပါဘူးကေသီ… ကဲ… ကေသီ ဟောဒါကို ဖတ်ကြည့်စမ်း…'

တင်မောင်ဆွေသည် ကိုထွန်းရီက ရေးလျက် စိန်စိန်က လက်မှတ်ထိုးပေးလိုက်သော သဘောတူညီမှု စာချုပ်ကို ထုတ်ပြ လိုက်သည်။

'ဘာများလဲ ကိုဆွေရဲ့…'

'မစိန်စိန်နဲ့ ကိုထွန်းရီတို့က ကိုဆွေကို ကိုခြူးစိန် သေဆုံး ရမှု ကိစ္စစုံစမ်းဖို့ ငှားလိုက်တဲ့ စာချုပ်ပဲလေ၊ မစိန်စိန်နဲ့ ကိုထွန်းရီ ဟာ… လင်မယားပဲ'

'လင်မယား ဟုတ်လား…'

'ဟုတ်တယ်၊ သူတို့နှစ်ယောက်က တိတ်တိတ်ကလေး လက်ထပ်ထားကြတာ၊ ဒီသဘောတူညီချက်အရဆိုရင်… ကိုခြူးစိန် ဟာ ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ဘဲ အထောက်အထားနဲ့

www.burmeseclassic.com

ဖော်ထုတ်နိုင်ရင် စိန်စိန့်အတွက် ကိုချြူးစိန် လုပ်ထားခဲ့တဲ့ အသက်အာမခံ ငွေထဲက ၁၀-ရာခိုင်နှုန်းကို အမှုလိုက်ခအဖြစ်နဲ့ ကိုဆွေက ရမယ်တဲ့'

ကေသီမြိုင်သည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်ရာက ကြည်လင်ဝိုင်းစက်သော မျက်လုံးကြီးများနှင့် တင်မောင်ဆွေ့မျက်နှာကို စူးစိုက်ကြည့်လိုက်လေသည်။

'ကေသီကကော ဘာလုပ်ရမှာလဲ ကိုဆွေရဲ့'

'ဒီကိစ္စမှာ ကေသီ့ဆီက အကူအညီ ကိုဆွေလိုချင်တယ်၊ ကိုချြူးစိန် အသတ်ခံရတယ်ဆိုတာကို ကိုဆွေက ဖော်ထုတ်နိုင်ရင်··· ကေသီလည်း ကိုချြူးစိန်ရဲ့ အသက်အာမခံလျော်ကြေးငွေနှစ်ဆ၊ ငွေနှစ်သောင်းကို ရမှာပဲ'

'ကေသီ ဘာကူညီရမယ် ဆိုတာကိုသာ ပြောပါလေ'

'ကေသီ သေနတ် ကောင်းကောင်း ပစ်တတ်တယ် မဟုတ်လား'

'ကိုဆွေကိုယ်တိုင် သင်ပေးထားခဲ့တာပဲ၊ ဘာပြုလို့ မေးနေရသေးတာလဲ၊ ကေသီ လက်တော်တော်ဖြောင့်တယ်လို့တောင် ကိုဆွေ ပြောခဲ့သေးတာပဲ မဟုတ်လား···'

'ကောင်းပြီ ကေသီက ကိုဆွေ့အတွက် တားဂက်(ပစ်ကွင်း) အကြီးကြီးတစ်ခုကို မှန်အောင် သေနတ်နဲ့ ပစ်ပေးဖို့ပါပဲ'

'ကျွန်မတော့ နားမလည်တော့ဘူး ကိုဆွေ'

ကေသီမြိုင်က စိတ်ရှုပ်လာသော အသံကလေးနှင့်ညည်းလိုက်ရှာသည်။

'ဒီလိုလေ ကေသီရယ်၊ ကိုဆွေဟာ··· လူတစ်ယောက်ကို


www.burmeseclassic.com

စိတ္တဇဗေဒအရ ချောက်ချားအောင် လုပ်နေတယ်၊ ဒီလူရဲ့စိတ်ချောက်ချားလာမှပဲ ကိုဆွေ သိချင်တာ သိရလိမ့်မယ်'

'ဘယ်သူလဲ ကိုဆွေရယ်'

'မော်လီဝိုင်းပဲပေါ့ကွယ်··· ကဲ··· အချိန်မရှိဘူး ကေသီ၊ ဒါနဲ့ ကေသ့ီဆီမှာတော့(ချ)လိုက် (လက်နှိပ်ဓာတ်မီး) ကောရှိရင် ယူခဲ့စမ်းပါ'

'ကေသီတို့က ဘယ်သွားမှာလဲ ဟင်'

'ပီကင်းဟော်တယ်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကိုဆွေအသိ ထောင်ကဲကြီး တစ်ယောက်ရဲ့ တိုက်ခန်းကိုပဲ၊ အဲဒီကျတော့ ကိုဆွေက ကေသီ့ကိုထပ်ရှင်းပြောပြဦးမယ်၊ ကဲ··· လက်နှိပ်ဓာတ်မီးသွားယူချေပါတော့ ကေသီရယ် အချိန်သိပ်မရှိဘူး'

တင်မောင်ဆွေသည် ကေသီ့ကို ကေသီ၏ ကားပေါ်တွင် တင်ကာ ရန်ကုန်ထဲသို့ အမြန်ပြန်၍ မောင်းလာခဲ့လေသည်။

ထောင်ကဲကြီး၏ တိုက်ခန်းကို ရောက်လာကြလျှင်··· တင်မောင်ဆွေက ပီကင်းဟော်တယ် တံခါးဝနှင့် မျက်နှာချင်းဆိုင်တွင် ရှိနေသော အခန်းထဲသို့ ကေသီ့အား ခေါ်သွင်းခဲ့သည်။ သူတို့သည် အခန်းဓာတ်မီးကို မဖွင့်ဘဲ လက်နှိပ်ဓာတ်မီးကိုသာ··· အသုံးပြုကြ၏။

တင်မောင်ဆွေသည် ကေသီ့အား ပြတင်းပေါက်သို့ ခေါ်ခဲ့ကာ··· မော်လီဝိုင်း၏ အခန်းမှ တရုတ်ကပ်တွေချထားသော ပြတင်းပေါက်ကို သေသေချာချာ ညွှန်ပြလိုက်သည်။

'ကေသီက ဒီအခန်းထဲမှာ ဒီလိုပဲ အမှောင်ချပြီး ပြတင်းပေါက်ရှေ့မှာ ရပ်စောင့်နေရမယ်၊ ကိုဆွေကတော့ ဟောဟိုက ဟော်

တယ်ခန်းထဲမှာ… မော်လီနဲ့အတူ ရှိနေမယ်၊ အဲဒီက ပြတင်းပေါက်က တရုတ်ကပ်အကာကို ကိုဆွေက ဆွဲတင်လိုက်တာနဲ့ တပြိုင်နက် ပြတင်းပေါက် တည့်တည့်ကို ချိန်ပြီး ဟောဒီက ကိုဆွေ့သေနတ်နဲ့ ပစ်ထည့်လိုက်ရုံပဲ နားလည်ပြီလား ကေသီ…'

ကေသီမြိုင်သည် တင်မောင်ဆွေက သူမ၏ လက်ထဲတွင် ထည့်ပေးလိုက်သော လျှူဂါသေနတ် ကျင်လည်စွာ ကိုင်တွယ်ရင်း ခေါင်းညိတ်လိုက်သည်။

'သေနတ်မှာ ဆိုင်းလင့်ဆာတပ်ထားလို့ သေနတ်သံက သိပ်ကျယ်မှာ မဟုတ်ဘူး၊ ပစ်ပြီးတာနဲ့ တပြိုင်နက် သေနတ်ကို ပါယူခဲ့ပြီး စုံထောက်ဌာနချုပ်က ကိုသောင်းဖေဆီကို သွားပြီး ကိုဆွေ့ကို စောင့်ပေတော့ ဟုတ်လား'

'အိုကေ ကိုဆွေ… ကိုသောင်းဖေ ဆိုတာက ကေသီကို ကိုခြူးစိန်အကြောင်း ပြောခဲ့တဲ့ လူပဲ မဟုတ်လား'

'ဟုတ်တယ်၊ ကဲ… ကိုဆွေ ပြောတဲ့အတိုင်း လုပ်နိုင်တယ်နော်…'

'စိတ်ချပါ ကိုဆွေရယ် ကိုဆွေသာ သွားပေတော့'

မော်လီဝိုင်းမှာ တော်တော်ပင် အရက်မူးလျက် ရှိနေသည်ကို သူမ၏ ဟော်တယ်ခန်းထဲသို့ တင်မောင်ဆွေရောက်သွားသည့် အခါ၌ တွေ့လိုက်ရလေသည်။ သူမ၏ လက်ထဲတွင်လည်း တစ်ဝက်ကျော်ကျော် ရှိနေသေးသော ဘရန်ဒီ ဖန်ခွက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလျက် ရှိနေသည်။

တင်မောင်ဆွေက သူ၏ နာမည်ကို ပြောပြခဲ့မှပင် သူမက ပိတ်ထားသော တံခါးကို ဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။

'ရှင်ရောက်လာတာ ကျွန်မ ဝမ်းသာလိုက်တာ ကိုဆွေရယ်၊ ကျွန်မဖြင့် ရှင့်ကို တမျှော်ထဲမျှော်နေရတာပဲ၊ ကဲ... ပြောစမ်းပါရှင်၊ ကျွန်မဖြင့် သိပ်ကို ကြောက်နေမိတာပဲ'

တင်မောင်ဆွေ ဝင်လာသည်နှင့် တပြိုင်နက် မော်လီဝိုင်းသည် တင်မောင်ဆွေ၏ လက်မောင်းတစ်ဖက်ကို တင်းကြပ်စွာဆုပ်ကိုင်လျက် မေးလိုက်ခြင်းဖြစ်သည်။ သူမ၏ မျက်လုံးများသည် ရင်ထဲတွင် ခံစားနေရသော ကြောက်ရွံ့မှုကို သိသိသာသာကြီး ဖော်ပြလျက် ရှိနေတော့သည်။

'မော်လီဟာ... အင်မတန် ကြောက်သင့်တာပဲ၊ တကယ်တော့ မော်လီဟာ ဒုက္ခလှလှကြီး ရောက်နေရပြီလေ...'

တင်မောင်ဆွေကလည်း သူမအား စိုက်ကြည့်ကာ ခပ်တည်တည် ပြန်ဖြေလိုက်သည်။

'ကျွန်မ ဒုက္ခလှလှကြီး ရောက်နေပြီ... ဟုတ်လား၊ ဘာဖြစ်လို့လဲ... ကိုဆွေရယ်'

မော်လီသည် မေးရာကပင် လက်ထဲက ဘရန်ဒီကို 'ဂွပ်' ခနဲ မော့ချလိုက်ကာ ဘရန်ဒီပုလင်း တင်လိုက်ရာ စားပွဲဆီသို့ လျှောက်သွားသည်။ တင်မောင်ဆွေကလည်း နေကာ တရုတ်ကပ်ဖြေချထားသော ပြတင်းပေါက်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ သူမထံပါးသို့ လိုက်လျှောက်သွားသည်။

'ကျွန်တော်ဟာ... အလွတ်စုံထောက် တစ်ယောက် ဖြစ်ကြောင်းကို မော်လီ သိပြီးသားပဲ၊ ပြီးတော့ ကျွန်တော်ဟာ ကေသီမြိုင်ရဲ့ မိတ်ဆွေလည်း ဖြစ်ပါတယ်... ဒီတော့ ကိုချြုးစိန် သေရတဲ့ကိစ္စကို ကေသီမြိုင့်အတွက် ကျွန်တော်က စုံစမ်းကြည့်ခဲ့ပါတယ်၊

အဲသလို စုံစမ်းတဲ့အခါမှာ ဘာသိခဲ့ရတယ်မှတ်သလဲ…'

'ဘာ… ဘာ… သိခဲ့ရသလဲ'

မော်လီက ခပ်ဆတ်ဆတ် မေးလိုက်သည်။ သူမ၏ မျက်နှာသည် ဖြူရော်နေ၏။

'မော်လီမှာ အသက်အန္တရာယ်ကြီး တစ်ခု ရှိနေတယ်ဆိုတာကိုပဲ…'

'ဘာ… ဘာဖြစ်လို့လဲဟင်…'

မော်လီ၏အသံကလေးမှာ လေသံကလေးမျှသာ ဖြစ်တော့သည်။ သူမ၏ မျက်လုံးများသည် ပို၍သာပြူးကျယ်လာသည်ဟု ထင်မှတ်ရလေ၏။

'မော်လီဟာ လူသတ်မှုတစ်ခုမှာ မျက်မြင်သက်သေ ဖြစ်နေရလို့ပဲ၊ ဒီလူသတ်မှုကို ရဲဘက်ကတော့ ကိုယ့်ကိုယ်ကို သတ်သေမှုလို့ ထင်နေကြတယ်၊ ရဲဘက်က ဒီလို ထင်နေသမျှတော့ လူသတ်သမားဟာ ဘေးရန်မစိုးရိမ်ရတာမို့ မော်လီ့အတွက်လည်း စိုးရိမ်စရာ မရှိပါဘူး… ဒါပေမယ့် ဒီလူဟာ ကိုယ့်ကိုယ်ကို သတ်သေတာ မဟုတ်ဘဲ သူများအသတ်ခံရတာ ဆိုတာကို ကျွန်တော်အတပ်သိရပြီ၊ ဒီလို အတပ်သိရကြောင်းကိုလည်း ဒီလူနဲ့ပတ်သက်ခဲ့တဲ့ လူတွေအားလုံးကိုလည်း ပြောပြခဲ့ပြီ… ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်နော်'

'ဟုတ်ကဲ့… ဟုတ်ကဲ့…'

'ကျွန်တော်က ဒီလို လျှောက်ပြောထားတော့ လူသတ်သမားဟာ သူ့ပြစ်မှုပေါ်သွားမှာကို ကြောက်လာတယ်… သူ စိုးရိမ်စရာကလည်း တစ်ခုပဲ ရှိတယ်၊ တခြား မဟုတ်ဘူး… ခင်ဗျားပဲ'

'ကျွန်… ကျွန်မ… ဟုတ်လား'

'ဒါပေါ့ဗျ… သူက ကိုခြူးစိန်ကို သုတ်သင်လိုက်တာကို မျက်မြင်သက်သေဆိုလို့ ခင်ဗျားတစ်ယောက်ထဲ ရှိတာပဲဗျ၊ ဒီမျက်မြင်သက်သေကို ဖျောက်ဖျက် ပစ်လိုက်နိုင်ရင်တော့ သူ့အတွက် စိုးရိမ်စရာ မရှိတော့ဘူး… ဒါကို ခင်ဗျားလည်း စဉ်းစားကြည့်နိုင်ပါတယ်လေ'

မော်လီသည် လက်ထဲက ဘရန်ဒီ ဖန်ခွက်ကိုပင် မေ့နေ ဟန်တူတော့သည်။

'ဒီတော့ကာ… ဒီလူဟာ ခင်ဗျားကို သတ်ပစ်ဖို့ ကြိုးစားတော့မှာ အမှန်ပဲ… ဒါ့ကြောင့် ခင်ဗျားကို အခန်းထဲမှာ အလုံပိတ်နေလို့ ကျုပ်မှာထားတာပေါ့၊ သူဟာ ခင်ဗျားအသက်ကို လုပ်ကြံဖို့ ကြိုးစားမှာတော့ အမှန်ပဲ၊ အခုတောင် ကြိုးစားပြီးပြီလားလို့ မပြောတတ်ဘူး'

တင်မောင်ဆွေသည် စကားကိုရပ်ကာ မော်လီဝိုင်း၏ မျက်နှာကို ကြည့်လိုက်သည်။ သူမ၏ နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်ယင်နေကာ မျက်နှာတွင်လည်း သွေးမရှိတော့ချေ။

'ဒီတော့ ခင်ဗျားအတွက် အကောင်းဆုံးက ခင်ဗျားသိထားတာကို ရဲဘက်ကို ဖွင့်ပြောဖို့ပဲ… ရဲလက်ထဲ ဒီလူရောက်သွားတော့မှပဲ ခင်ဗျားဟာ သူ့ရန်က လုံခြုံတော့မှာပဲ… ဘယ့်နှယ်လဲ မော်လီ… ခင်ဗျား ဟိုညက တွေ့ခဲ့ရတာတွေကို ဖွင့်ပြောပြတော့မလား'

'အို… ကျွန်မ မပြောဘူး… ပြောစရာလည်း ဘာမှ မရှိပါဘူး… ကျွန်မ… ကျွန်မ… ဘာမှ မသိပါဘူး'

မော်လီဝိုင်းက ခေါင်းကို ခါယမ်းကာ တုန်တုန်ယင်ယင်

ကြီး ပြန်ပြောလိုက်သည်။

တင်မောင်ဆွေကတော့ သူမ၏ မျက်နှာကို စောင်းကြည့်လိုက်ကာ ပခုံးများကို တွန့်လိုက်သည်။

'ဒါကတော့ ခင်ဗျားသဘောပဲလေ... ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပေါ့၊ ဒါပေမယ့် ခင်ဗျားတစ်ခုတော့ နားလည်ထားစမ်းပါ... လောကကြီးမှာ ခင်ဗျားမရှိတော့မှသာ ဒီလူဟာ စိတ်ချလက်ချ နေသွားနိုင်မှာ၊ လူတစ်ယောက်ကို သတ်ပြီးတဲ့ လူဟာနောက်ထပ် တစ်ယောက်သတ်ဖို့ မခဲယဉ်းတော့ဘူးနော့...'

မော်လီသည် လက်ထဲက ဘရန်ဒီဖန်ခွက်ကို ပြန်၍ သတိရလာပြီး ပါးစပ်တွင်တေ့ကာ အားရပါးရ မော့ချနေသည်။

'ခင်ဗျားမို့လို့ အရက်သောက်နိုင်တယ်ဗျာ... ဒီည သိပ်ကို ပူတာပဲ...'

တင်မောင်ဆွေသည် ပြောပြောဆိုဆို ပြတင်းပေါက်ဘေးသို့ လျှောက်သွားကာ တရုတ်ကပ်လိပ်ကို ဆွဲတင်သောကြိုးကို ဖြုတ်ယူလိုက်သည်။ ပြီးနောက် ဆတ်ကနဲ ဆွဲတင်လိုက်လေသည်။

တစ်ဘက်တိုက်ခန်း ပြတင်းပေါက်မှ ကေသီမြိုင်က ကျနစွာ ချိန်ရွယ်လျက် ပစ်ထည့်လိုက်သော သေနတ်ကျည်ဆံသည် ပြတင်းပေါက်မှန်တစ်ချပ်ကို 'ခွပ်' ခနဲ ပစ်ခွဲလိုက်ရုံတင်မက စားပွဲပေါ်တွင် တင်ထားသော အရက်ပုလင်းကိုပါ လာရောက်ထိမှန်လေရာ ပုလင်းသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားတော့သည်။

မော်လီဝိုင်းသည် 'အီး...' ခနဲ တစ်ချက်အော်လိုက်ကာ ကြောက်လန့်တကြားနှင့် တင်မောင်ဆွေအား ပြေးဖက်တော့သည်။

တင်မောင်ဆွေက အလိုက်သင့် ပြန်ဖက်ထားလိုက်ရာ သူမ

၏ တစ်ကိုယ်လုံးမှာ နတ်ကျသကဲ့သို့ တဆတ်ဆတ်တုန်ယင် နေရှာသည်ကို တွေ့ရလေ၏။ တင်မောင်ဆွေသည် သူမအား ကြိတ်၍ ကရုဏာ သက်လိုက်မိသည်။ သို့ရာတွင် မတတ်နိုင်တော့။

'ကဲ… မော်လီ… မော်လီ သိထားတာတွေကို ရဲဘက်ကို ဖွင့်ပြောတော့မလား… နောက်ကျသွားလိမ့်မယ်နော်'

'ဟုတ်ကဲ့… ဟုတ်ကဲ့… ကျွန်မ ပြောပါတော့မယ်… ကျွန်မပြောပါတော့မယ်'

မော်လီသည် တင်မောင်ဆွေအား ဖက်တွယ်ထားရာက ရှိုက်ကြီးတငင် တတွတ်တွတ် ရေရွတ်နေလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

-၂၀-

စုံထောက်မှူးကြီး ကိုသောင်းဖေသည် တော်တော်ပင် စိတ်တိုနေသည်။

'ကဲ… ကိုတင်မောင်ဆွေ… မင်းအလိုကျ ငါအားလုံးလုပ်ပြီးပြီ၊ မင်းခေါ်လာတဲ့ မော်လီဝိုင်းကိုလည်း မင်းသဘောတော်ကျ သူ့ဘာသာသူ အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်း ထားလိုက်ပြီ၊ မင်းရဲ့ ကေသီမြိုင်ကလည်း ရောက်နေပြီ… ပြီးတော့ ဦးထွားမောင်ဆိုတာကိုလည်း တခြားအခန်းတစ်ခန်းထဲမှာ ငါ စောင့်ခိုင်းထားတယ်… ရီရီတင့်လည်း အဆင်သင့်ရှိနေပြီ… ဒီတော့ မင်းရှင်းပြမယ် ဆိုတာကို ငါကြားပါရစေတော့ မောင်မင်းကြီးသား မင်းပြောပြမှာက ဘာအကြောင်းလဲကွ'

တင်မောင်ဆွေသည် ပါးစပ်မှ စီးကရက်ကို ချွတ်လိုက်ကာ ကိုသောင်းဖေ၏ စားပွဲစွန်းတွင် ဝင်ထိုင်လိုက်၏။

'ကိုခြူးစိန်ဟာ… ကိုယ့်ကိုယ်ကို သတ်သေသွားတာ မဟုတ်တဲ့ အသတ်ခံရပါတယ်ဆိုတဲ့ အကြောင်းပါပဲ၊ ဒါပေမယ့် ပထမ

တစ်ခုကိုတော့ သိပါရစေဦး၊ ရီရီတင့်ကို ဖမ်းထားတာ ဘာ့ကြောင့်လဲ… သူဟာ အရေးကြီးတဲ့ သက်သေ တစ်ယောက်ဖြစ်နေတယ် ဆိုတာက ဘယ်လိုလဲ'

'လူသတ်မှုပဲပေါ့ကွ… သူဟာ အဲဒီ လူသတ်မှုမှာအရေးကြီးတဲ့ သက်သေတစ်ယောက်ပဲ၊ ဒီလူသတ်မှု တရားခံဟာလည်း ငါတို့လိုချင်နေတာ ကြာလှပြီ ဖြစ်တဲ့ လူတစ်ယောက်မို့… ရီရီတင့်ဟာ ငါတို့အတွက် သိပ်ကို အရေးကြီးနေတာပေါ့…'

ကိုသောင်းဖေက စားပွဲကို လက်နှင့်ပုတ်ကာ အားရပါးရကြီး ပြောလိုက်သည်။

'ဘယ်သူက အသတ်ခံရပြီး ဘယ်သူက သတ်သွားတာလဲဆိုတာကို ပြောစမ်းပါဦး… ကိုသောင်းဖေရာ'

'အသတ်ခံရတဲ့ ကောင်ကတော့… ပါမွှားပါ၊ စိန်ကုလားဆိုတဲ့ လူမိုက်ပဲ'

'ဩ… နို့ သတ်သွားတဲ့ လူကကောဗျာ'

'သူ့ဆရာ… ရန်လို ရှိန်းဖေပေါ့ကွ၊ ဘယ်သူရှိရဦးမှာလဲ၊ ဒီကောင်ကို ငါ့လက်ထဲ ရောက်စေချင်တာ ကြာလှပါပြီ တင်မောင်ဆွေရာ… အခုတော့ ဒီကောင် ငါ့လက်ထဲကို ရောက်လာရပြီလေ၊ ရီရီတင့်က ဒီကောင့်ကိုငါ့လက်ထဲကို အရောက်ပို့လိုက်ပြီကွ… အခုဆိုရင် ဒီကောင့်ကို ငါတို့က တစ်မြို့လုံးမှာ ပိုက်စိပ်တိုက်ပြီး လိုက်ရှာနေတာကွ'

တင်မောင်ဆွေသည် မျက်ခုံးများကို မသိမသာ ပင့်လိုက်ကာ ကိုသောင်းဖေအား ငုံ့ကြည့်လိုက်သည်။ ပေးလာသော အခြေအနေကို သူက အသုံးပြုတတ်ရပေမည်။

'ကဲ… ကိုသောင်းဖေ ခင်ဗျား ကျွန်တော့်ကို ရှေ့တံဆိပ် ပေးဖို့ကောင်းတယ်ဗျ'

'ဟော… ဘာလဲကွ၊ ငါ နားမလည်ပါဘူး'

တင်မောင်ဆွေသည် စားပွဲပေါ်မှဆင်းကာ ကုလားထိုင် တစ်လုံးတွင်ထိုင်နေသော ကေသီမြိုင့်ဘေးတွင် သွားရပ်လိုက်၏။

'ရန်လိုရှိန်းဖေ… အခု ဘယ်မှာရှိနေတယ်ဆိုတာကို ကျုပ် ခင်ဗျားကို အတိအကျပြောပြနိုင်တယ် ကိုသောင်းဖေ'

'ဟော… ဟုတ်လား… ဒီလိုဆိုရင် မြန်မြန်ပြောစမ်းကွာ၊ ဒီကောင် အခု ဘယ်မှာလဲဟင်'

ကိုသောင်းဖေက ဝမ်းသာအားရမေးသည်ကို တင်မောင်ဆွေ က လက်ကာပြလိုက်သည်။

'နေစမ်းပါဦးလေ၊ ခင်ဗျားကိစ္စကို ဆုံးအောင် ပြောစမ်း ပါဦး၊ ရန်လိုရှိန်းဖေက သူ့တပည့်စိန်ကုလားကို ဘာကြောင့်သတ် ရတာတဲ့လဲ၊ ဘယ်လိုသတ်သွားတာတဲ့လဲဗျ'

'ဒီလိုလေကွာ၊ ရီရီတင့်ဆိုတာဟာ ရှိန်းဖေရဲ့အဆက် ရှင်း ရှင်းပြောရရင် ကီပင်းဝိုက်ဖ်ဖြစ်နေတာကို မင်းတို့လည်း အသိကြ သားမဟုတ်လား၊ ဒီကြားထဲ စိန်ကုလားကလည်း ရီရီတင့်ကို သဘောကျပြီး အချောင်ဝင်နှိုက်ဖို့ ကြံနေသတဲ့'

'ဒါတော့ ဟုတ်တယ်ဗျို့… ဒီအကြောင်းကို ကေသီ တောင် သိနေသေးတာပဲမဟုတ်လား'

တင်မောင်ဆွေကလည်း သွက်လက်စွာပင် ကေသီမြိုင့်ထံ တွင် ထောက်ခံချက်တောင်းလိုက်သည်။ ကေသီမြိုင်ကလည်း ပါးနပ် သူပီပီ သွက်လက်စွာပင် ခေါင်းညိတ်၍ ထောက်ခံလိုက်၏။

'ဟုတ်ပါတယ်၊ ဒါကို ကိုရှိန်းဖေကတောင် ရိပ်မိနေတာပါပဲ'

'ဟုတ်ပြီလေ၊ ဒါနဲ့ ဒီကနေ့ညနေပိုင်းတုန်းက စိန်ကုလားဟာ အရက်တွေမူးနေပြီး ရီရီတင့်တိုက်ခန်းကို ရောက်လာတယ်တဲ့၊ အချောင်နှိုက်ဖို့ပေါ့ကွာ၊ ကန်တော့ပါရဲ့ ကေသီမြိုင်၊ အဲသလို သူရောက်လာနေတုန်း ရီရီတင့်ဆီကို ရန်ကုန်ရှိန်းဖေကလည်း ရောက်လာတော့ ပက်ပင်းမိပြီး နှစ်ယောက်သားရန်ဖြစ်ကြတာ ရှိန်းဖေက စိန်ကုလားကို တစ်ခါတည်း အသေသတ်ပစ်လိုက်တော့တာပဲ၊ ပြီးတော့ စိန်ကုလားအလောင်းကို နောက်မှ သူ့တပည့်တွေကိုလွှတ်အယူခိုင်းပြီး ဖျောက်ပစ်လိုက်မယ်လို့ ရှိန်းဖေက ရီရီတင့်ကိုမှာပြီးပြန်လစ်သွားတယ်တဲ့ကွ'

'နို့… ဒီကိစ္စကို ခင်ဗျားတို့က ဘယ်လို သိကြရတာလဲ'

'ရီရီတင့်က စိန်ကုလားကို တကယ်စွဲနေတာပဲကွ၊ ရှိန်းဖေလည်းပြန်သွားရော ရီရီတင့်က မခံမရပ်နိုင်ဖြစ်ပြီး ငါတို့ဆီကို ဖုန်းဆက်တိုင်လိုက်တော့တာပေါ့၊ အဲဒါနဲ့ ငါတို့လည်း ဟန်ကျသွားတော့တာပဲ၊ မျက်မြင်သက်သေခံတစ်ယောက်လုံး ရှိနေတော့ ခွေးမသားရှိန်းဖေ ငါတို့လက်ထဲက ဘယ်လွတ်နိုင်တော့မှာလဲကွာ၊ အရေးကြီးတာက သူ့ကို အမိဖမ်းနိုင်ဖို့ပဲ၊ ကဲ… ပြောစမ်းပါဦးကွ၊ ဒီ ကောင်ဘယ်မှာရှိနေသလဲဆိုတာ'

တင်မောင်ဆွေသည် ရုတ်တရက်ပြန်မဖြေသေးဘဲ စီးကရက်တစ်လိပ်ကို မီးညှိနေလိုက်လေသည်။ ကိုသောင်းဖေ ပြောသွားသောအကြောင်းအရာများသည် အားလုံး ဦးထွားမောင်၏ဉာဏ်ချည်းပဲ

www.burmeseclassic.com

ဖြစ်သည်ကို သူက ကောင်းစွာ နားလည်မိလေ၏။ ပြီးမှ သူသည် ကိုသောင်းဖေကို မော့ကြည့်လိုက်သည်။

'ဒီမှာ… ပထမတော့ ကျုပ် ဦးထွားမောင်နဲ့ နှစ်ယောက်တည်း စကားပြောပါရစေဦး၊ ပြီးတော့ ခင်ဗျားလက်ထဲကို ခင်ဗျားလိုချင်တဲ့ ရန်လိုရှိန်းဖေကိုကော ကိုချြူးစိန်ကို သတ်ပစ်တဲ့တရားခံကိုကော ကျုပ် အပ်ပါ့မယ်၊ ဘယ့်နှယ်လဲ'

ကိုသောင်းဖေသည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်လေသည်။ တင်မောင်ဆွေစိတ်ကို သူသည် ကောင်းစွာသိထားပြီးဖြစ်နေရာ တင်မောင်ဆွေအလိုကိုလိုက်မှပင် သူ့အလိုလည်း ပြည့်ဝတော့မည်ဖြစ်သည်ကို ကောင်းစွာ သိထားနေလေ၏။

'ကဲ… ကဲ… မင်းသဘောပါပဲကွာ၊ ဦးထွားမောင်ဆီကို မင်းကို ငါပို့ပေးပါ့မယ်၊ သိပ်တော့လည်း မကြာစေနဲ့ကွာ'

ကိုသောင်းဖေသည် ခေါင်းလောင်းကလေးတစ်ခုကို နှိပ်လိုက်ကာ ဝင်လာသောရဲကြပ်ကြီးအား တင်မောင်ဆွေကို ဦးထွားမောင်ဆီ ခေါ်သွားရန် အမိန့်ပေးလိုက်လေသည်။

ဦးထွားမောင်သည် အခန်းကလေးတစ်ခန်းထဲတွင် တစ်ယောက်တည်းထိုင်လျက် ရှိနေသည်။ ၎င်းသည် ညကြီးမင်းကြီး ထလိုက်လာရသည့်တိုင် အဝတ်အစားကိုတော့ သေသေသပ်သပ် ဝတ်ဆင်ထားလေသည်။

'ဘယ့်နှယ်… ဦးထွားမောင်… ခင်ဗျား တစ်နေ့လုံး ဘယ်ကိုမှမသွားဘူး ထင်ပါရဲ့၊ ဟုတ်စ… သက်သေတွေဘာတွေလည်း အဆင်သင့်ရှိနေပြီးရော ထင်ပါရဲ့၊ အင်း… ခင်ဗျားဟာ ဉာဏ်တော်တော်သွားတဲ့ လူပါပဲ၊ ခင်ဗျားရဲ့လူသတ်မှုကို ရှိန်းဖေ


www.burmeseclassic.com

အပေါ် ပုံချလိုက်တာကတော့ တော်တော်ယဉ်သဗျာ၊ ရီရီတင့်ကို ရှိန်းဖေသေနတ်နဲ့ စိန်ကုလားသေနတ် လဲခိုင်းခဲ့တာကလည်း တော်တော့်ကို ကောင်းတဲ့ လှည့်ကွက်ကလေးတစ်ခုပဲပေါ့၊ ဒါပေမယ့် ခင်ဗျား စဉ်းစားဖို့ ကျန်တာကရှိသေးတယ်'

'ဘာများလဲဗျ…'

'ကျွန်တော်လေဗျာ… ခင်ဗျား ပိပိရိရိဆင်ထားတဲ့ အကွက်တွေကို ကျွန်တော်တစ်ယောက်က ဖျက်နိုင်သေးတယ် ဆိုတာပါပဲ'

'ကျွန်တော်… ရီရီတင့်ကိုလည်း မှာထားပါတယ်၊ ခင်ဗျား ကျွန်တော့်ဆီကို အချိန်မရွေးလာပြီး လိုသမျှငွေကို တောင်းနိုင်ပါတယ်လို့'

ဦးထွားမောင်က တင်မောင်ဆွေကို မျက်နှာချိုသွေး၍ ပြောလိုက်သည်။

'ကျုပ်က ငွေတော့မလိုချင်ဘူး ဦးထွားမောင်၊ ခင်ဗျားဆီက အကူအညီတစ်ခုကိုတော့ လိုချင်ပါတယ်'

'ဘာအကူအညီဖြစ်ဖြစ် ပြောပါဗျာ'

'ဒီလိုလေဗျာ… စိန်ကုလားကို ခင်ဗျားကသတ်တာဆိုတာကို မျက်မြင်သက်သေအဖြစ်နဲ့ ရီရီတင့်ရှိတယ်၊ ပြီးတော့ ကျုပ်ရှိတယ်၊ ရီရီတင့်ကိုတော့ ခင်ဗျားကနိုင်တယ်၊ ကျုပ်ကိုတော့ နှုတ်ပိတ်နိုင်တဲ့နည်းတစ်နည်းပဲ ရှိတယ် ဦးထွားမောင်'

'အဲဒီနည်းကို ပြောပါလေ'

'ကျုပ်မှာလည်း အခု လူသတ်မှုတစ်ခုဖြေရှင်းဖို့ ရှိနေတယ်၊ ကိုချူးစိန်ကိစ္စပဲ၊ အဲဒီလိုဖြေရှင်းရာမှာ ခင်ဗျားရဲ့အကူအညီ လိုနေတယ်၊ တခြားမဟုတ်ဘူး၊ စင်ကာပူကို ခင်ဗျားရဲ့စက္ကရီတေရီ

 www.burmeseclassic.com 

မစိန်စိန်ကိုလွှတ်လိုက်တဲ့ကိစ္စကို ရှင်းပြဖို့ပါပဲ၊ မစိန်စိန်ကိုယ်တိုင်ကလည်း ရှင်းပြပါလိမ့်မယ်၊ ဘယ့်နှယ့်လဲ ဦးထွားမောင်၊ ခင်ဗျား သဘောတူနိုင်မယ် ထင်ပါရဲ့'

ဦးထွားမောင်သည် ဘယ်လိုမှတုံ့ဆိုင်းခြင်းမရှိဘဲ ခေါင်းညိတ်ပြလိုက်လေ၏။

'ကောင်းပါပြီ ကိုတင်မောင်ဆွေ၊ ခင်ဗျား ကတိသာ တည်ပါစေ'

'ကျုပ်ဟာ ပေးပြီးသားကတိကို ဘယ်တော့မှဖျက်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

-၂၁-

ကိုသောင်းဖေ၏ရုံးခန်းထဲသို့ ပြန်ရောက်လာလျှင် တင်မောင်ဆွေက ခပ်တည်တည်ပင် လက်ရေးတိုစာရေးတစ်ယောက်လိုချင်ကြောင်းပြောလိုက်သည်။

'လက်ရေးတိုစာရေးက ဘာလုပ်ဖို့လဲကွ'

'ကျွန်တော်ပြောတာတွေကို မှတ်ထားဖို့ပဲပေါ့ဗျ'

'ဘာအကြောင်းပြောမှာလဲ ကိုခြူးစိန်ကိစ္စလား'

'ဆိုပါတော့၊ ပထမဦးဆုံး စင်ကာပူကို ကုန်ခိုးထုတ်တဲ့ကိစ္စ... ကုန်ကလည်း ရိုးရိုးကုန်မဟုတ်ဘူး၊ မော်ဖီယားဆိုတဲ့ ယစ်မျိုးကုန်ပဲ'

'ဟေ့ကောင်... ငါက လူသတ်မှုစစ်ဆေးရေးအရာရှိကွ၊ ယစ်မျိုးဘက်က မဟုတ်ဘူး'

'ဒီမှာ ကိုသောင်းဖေ၊ ခင်ဗျား ကျုပ်ပြောတာကို နားထောင်မှာလား မထောင်ဘူးလား အဲဒါပဲပြောတော့'

ကိုသောင်းဖေသည် သက်ပြင်းကြီးတစ်ချက် ချလိုက်ကာ


www.burmeseclassic.com

ခေါင်းလောင်းတီးလျက် စတင်နီဂရပ်ဖာတစ်ယောက် လွှတ်လိုက်ရန် အမိန့်ပေးလိုက်လေသည်။

စတင်နီဂရပ်ဖာရောက်လာလျှင် ကိုသောင်းဖေက ပါးစပ် မဟတော့ဘဲ တင်မောင်ဆွေအား ပြောတော့ဟုသာ လက်ယမ်းပြ လိုက်လေ၏။

'ကဲ… ကျွန်တော် အစကပဲ စပြောပါ့မယ်၊ သေသွားတဲ့ ကိုခြူးစိန်ဟာ ကိုဝီလီဆိုတဲ့လူနဲ့ အစုစပ်လုပ်ပြီး မြန်မာပြည်က ယွန်းထည်နဲ့ တခြားလက်မှုပညာပစ္စည်းတွေကို စင်ကာပူကို ထွက် ကုန်အဖြစ်နဲ့ တင်ပို့ဖြန့်ချိတဲ့အလုပ် လုပ်ခဲ့ကြတယ်၊ ကိုဝီလီက ဒီကနေပြီး ပို့ရမယ့်ပစ္စည်းတွေကို စုဆောင်းတယ်၊ ပြီးတော့ စင်ကာပူ ကို တင်ပို့ပေးတယ်၊ ကိုခြူးစိန်က စင်ကာပူကနေပြီး ဒီပစ္စည်းတွေ ကို လက်ခံဖြန့်ချိပေးတယ်၊ ကိုခြူးစိန်ဆီမှာ မော်လီဝိုင်းဆိုတဲ့ လက် ထောက်တစ်ယောက်ရှိတယ်၊ သူကလည်း အစုစပ်ဝင်တစ်ဦးပါပဲ'

လက်ရေးတိုစာရေးသည် တင်မောင်ဆွေပြောသမျှကို တကုပ်ကုပ်လိုက်၍ ရေးမှတ်နေသည်။

ကိုသောင်းဖေကတော့ စိတ်ဝင်စားမှု ဘယ်လိုမှ မပြသေး ချေ။

'ကိုခြူးစိန်ကတော့ လူရိုးလူဖြောင့်ကြီးတစ်ယောက်ပါပဲ၊ သူက အလုပ်ကို ရိုးရိုးနဲ့မှန်မှန်လုပ်တယ်'

ဟု တင်မောင်ဆွေက ဆက်ပြောပြန်သည်။

'ဒါပေမယ့် ကိုဝီလီကတော့ လူရိုးမဟုတ်ဘူး၊ မရိုးဆို တော် တော်လည်တဲ့လူပဲ၊ သူဟာ သူတို့ရဲ့ယွန်းထည်အိတ်(စ)ပို့လုပ်ငန်း ကို အကြောင်းပြပြီး ဒုစရိုက်လုပ်ငန်းနဲ့ စီးပွားထပ်ရှာပြန်တယ်၊

စင်ကာပူက ဒုစရိုက်ဂိုဏ်းတွေနဲ့ဆက်ပြီး စင်ကာပူကို ကုတ်ကင်းတို့၊ မော်ဖီယားတို့ဆိုတဲ့ ယစ်မျိုးဆေးတွေကို တိတ်တိတ်ကလေး ပို့ပေးနေတယ်၊ ဒီလို ပို့ပေးနေတာကို ကိုခြူးစိန်တစ်ယောက်က ဘာမှမသိရှာဘူး၊ ဒါပေမယ့် သူ့လက်ထောက် မော်လီဝိုင်းကတော့ ကိုဝီလီရဲ့လူသက်သက်ပဲ၊ ကိုဝီလီရဲ့လူသက်သက်ဆို... သူက ကိုဝီလီကို တစ်ဖက်သတ်စွဲနေပြီး ကိုဝီလီ ခြယ်လှယ်တာကို ခံနေရတဲ့ လူပဲကလား'

'နေစမ်းပါဦးကွ၊ ဒါတွေကို မင်းက ဘယ်လိုလုပ် သိရတာလဲ'

ကိုသောင်းဖေက ကြားဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

'ခင်ဗျားဆီကို ကျုပ် ညဦးကယူလာခဲ့တဲ့ မော်ဖင်းပုလင်းကလေးတွေဟာ ကျုပ် ဘယ်ကရခဲ့တယ် ထင်သလဲ၊ ကိုဝီလီရဲ့ ကုန်တိုက်ထဲက စင်ကာပူကိုတင်ပို့ဖို့ ယွန်းသေတ္တာကလေးတွေထဲက ရှာတွေ့လာခဲ့တာပဲ ကိုသောင်းဖေ၊ ဒီကကိစ္စပြီးရင် ခင်ဗျားကို ကျုပ် ခေါ်သွားပေးပါ့မယ် ကိုသောင်းဖေ'

ကိုသောင်းဖေသည် တော်တော်ပင် ကျေနပ်သွားပုံရတော့သည်။

'မင်း ပြောတဲ့ ဆရာဝန်လေးယောက်ကိစ္စကကော'

'အဲဒါက ဒီလိုဗျ၊ ဒီဆရာဝန်လေးယောက်ရဲ့ နာမည်နဲ့ လိပ်စာစာရင်းကို ကျွန်တော်က ကိုဝီလီရဲ့တိုက်ခန်းထဲကနေ တွေ့ခဲ့ရပါတယ်၊ ဒီလေးယောက်ရဲ့စာရင်းတင် မကပါဘူး၊ သီဟာဆေးတိုက်ဆိုတာတောင် ပါသေးတယ်၊ ဒါနဲ့ ကျွန်တော်လည်း ဆရာဝန်တွေကို လျှောက်စုံစမ်းကြည့်တော့ အားလုံးသေခဲ့ပြီဆိုတာကို သိရ

တယ်၊ သီဟဆေးတိုက်ဆိုတာကလည်း အမှန်တော့ နာမည်သာ ရှိတော့တာကိုလည်း တွေ့ခဲ့ရတယ်လေ'

'အင်း… အင်း.. ငါ သိပါပြီကွာ၊ ကိုဝီလီဟာ ဒီဆရာဝန်တွေရဲ့နာမည်တွေနဲ့ သီဟဆေးတိုက်နာမည်ကို အသုံးပြုပြီး သူလိုချင်တဲ့ မော်မင်းတို့၊ ကုတ်ကင်းတို့ဆိုတဲ့ ယစ်မျိုးဆေးတွေရတဲ့ လမ်းကို ထွင်ခဲ့တာပေါ့ ဟုတ်လား'

'မှန်ပါတယ်၊ ကဲ… ကဲ… အခုလောလောဆယ်တော့ ကျွန်တော်ပြောတာကို ရပ်ထားပြီး ဟောဒီက ဦးထွားမောင်က ပြောပါဦးမယ်၊ ဦးထွားမောင်ပြောပြီးရင် သူ့စက္ကရီတေရီမစိန်စိန်နဲ့ ကိုထွန်းရီဆိုတာတို့က ပြောပါဦးမယ်၊ သူတို့အားလုံးကပဲ ကျွန်တော့်ကို ထောက်ခံကြပါလိမ့်မယ်'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## -၂၂-

ဦးထွားမောင်သည် အစစအရာရာတွင် ကျွမ်းကျင်ကောင်းလှသူ ဖြစ်လေသည်။

သူသည် စုံထောက်ရဲမှူးကြီး ကိုသောင်းဖေရှေ့တွင် ခပ်တည်တည်ပင်ထိုင်ကာ သူ ပြောစရာရှိသည်တို့ကို ခပ်တည်တည် ကြီးပင် ပြောချမိနေ၏။

'ကိုဝီလီဆိုတဲ့လူဟာ ကျွန်တော့်ဆီကို တစ်ခါမှာ ရောက်လာခဲ့ပါတယ်၊ သူရောက်လာတဲ့ကိစ္စကတော့ သူ့ရဲ့ယစ်မျိုးဆေးခိုးထုတ်နေတဲ့လုပ်ငန်းမှာ ကျုပ်ရဲ့အကူအညီကို လာတောင်းတာပါပဲ၊ သူ့လက်ရှိလုပ်နေတဲ့ ကိစ္စတွေကိုလည်း အားလုံး ထုတ်ပြောပြခဲ့တယ်၊ မော်ဖင်းတို့ ကုတ်ကင်းတို့ကို သူ့အနေနဲ့ ဆရာဝန်လေးယောက်နဲ့ သီဟဆေးတိုက်နာမည်နဲ့ လိုသလောက်ရနိုင်တဲ့အကြောင်းတွေပေါ့ခင်ဗျာ၊ သူက တစ်ခုပဲချန်ထားခဲ့တယ်၊ သူ့ကိစ္စထဲမှာ သူ့ပါတနာကိုခြူးစိန်ဆိုတာက ဘယ်လိုမှမပတ်သက်တဲ့အကြောင်းပါပဲ'


www.burmeseclassic.com

www.burmeseclassic.com

'သူ ခင်ဗျားဆီကိုလာတာက ဘာကိစ္စနဲ့လဲ'

'ကုတ်ကင်းနဲ့မော်ဖီယားတွေကို ကျုပ်က ရှာပေးနိုင်ရင် သူက ပြန်ပေးနိုင်တဲ့အကြောင်းပေါ့ဗျာ၊ သူက ကျွန်တော့်ကို ဒီ အလုပ်တွေလုပ်နေတယ်လို့ ထင်နေရှာတယ်ဗျ'

ဦးထွားမောင်က တစ်စက်ကလေးမှ ဣန္ဒြေမပျက်ဘဲ ခပ် တည်တည်ပင် ထိုစကားများကို ပြောနေရာ တင်မောင်ဆွေက မပြုံး မိစေရန် မနည်းကြီးဣန္ဒြေဆည်ထားရလေသည်။

'ကျွန်တော်ကလည်း သူ့ကို ကြည့်ကောင်းအောင်ပြောပြီး ပြန်လွှတ်လိုက်တယ်၊ ဒါပေမယ့် ကျွန်တော့်စက္ကရီတေရီ မစိန်စိန်ဆိုတာ က ကိုချိုးစိန်ရဲ့ မိတ်ဆွေကောင်းကြီးတစ်ယောက်ပဲ၊ ဒါနဲ့ မစိန်စိန် ကို ကျွန်တော်က ဒီအကြောင်းကိုပြောပြတော့ မစိန်စိန်က ဒီအထဲမှာ ကိုချိုးစိန် မပါနိုင်တဲ့အကြောင်းကိုပြောပြတယ်၊ ဒါနဲ့ ကျွန်တော် ကလည်း မစိန်စိန်ကို စင်ကာပူကိုလွှတ်ပြီး ကိုချိုးစိန်ကို သူ့ပါတနာ ကိုဝီလီ ကလိမ်ကျနေတဲ့အကြောင်းတွေ သွားပြောပြဖို့ လွှတ်လိုက် ပါတယ်'

ဤနေရာတွင် တင်မောင်ဆွေက စကားကိုပင် ဖြတ်လိုက် လေသည်။

'ကဲ... ဒီနေရာမှာ မစိန်စိန်ဝင်ပြောဖို့ အချိန်ကျပါပြီ၊ သူ့ကို အခေါ်လွှတ်လိုက်ပါ ကိုသောင်းဖေ၊ ကိုထွန်းရီဆိုတဲ့လူကိုပါ ခေါ်လာပါ၊ သူတို့က လင်မယားဗျ'

စိန်စိန်နှင့်ကိုထွန်းရီတို့သည် မကြာခင် ရောက်လာကြ သည်။ ကိုသောင်းဖေကပင် သူမအား ဦးထွားမောင်က စင်ကာပူ သို့လွှတ်လိုက်သည့် ကိစ္စအကြောင်း ပြောပြရန် ခိုင်းလိုက်သည်။


www.burmeseclassic.com

'ကျွန်မ အထူးအထွေပြောပြနေစရာ မလိုပါဘူးရှင်၊ ကျွန်မဟာ အစ်ကိုကြီးဦးထွားမောင်က ခိုင်းတဲ့အတိုင်းပဲ စင်ကာပူကိုသွားပြီး ကိုချြူးစိန်နဲ့တွေ့ခဲ့တယ်၊ တွေ့ပြီး ကျွန်မက ကိုချြူးစိန်ကို ကိုဝီလီ့အကြောင်းတွေအားလုံးကို ပြောပြလိုက်တာပါပဲ၊ ပြီးတော့ ကျွန်မပြန်လာခဲ့တာပေါ့'

'ခင်ဗျားက အဲဒီလိုပြောပြလိုက်တော့ ကိုချြူးစိန်က ဘာတွေများ ပြောသေးသလဲဗျ'

'ထူးထူးထွေထွေ မပြောပါဘူး၊ သူ ရန်ကုန်ကို လိုက်လာပြီး ဒီကိစ္စတွေကို ဖြေရှင်းပါ့မယ်လို့ ပြောလိုက်တာပါပဲ'

'ကျွန်တော် ဆက်ပြောပါစေ ခင်ဗျာ'

ဟု ဦးထွားမောင်က ဝင်ပြောလိုက်ပြန်သည်။ ပြီးလျှင်ဆက်၍-

'ကျွန်တော်ဟာ မစိန်စိန် ပြန်လာပြီးတော့ ကိုဝီလီကိုခေါ်ပြီး ကိုချြူးစိန်ဆီကို ကျွန်တော်က သူကလိမ်ကျနေတွေကို ပြန်ပြောပြီးတဲ့အကြောင်းကို ပြန်ပြောလိုက်တော့ ကိုဝီလီ မျက်စိမျက်နှာတွေပျက်ပြီး ပြန်သွားတော့တာပါပဲ၊ နောက်ကျတော့ ကိုချြူးစိန်ဟာရန်ကုန်ကိုရောက်လာတယ်၊ တနင်္လာနေ့မှာ ကိုချြူးစိန်ဟာ ကျွန်တော့်ကိုဖုန်းဆက်တော့ ကျွန်တော်က ဗုဒ္ဓဟူးနေ့မှာတွေ့ကြဖို့ ချိန်းလိုက်တယ်၊ သူက တစ်ခါတည်း ပေါ်မလာတော့ဘူးဗျ'

'သူ ပေါ်မလာတာက သူဟာ အင်္ဂါနေ့ညမှာ အသတ်ခံခဲ့ရလို့ပဲပေါ့ဗျာ'

'ကဲ... ကဲ... ကိုချြူးစိန်ဟာ အသတ်ခံရတယ်ဆိုရင်ဘယ်သူက သတ်သွားတာလဲကွ'

ကိုသောင်းဖေက စိတ်မရှည်သလို မေးလိုက်ခြင်းဖြစ်ရာ တင်မောင်ဆွေက ခပ်သွက်သွက်ပင် ပြန်ဖြေလိုက်၏။

'ဘယ်သူက သတ်ရမှာလဲဗျာ၊ ပါတနာကိုဝီလီပဲ ရှိတော့တာပေါ့'

တစ်ခန်းလုံးတွင် ခေတ္တမျှတော့ တိတ်ဆိတ်သွားလေသည်။ ပြီးမှ ကိုသောင်းဖေသည် ထိုင်ရာမှထကာ တင်မောင်ဆွေ့ရှေ့သို့ လျှောက်လာသည်။

'နေစမ်းပါဦး တင်မောင်ဆွေရာ၊ ကိုခြူးစိန် ဘယ်လိုသေနေတယ်ဆိုတာကို မင်းအသိပဲ၊ သူဟာ ကျွန်ဆံတစ်တောင့်တည်း ပစ်ပြီးသားသေနတ်ကို လက်မှာကိုင်လို့သေနေတယ်၊ ပြီးတော့ သူရှိနေတဲ့အခန်းရဲ့ တစ်ခုတည်းသောတံခါးကိုလည်း အထဲကနေ ကန့်လန့်ချပြီး အလုံပိတ်ထားတယ်၊ ထားလိုက်ဦး၊ အဲဒီအခန်းဟာလည်း ပြတင်းပေါက်တွေနဲ့တံခါးမကြီးကိုပါ အတွင်းကနေ ကန့်လန့်ချ အလုံပိတ်ထားတဲ့တိုက်ကြီးထဲမှာ ရှိနေတယ်၊ ဒီတော့ကာ ကိုဝီလီဟာ ဘယ်လိုဘယ်ပုံ ကိုခြူးစိန်ကိုသတ်ပြီး အဲဒီတိုက်ထဲက ထွက်သွားနိုင်ခဲ့တယ်ဆိုတာကို တဆိတ် ရှင်းစမ်းပါဦး'

'ဒီမှာ ကိုသောင်းဖေ၊ ခင်ဗျားဆီမှာ ကိုခြူးစိန်ရဲ့ ပေဟာ်တယ်ခန်းထဲက ရှာသိမ်းလာတဲ့ ရက်ချိန်းပြက္ခဒိန်စာအုပ်ကလေး ရှိတယ်မဟုတ်လား၊ အဲဒါ ထုတ်ခဲ့စမ်းပါဗျာ'

တင်မောင်ဆွေက တောင်းလိုက်သည်ကို ကိုသောင်းဖေ ထုတ်ပေးလိုက်ရာ တင်မောင်ဆွေက ပြက္ခဒိန်စာအုပ်ကလေးကို ထောင်ပြလျက်-

'တွေ့လား၊ အင်္ဂါနေ့ မနက် ၁၀ နာရီမှာ ကိုထွန်းရီနဲ့

ပထမဦးဆုံးတွေ့ဖို့ သူက ချိန်းထားပစ်ခဲ့တယ်၊ အဲဒါ ခင်ဗျားကို သူ လာတွေ့ခဲ့သလား ကိုထွန်းရီ'

ကိုထွန်းရီက ခေါင်းညိတ်၍ ထောက်ခံလိုက်လျှင် တင်မောင်ဆွေက ဆက်လက်၍-

'အဲဒီနေ့ည ၁၁ နာရီမှာတော့ အလုပ်ကိစ္စ ချိန်းထားတာ ရှိတယ်လို့ ကိုခြူးစိန်က ရေးထားပြန်တယ်၊ အဲဒါဟာ ကိုဝီလီနဲ့ တွေ့ဖို့ သူက ချိန်းထားတာပဲ၊ အလုပ်ကိစ္စဆိုတော့ အလုပ်တိုက်မှာ ချိန်းတွေ့ကြတာပေါ့ဗျာ၊ ဒီလိုချိန်းထားတာကို ကိုဝီလီနှုတ်နဲ့လည်းကောင်း၊ မော်လီဝိုင်းကိုပေးခဲ့တဲ့ စာအရလည်းကောင်း ဝန်ခံထားပြီး ပြီပဲ၊ ပြီးမှ သူက ကိုခြူးစိန်ပေါ်မလာခဲ့ဘူးဆိုတယ်၊ အဲဒီစာကလည်း ခင်ဗျားဆီမှာပဲရှိတာ မဟုတ်လား'

ကိုသောင်းဖေက ခေါင်းညိတ်ကာ ကိုဝီလီ၏စာကို ဖိုင်တွဲ တစ်ခုထဲမှ ထုတ်ယူဖတ်ကြည့်နေသည်။ ပြီးမှ-

'ဟုတ်ပြီ ဆက်စမ်းပါဦးကွာ၊ မင်းက အဲဒီညမှာ ကိုခြူးစိန်ဟာ ကိုဝီလီနဲ့တွေ့ခဲ့ရတယ်ပေါ့ ဟုတ်လား'

'မှန်ပါတယ်... ဒီစာကို သူက ကျွန်တော်တို့ကို တမင်သက်သက် လှည့်စားဖို့ရေးထားခဲ့တာပဲ၊ ဘာကြောင့်ဆိုတာကို ကျွန်တော် ရှင်းပြပါ့မယ်၊ တနင်္လာနေ့နဲ့ အင်္ဂါနေ့မှာ သူဟာ ပဲခူးမှာ ရှိနေတယ်ဆိုပေမယ့် ကိုခြူးစိန်နဲ့တွေ့ဖို့ကိုတော့ သူ ကားနဲ့ ပြန်လာနိုင်တာပါပဲ'

'ကဲ... လိုရင်းကိုဆိုစမ်းပါကွာ'

'လိုရင်းကတော့ ကိုဝီလီဟာ တနင်္လာနေ့မှာ ကိုခြူးစိန်နဲ့ ဖုန်းကနေ စကားပြောတယ်ဆိုတာ မှန်ပေတဲ့ ရန်ကုန်ကိုလိုက်လာ

ပြီး ရှာခဲ့တယ်ဆိုတာကတော့ မှားတယ်ဗျ၊ သူတို့က ဖုန်းကနေပြီး အင်္ဂါနေ့ည ၁၁ နာရီမှာ အလုပ်တိုက်မှာတွေ့ကြဖို့ ချိန်းထားလိုက်ကြတာပဲ၊ ဒါကြောင့်မို့လို့သာ ကိုချြူးစိန်က သူ့ဒိုင်ယာရီပြက္ခဒိန်မှာ ရေးထားတာပေါ့၊ ကိုချြူးစိန်ဟာ အဲဒီညမှာ ချိန်းထားတဲ့အလုပ်တိုက်ကို စောစောရောက်သွားတယ်၊ ဒါနဲ့ သူက အလုပ်တိုက်တံခါးဝကနေထွက်ပြီး ကိုဝီလီကိုစောင့်နေခဲ့တယ်၊ အလုပ်တိုက်တံခါးမကြီးကို သူ့မှာပါလာတဲ့သော့နဲ့ ဖွင့်ပြီး အလုပ်တိုက်ထဲကိုဝင် သူ့မှာပါလာတဲ့သော့ကို အလုပ်တိုက်ထဲမှာရှိနေတဲ့ အထူးရုံးခန်းထဲက စားပွဲပေါ်မှာချလို့ ပြန်ထွက်လာတာပေါ့'

'သူ့မှာ ပိုက်ဆံ ၂၂ သေနတ် ပါလာတယ်၊ ဒါကလည်း သူ့အကာအကွယ်အတွက် ယူလာတာပဲ၊ ကိုဝီလီ သူ့အပေါ် ကလိမ်ကျနေတာတွေကို ထုတ်မေးရမှာဆိုတော့ ကိုဝီလီက သူ့ကို ရန်ရှာရင် ကာကွယ်ဖို့ပေါ့ဗျ'

'ဒီအတောအတွင်းမှာ ကိုဝီလီဟာ ပဲခူးကနေရန်ကုန်ကို ကားနဲ့လာပြီး မော်လီဝိုင်းကို ဝင်ခေါ်တယ်၊ ပြီးတော့မှ အလုပ်တိုက်ကိုသွားကြတော့ အလုပ်တိုက်အပြင်မှာ ရပ်စောင့်နေတဲ့ ကိုချြူးစိန်နဲ့တွေ့ကြရတာပေါ့'

တင်မောင်ဆွေသည် ထိုနေရာတွင် စကားရပ်ထားလိုက်ကာ မော်လီဝိုင်းအားခေါ်ခဲ့ရန် ပြောလိုက်သည်။

မော်လီဝိုင်းရောက်လာလျှင် တင်မောင်ဆွေက ကိုချြူးစိန်သေသည့်ညက အဖြစ်အပျက်တွေကိုပြောပြရန် အမိန့်ပေးလိုက်သည်။

'ကိုဝီလီဟာ ကျွန်မကို အဲဒီညက ၁၁ နာရီထိုးပြီးစ

ကလေးမှာ လာခေါ်ပါတယ်၊ ပြီးတော့ သူက ပင်ပန်းလာလို့ ကျွန်မက သူ့ကားကိုမောင်းပြီး လန်ကပ်စကာလမ်းက အလုပ်တိုက်ကို သွားကြပါတယ်'

'သွားတော့ ကိုချြူးစိန်နဲ့တွေ့ကြရသလား'

ကိုသောင်းဖေက ဝင်မေးလိုက်ခြင်းဖြစ်၏။

'တွေ့ရပါတယ်၊ သူတို့နှစ်ယောက်ဟာ တိုက်တံခါးဝအပြင်နားမှာရပ်ပြီး စကားပြောနေကြပါတယ်၊ ပြီးတော့ သူတို့နှစ်ယောက် ရန်ဖြစ်ကြပြီး ကိုဝီလီက ကိုချြူးစိန်ကို စထိုးပါတယ်၊ ဒါနဲ့ ကိုချြူးစိန်က သူ့သေနတ်ကလေးကိုထုတ်ပြီးချိန်တော့ ကိုဝီလီက သေနတ်ကိုဝင်လုရင်း ကျည်ဆံထွက်သွားတော့တာပဲ'

'ကိုချြူးစိန်လည်း ငါ့ကို ကျည်ဆံထိပြီလို့အော်ပြီး တိုက်ထဲကိုဝင်ပြေးပြီး တံခါးကြီးကို ပိတ်ပစ်လိုက်တယ်၊ ကိုဝီလီက တံခါးထုပြီးဖွင့်ခိုင်းတာ မရတော့ဘူး၊ အထဲက ကန့်လန့်ချပစ်လိုက်တယ်၊ ဒါနဲ့ ကိုဝီလီက ကားပေါ်ကိုပြန်တက်ပြီး ဟော်တယ်ကို ပြန်အမောင်းခိုင်းပါတယ်၊ ဟော်တယ်ကျတော့ ကိုဝီလီက ဒီည သူမလာဘူးလို့ ဘယ်သူမေးမေးပြောဖို့ ကျွန်မကိုမှာပြီး ဟိုစာကလေးကို ရေးပေးသွားတာပါပဲ၊ ကျွန်မလည်း သိပ်ကြောက်နေပြီး ဘာလုပ်ရမှန်း မသိတော့ပါဘူး'

မော်လီဝိုင်းသည် စကားမဆက်နိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ တဟင့်ဟင့် ငိုကြွေးနေလိုက်လေသည်။ ဤတွင် တင်မောင်ဆွေက ဆက်၍ရှင်းပြရ၏။

'အဲဒါပါပဲ ကိုသောင်းဖေ၊ ကိုချြူးစိန်ဟာ သူ့ဗိုက်ကို သေနတ်မှန်တော့ ကြောက်အားလန့်အားနဲ့ အလုပ်တိုက်ထဲကို ဝင်

ပြေးပြီး အတွင်းကနေ ကလန့်ချပိတ်ထားလိုက်တယ်၊ ကိုဝီလီ လိုက် လာမှာကို ကြောက်လို့ပေါ့၊ လက်ထဲမှာတော့ သူ့သေနတ်ကလေး ပါသွားတယ်၊ ကျည်ဆံက ပွိုင့် ၂၂ ဆိုတော့ သွေးဆိုလို့ မထွက် သလောက်ဘဲ၊ ရုတ်တရက်လည်း မသေဘူး၊ ကိုခြူးစိန်ဟာ ရုံးခန်း ထဲကိုဝင်ပြီး ရုံးတံခါးကိုလည်း အတွင်းကနေ ကလန့်ချ ပိတ်ထား လိုက်တယ်'

'ပြီးတော့မှ အကူအညီတောင်းရအောင် ဖုန်းကိုလှမ်းအကိုင် အသက်ထွက်သွားရှာတာပေါ့၊ ရှင်းပလား ကိုသောင်းဖေ'

ကိုသောင်းဖေသည် ငိုနေသော မော်လီဝိုင်းကို လှမ်းကြည့် ပြီး ခေါင်းကိုညိတ်လိုက်သည်။

'အေးလေ၊ မျက်မြင်သက်သေကိုယ်တိုင်က ပြောနေတော့ လည်း ရှင်းရတော့တာပေါ့ဗျာ၊ ကဲ... ကဲ... ကိုဝီလီကိုဖမ်းဖို့ပဲ ရှိတော့တာပေါ့၊ အခု သူက ဘယ်မှာလဲ'

'သူ့အလုပ်တိုက်မှာ ကျွန်တော် ကြိုးနဲ့တုပ်ထားခဲ့ပါတယ်၊ ခင်ဗျား သွားခေါ်ယူရုံပါပဲ'

'ဟော... ဟန်ကျတာပေါ့၊ နို့... ဟိုအကောင် ရှိန်းဖေ ရှိတဲ့နေရာကိုကော မင်း သိတယ်ဆိုကွ၊ သူက ဘယ်မှာလဲ'

'သူလည်း ကိုဝီလီနဲ့အတူတူပါပဲ'

တင်မောင်ဆွေသည် ကိုဝီလီ၏ အလုပ်တိုက်တွင် ရှိန်းဖေ နှင့်တွေ့ဆုံဖြစ်ပျက်ခဲ့ရပုံတွေ အားလုံးကို ဖွင့်ပြောပြလိုက်တော့ သည်။

ကိုသောင်းဖေက တင်မောင်ဆွေအား ဘယ်လိုမှ အပြစ် မတင်ဘဲ–


www.burmeseclassic.com

'အေး… ရှိန်းဖေလိုလူမျိုးကို မင်း ပစ်သတ်လိုက်ရတာ မင်းအတွက် ဆုရဖို့တောင်ကောင်းပါသေးတယ်ကွာ၊ ဒီကိစ္စမှာ မင်း အပြစ် မရဖို့ ငါ တာဝန်ယူတယ်ဟေ့'

ဟု ကိုသောင်းဖေက အားရပါးရကြီး ပြောလိုက်လေသည်။

စုံထောက်ဌာနချုပ်မှ တင်မောင်ဆွေသည် ကေသီမြိုင်နှင့် အတူပြန်လာသည့်အခါတွင်ကား ည ၁၂ နာရီကျော်နေပြီ ဖြစ်လေ၏။

ကေသီမြိုင်သည် တင်မောင်ဆွေ့အား သူမ၏ကားကြီးနှင့် တင်ကာ သူမ၏ဟော်တယ်သို့ ခေါ်ဆောင်သွားလေ၏။

လမ်းတွင် တင်မောင်ဆွေက ရန်လိုရှိန်းဖေအား ရီရီတင့် နှင့် ဦးထွားမောင်တို့က ဂျောက်ချခြင်းအကြောင်းကို ရှင်းပြလိုက်သည်။

'ဒီလိုဆို ဦးထွားမောင်ဟာ စိန်ကုလားကို သတ်မှုအတွက် ဘယ်လိုမှ အပြစ်ဒဏ်မခံရတော့ဘူးပေါ့ ကိုဆွေ'

'ဒီလိုလည်း ဘယ်ဟုတ်မလဲ ကေသီရယ်၊ စိန်ကုလား ကိစ္စကို ကိုဆွေက ရဲဘက်ကို ဖွင့်မပြောပေမယ့် သူတို့လောကက သက်ဆိုင်ရာလူတွေရဲ့နားကို ရောက်သွားအောင်တော့ သတင်းပို့ခိုင်း လိုက်ပါ့မယ်၊ အဲဒီအခါကျတော့ စိန်ကုလားရဲ့လူတွေက ဦးထွား မောင်ကို ကြည့်ရှင်းကြမှာပေါ့ကွယ်'

တင်မောင်ဆွေသည် ထိုညက ကေသီမြိုင်၏ဟော်တယ် မှာပင် အိပ်စက်ရလေ၏။

နောက် ကိစ္စအားလုံး ရှင်းလင်းသွားလျှင်ကား ကေသီမြိုင်

www.burmeseclassic.com


ရော စိန်စိန်ပါ ကိုချြုးစိန်၏ အသက်အာမခံလျော်ကြေးငွေနှစ်ဆစီ ကို ရကြရာ ကိုထွန်းရီက တင်မောင်ဆွေထံသို့ ငွေနှစ်ထောင်တန် ချက်လက်မှတ်တစ်စောင် ပို့လိုက်လေ၏။

မိုးဝေ

၁၂.၂.၆၂


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com